# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

**ပုံနှိပ်မှတ်တမ်း**

----------

ပြန်ကြားရေးဝန်ကြီးဌာန
စာအုပ်အမှတ်စဉ် ( ၉၄ /၂၀၂၂ )

**ထုတ်ဝေသည့်ခုနှစ်**
၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ

**ထုတ်ဝေသည့်အကြိမ်**
ပထမအကြိမ်

**အုပ်ရေ**
၁၅၀၀ အုပ်

**ပုံနှိပ်**
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ )

# မာတိကာ


- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ် ၅
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ် ၆

**မိန့်ခွန်းများ**

၁။ (၇၅)နှစ်မြောက် စိန်ရတုဆေးတပ်ဖွဲ့နေ့အခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၇

၂။ (၂၆) မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၁၁

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရန်ကုန်မြို့ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးစဉ်ပြောကြားသည့်အမှာစကား ၁၃

၄။ ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပြောကြားသည့်အမှာစကား ၁၉

၅။ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၏ အရှေ့တောင်ဘက် ၅ မိုင်ခန့်အကွာရှိ ပျူမြို့ဟောင်းများအနက် အကြီးဆုံးဖြစ်သည့် သရေခေတ္တရာမြို့ဟောင်း ကမ္ဘာ့အမွေအနှစ်ဒေသသို့သွားရောက်၍ ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၂၄

၆။ ပြည်တပ်နယ်နှင့် ပန်းတောင်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံ ပြောကြားသည့်အမှာစကား ၂၆

၇။ မြန်မာ့ဆန်စပါးညီလာခံ -၂၀၂၂ ဖွင့်ပွဲအခမ်းအနားတွင်ပြောကြားသည့်အမှာစကား ၂၈

၈။ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၂) တွင် ပြောကြားသည့်အမှာစကား ၃၅

၉။ မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း ဦးဆောင်သည့် ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ညှိနှိုင်းခန်းမဆောင်၌တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးပြောကြားသည့်အမှာစကား ၄၀

၁၀။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ချုပ်ဆိုခြင်း (၇) နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်း ၄၂

၁၁။ ပြင်ဦးလွင်တပ်နယ်ရှိ တက္ကသိုလ်များနှင့် လေ့ကျင့်ရေးကျောင်းများ၏ လေ့ကျင့်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့်အမှာစကား ၄၇

၁၂။ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ မော်လမြိုင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံပြောကြားသည့်အမှာစကား ၅၁

၁၃။ ဘားအံမြို့၊ ဇွဲကပင်အားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှုနှင့် ဘားအံမြို့နှင့် မော်လမြိုင်မြို့တို့ရှိ တပ်မတော်ဆေးရုံများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား ၅၄

၁၄။ ကရင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်း ရှင်များအား ဘားအံမြို့ ဇွဲကပင်ခန်းမ၌ တွေ့ဆုံ၍ ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည့်အမှာစကား ၅၆

၁၅။ မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင် များအား မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ တွေ့ဆုံ၍ ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည့်အမှာစကား ၆၀

၁၆။ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၆၆

၁၇။ ၂၀၂၂ ခုနှစ်၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၇၀

၁၈။ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအားတွေ့ဆုံ၍ ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည့်အမှာစကား ၇၂


■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ် – ၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၉) ရပ်

## ၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး၊

( ဂ ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက် လိုက်နာ ကျင့်သုံးရေး၊

## ၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

( ခ ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊

( ဂ ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

## ၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

( ခ ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊

( ဂ ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# (၇၅) နှစ်မြောက် စိန်ရတုဆေးတပ်ဖွဲ့နေ့အခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၁ - ၁၀ - ၂၀၂၂ )




(၇၅) နှစ်မြောက် စိန်ရတုဆေးတပ်ဖွဲ့နေ့အခမ်းအနားကို အောက်တိုဘာလ ၁ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့သည် လွတ်လပ်ရေးကြိုးပမ်းမှုကာလကတည်းက မြန်မာ့တပ်မတော်နှင့်အတူ ပေါက်ဖွားလာခဲ့ပြီး သမိုင်းအစဉ်အလာကြီးမားစွာ ရပ်တည်လာခဲ့သည့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၏ (၇၅) နှစ်မြောက် စိန်ရတုဆေးဝန်ထမ်းတပ်ဖွဲ့နေ့အခမ်းအနားဖြစ်ကြောင်း၊ စိန်ရတုတိုင်အောင် ခေတ်အဆက်ဆက် ကောင်းမြတ်သည့် အစဉ်အလာများကို လက်ဆင့်ကမ်းထိန်းသိမ်းလာသည့် ဆေးဝန်ထမ်းတပ်ဖွဲ့အတွက် အလွန်ဂုဏ်ယူဖွယ်ရာနေ့ထူး၊ နေ့မြတ်ဖြစ်သည်ဟု ဦးစွာပြောကြားလိုကြောင်း။

အောင်ဆန်း-အက်တလီ စာချုပ်အရ လွတ်လပ်ရေး ရရန် နီးကပ်လာသည့်အချိန်၌ လွတ်လပ်ပြီးစ မြန်မာနိုင်ငံအတွက် ဆေးတပ်ဖွဲ့တစ်ခုကို စနစ်တကျဖွဲ့စည်းရန် လိုအပ်လာခဲ့ပါကြောင်း၊ ထို့ကြောင့် ၁၉၄၇ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် မြန်မာ့တပ်မတော် ဆေးဘက်ညွှန်ကြားရေးမှူးရုံးကို စတင်ဖွဲ့စည်းတည် ထောင်ခဲ့ကြကြောင်း၊ ထိုကဲ့သို့ မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိရေး ကြိုးပမ်းခဲ့သည့် မြန်မာ့တပ်မတော်အတွက် စတင်ဖွဲ့စည်းခဲ့တဲ့ ဆေးဘက်ညွှန်ကြားရေးမှူးရုံး ဖွင့်လှစ်သည့်နေ့ကို ဆေးဝန်ထမ်းတပ်ဖွဲ့နေ့အဖြစ် သတ်မှတ်ခဲ့ပြီး စတင်ဖွဲ့စည်းခဲ့သည့်နေ့မှ စတင်ရေတွက်လိုက်မည်ဆိုပါက ယနေ့သည် နှစ်ပေါင်း ၇၅ နှစ် တင်းတင်းပြည့်ခဲ့သည့် စိန်ရတုဆေးဝန်ထမ်းတပ်ဖွဲ့နေ့ဖြစ်သည့်အတွက် အင်မတန်ဂုဏ်ယူစရာကောင်းသည့် နေ့ထူးနေ့မြတ်ကြီး တစ်ခုဖြစ်သည်ဟု ပြောရမည်ပင်ဖြစ်ကြောင်း။

**ကျရာကဏ္ဍမှ ထမ်းဆောင်ခဲ့ကြ**

ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် လွတ်လပ်ရေးကြိုးပမ်းမှုကာလများတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့်နည်းတူ လွတ်လပ်ရေးရပြီး ကာလများတွင်လည်း တိုင်းပြည်တာဝန်ကို ကျရာကဏ္ဍမှထမ်းဆောင်ခဲ့ကြသည်ကို သမိုင်းတစ်လျှောက် သာဓကများစွာတွေ့မြင်ကြရမည်ဖြစ်ပါကြောင်း။

တပ်မတော်၏ စစ်ဆင်ရေးများဖြစ်သည့် အင်းစိန်တိုက်ပွဲ၊ တရုတ်ဖြူကျူးကျော်မှုမှစ၍ စစ်ဆင်ရေးများအထိ တိုက်ပွဲပေါင်း၊ စစ်ဆင်ရေးပေါင်းများစွာ၌လည်း ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များသည် စွမ်းစွမ်းတမံ ကျေပွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည်ကို မြင်တွေ့ခဲ့ကြရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ကြရာတွင် ဗိုလ်ကြီးသူရမွန်ထော်သက်ညွန့်ကဲ့သို့ တိုင်းပြည်အတွက် စွန့်လွှတ်စွန့်စား ဆောင်ရွက်ခဲ့ကြသည့် ထူးချွန်သူပေါင်းများကိုလည်း ဆေးတပ်ဖွဲ့သမိုင်းတစ်လျှောက်တွင် များစွာတွေ့မြင်ခဲ့ရပြီးဖြစ်ပါကြောင်း။

ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအနေဖြင့် စစ်မြေပြင် ဆေးအကာအကွယ်ပေးရေးတာဝန်များသာမက အရာရှိစစ်သည်များ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက်ကိုလည်း တပ်မတော်ဆေးရုံများတွင် ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရပါကြောင်း။

တပ်မတော်ဆေးရုံများကို အဆင့်မြှင့်တင်ခဲ့ရာတွင် ယခုအချိန်၌ ကျောက်ကပ်အစားထိုးကုသနိုင်သော ဆေးရုံလေးရုံ၊ အသည်းအစားထိုးကုသပေးနိုင်သော ဆေးရုံတစ်ရုံ၊ နှလုံးသွေးကြောရောဂါရှာဖွေခြင်းနှင့် သွေးကြောချဲ့ကုသနိုင်သော ဆေးရုံလေးရုံ၊ နှလုံး ခွဲစိတ်ကုသနိုင်သော ဆေးရုံနှစ်ရုံနှင့် ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါကုသ နိုင်သော ဆေးရုံသုံးရုံတို့ ရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အတွက် ယခုအခါတွင် တပ်မတော်အနေဖြင့် နှလုံးနှင့် ဦးနှောက်ခွဲစိတ်ကုသခြင်း၊ နှလုံးသွေးကြောအား Stent ထည့်ကုသခြင်း၊ နှလုံးခုန်နှုန်းထိန်းညှိစက်ထည့်သွင်းခြင်း၊ ကျောက်ကပ်အစားထိုးလဲလှယ်ခြင်း၊ ရင်ခေါင်းခွဲစိတ်ကုသခြင်း စသည့်အဆင့်မြင့် ပြုစုကုသမှုများကို နိုင်ငံတကာနည်းတူ ဆောင်ရွက်လာနိုင်သည်ကိုလည်း ဝမ်းမြောက်ဖွယ်ရာမြင်တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် မကြာသေးမီက မြန်မာ့တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့၏ သမိုင်းမှတ်တိုင်တစ်ခုအနေဖြင့် ပထမဆုံးအကြိမ် အသည်းအစားထိုးကုသမှုကို အောင်မြင် စွာဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် လွန်စွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း မှတ်တမ်းတင်ပြောကြားလိုပါကြောင်း။

**မရှိသလောက်ဖြစ်နေ**

ထိုကဲ့သို့ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ယခုအခါတွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်ပါက တပ်မတော်အနေဖြင့် လက်လှမ်းမမီသည့်ဒေသ၊ လက်လှမ်းမမီသည့် ကုသမှုအမျိုးအစားများ မရှိသလောက်ဖြစ်နေပြီဟု ဆိုရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်ခြင်းသည် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းအားထုတ်မှု၊ လက်ဆင့်ကမ်း ပညာအမွေများ ပေးခဲ့ကြသည့် ဆေးပညာရှင်ကြီးများ၏ ကျေးဇူးများကြောင့်ပင်ဖြစ်ပါကြောင်း၊ ထို့အတွက် ဂုဏ်ယူဝမ်းမြောက် ကျေးဇူးတင်ရှိပါကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် ထိုကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် လိုအပ်သည့် ဆရာဝန်၊ သူနာပြုများကို မွေးထုတ်နိုင်ရေးကိုလည်း လွတ်လပ်ရေးရပြီးစကာလကပင် ကြိုးပမ်းခဲ့သည်ကို တွေ့ရပါကြောင်း၊ အထင်ရှားဆုံးမှာ တပ်မတော်တစ်ရပ်လုံး၌ရှိသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၏ လေ့ကျင့်သင်ကြားမှုများကို ဆောင်ရွက်နိုင်ရေးအတွက် ၁၉၅၂ ခုနှစ်တွင် ဆေးဘက်ဌာနချုပ်နှင့် လေ့ကျင့်ရေးတပ်ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ ထိုတပ်သည် နောင်အခါတွင် ဗဟိုဆေးတပ်အမည်ဖြင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၏လေ့ကျင့်ရေးကို နှစ်ပေါင်းများစွာ ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၅ ခုနှစ်၌ တပ်မတော်ဆေးဘက်ဆိုင်ရာ ပညာသင်ကျောင်းအနေဖြင့် ပြောင်းလဲဖွဲ့စည်းပေးခဲ့ပြီး ဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

တပ်မတော်အတွက်လိုအပ်သည့်ဆရာဝန်နှင့်သူနာပြုများကို မွေးထုတ်ပေးနိုင်ရေးကိုလည်း ဆေးဝန်ထမ်းတပ်ဖွဲ့သည် ခေတ်အဆက်ဆက်ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကိုတွေ့ရှိရပါကြောင်း၊ စစ်ပညာသာမကဆေး သိပ္ပံပညာများကိုပါ ကျွမ်းကျင်သည့် စစ်သူနာပြုများကို မွေးထုတ်နိုင်ရေးအတွက် စစ်သူနာပြုသင်တန်းတပ်ဆွယ် (Nurses Training Wing) ကို ၁၉၅၉ ခုနှစ်၌ အမှတ်စဉ် ၁ ဖွင့်လှစ်ခဲ့ပြီး စုစုပေါင်း အမှတ်စဉ် ၁၆ အထိ ဖွင့်လှစ်နိုင်ခဲ့သည်ကိုလည်း တွေ့ရပါကြောင်း၊ အလားတူ ဆေးဝန်ထမ်းတပ်ဖွဲ့အတွက် လိုအပ်သည့်ဆရာဝန်များကိုရရှိ

နိုင်ငံရေး ပြည်သူ့စစ်မှုထမ်း (ဆေးမှူး) ဆရာဝန် {National Service (Medical Officer)}သင်တန်းကိုလည်း ဖွင့်လှစ်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ထိုကဲ့သို့ နည်းလမ်းမျိုးစုံဖြင့် လူ့စွမ်းအားအရင်းအမြစ်များကို ဖြည့်ဆည်းပေးလျက်ရှိရာမှ ၁၉၉၇ ပြည့်နှစ်နောက်ပိုင်း၌ တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်တို့ကို အဆင့်ဆင့်ဖွင့်လှစ်ပြီး ဆေးဝန်ထမ်းတပ်ဖွဲ့အတွက် မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင်ပေးနိုင်ပြီဖြစ်ပါကြောင်း။

**အလေးအနက်ထားယုံကြည်**

ထိုကဲ့သို့ လူငယ်မျိုးဆက်သစ်များကို ပြုစုပျိုးထောင်ပေးနိုင်ခြင်းသည် ခေတ်မီတပ်မတော် (Standard Army) တည်ဆောက်ရေးအတွက် အရေးကြီးဆုံးဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်ကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်သကဲ့သို့ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်သည့်နေရာ၌လည်း များစွာအထောက်အကူပြုလျက်ရှိသည်ဟုလည်း ဆိုရမည်ဖြစ်ကြောင်း၊ ထို့အပြင် တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်များမှ မွေးထုတ်ပေးလိုက်သည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် ဆေးဝန်ထမ်းတပ်ဖွဲ့၏ အနာဂတ်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်သွားကြမည့်သူများဖြစ်သည်ကိုလည်း အလေးအနက်ထားယုံကြည်ပါကြောင်း။

ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထုအပါအဝင် တပ်မတော်သားများနှင့် မိသားစုဝင်များကို ကျန်းမာရေးစောင့်ရှောက်မှုပေးသည့်အခါတွင် သာမန်အချိန်များ၌သာမက သဘာဝဘေးအန္တရာယ်ကျရောက်သည့် အချိန်များ၌လည်း ရှေ့တန်းမှပါဝင်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် နာဂစ်နှင့် ဂီရိဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ပြီးသည့်နောက် ပြည်သူများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ၊ တာလေလျောင်နှင့် မိုးသည်းထန်မှုကြောင့် ရေဘေးကြုံတွေ့ရသည့် ဒေသခံများကိုလည်း ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် **"စေတနာ အကြင်နာ ဘေးကင်းကွာ"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှု၊ ရောဂါကာကွယ်မှုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြပါကြောင်း။

**ကိုယ်ကျိုးမဖက် ဆောင်ရွက်ပေးခဲ့**

ဆေးဝန်ထမ်းတပ်ဖွဲ့၏ ထူးခြားချက်တစ်ခုမှာ စစ်ဆင်ရေးနယ်မြေသို့ရောက်သည့် အခါတိုင်းတွင် ဒေသအတွင်းရှိ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကိုယ်ကျိုးမဖက်ဆောင်ရွက်ပေးခဲ့ခြင်းပင်ဖြစ်ပါကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် ဆေးရုံ၊ ဆေးတပ်ရင်းများတွင် ဒေသခံပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးနေသည့်နည်းတူ နိုင်ငံတဝှမ်းရှိ ပြည်သူလူထုကို ပြည့်စုံလုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက် နယ်လှည့်ဆေးကုသမှု လုပ်ငန်းများကိုလည်း ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် တိုးမြှင့်ပြီးအင်တိုက်အားတိုက်ဆောင်ရွက်လာခဲ့ပါကြောင်း။

တပ်မတော် ဆေးရုံ/ဆေးတပ် ၆၇ ခုနှင့် ကိုဗစ်ကုသမှုစင်တာ ၅၄ ခုတို့ကို ဖွင့်လှစ်ပြီး ပြည်သူလူထုကိုလည်း ကုသမှုများပေးနိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ထိုသို့ကုသပေးခဲ့ရာတွင် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့အထိ ကိုဗစ်အတည်ပြုလူနာ သံဃာတော် ၁,၅၀၅ ပါး၊ သီလရှင် ၁၀၈ ပါး၊ အရပ်သား ၁၆,၀၅၄ ဦးနှင့် နိုင်ငံခြားသား ၁၃၅ ဦး၊ စုစုပေါင်း ၁၇,၈၀၂ ဦးကို ပြုစုစောင့်ရှောက်မှုပေးနိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများ၏ လိုအပ်ချက်အရ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များကို လွှဲပြောင်းတာဝန်ပေးနိုင်ခဲ့သည်ကိုလည်း ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရပါကြောင်း။

ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် တပ်ဖွဲ့အတွင်းပညာရပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်

> **ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် လွတ်လပ်ရေးကြိုးပမ်းမှုကာလများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် နည်းတူ လွတ်လပ်ရေးရပြီး ကာလများတွင်လည်း တိုင်းပြည်တာဝန်ကို ကျရာကဏ္ဍမှထမ်းဆောင်ခဲ့ကြသည်ကို သမိုင်းတစ်လျှောက် သာဓကများစွာ တွေ့မြင်ကြရမည်ဖြစ်။**

ရှိသည့်နည်းတူ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ပြီး ပညာရပ်ပိုင်းဆိုင်ရာ အတွေ့အကြုံများ၊ နည်းပညာများ မြင့်မားလာစေရေး ဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်သည့် အခါတွင် အာဆီယံအပါအဝင် နိုင်ငံတကာအဖွဲ့စည်းများ နှင့် အင်တိုက်အား တိုက်ပူးပေါင်းဆောင်ရွက်နေကြောင်း၊ ထို့အပြင် အပြည်ပြည်ဆိုင်ရာ စစ်ဘက်ဆေးတက္ကသိုလ် များညီလာခံ (International Conference of Military Medical Schools – ICMMS)နှင့် နိုင်ငံတကာ စစ်ဘက် ဆေးပညာဆိုင်ရာကော်မတီ (International Committee of Military Medicine–ICMM) များသို့လည်း တက်ရောက် ပြီး နိုင်ငံတကာရှိ စစ်ဘက်ဆေးပညာဖွံ့ဖြိုးတိုးတက်မှု များနှင့် စဉ်ဆက်မပြတ်ရေး ရည်မှန်းကြိုးပမ်းဆောင်ရွက် လျက်ရှိသည်ကိုလည်း မြင်တွေ့ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင်ရှိသည့် ဆေးတပ်ဖွဲ့များနှင့် ချစ်ကြည် ရင်းနှီးမှုများရရှိလာစေရန်အတွက် ရုရှားနိုင်ငံတွင် နှစ်စဉ် ကျင်းပလျက်ရှိသည့် ဆေးတပ်ဖွဲ့စွမ်းရည်ပြိုင်ပွဲများကို လည်း ၂၀၁၈ ခုနှစ်မှစပြီး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိ သည်ကို တွေ့ရကြောင်း၊ လတ်တလောအနေဖြင့် ၂၀၂၂ ခုနှစ်၊ ရုရှားနိုင်ငံမှာ ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံတကာ အားကစားပြိုင်ပွဲ (International Army Game)တွင် ဆေးတပ်ဖွဲ့စွမ်းရည်ပြိုင်ပွဲ (Medical Rally) အသင်း အနေဖြင့် ပြိုင်ပွဲဝင်အသင်း ၁၆ သင်းရှိသည့်အနက် အဆင့် (၄) နေရာရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့သည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း။

**“ကျန်းမာ ကြံ့ခိုင် တိုက်နိုင်ရန်”** ဟူသည့် ဆေးတပ် ဖွဲ့၏ ဆောင်ပုဒ်နှင့်အညီ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ သည် တပ်မတော်သားများ အစဉ်ထာဝရကြံ့ခိုင်ပြီး တိုက် စွမ်းရည်များပြည့်ဝနေစေရန် ဆောင်ရွက်ကြရသည့် တပ်ဖွဲ့ တစ်ခုပင်ဖြစ်ပါကြောင်း၊ တပ်မတော်သားများအပြင် မိသားစုဝင်များကို နေရာဒေသမရွေး၊ အချိန်အခါမရွေး၊ အဆင့်အတန်းမရွေးပြည့်စုံလုံလောက်သော ကျန်းမာရေး စောင့်ရှောက်မှုပေးရန် တာဝန်လည်းရှိသည်ဟု ပြောလို ပါကြောင်း၊ တပ်မတော်ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များသည် ၇၅ နှစ်တာကာလအတွင်း တပ်မတော်တွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့်အတွက် တပ်မတော်ရွှေရတုတံဆိပ် ရရှိခဲ့သူ (၇၇၂)ဦး၊ တပ်မတော်စိန်ရတု တံဆိပ်ရရှိခဲ့သူ (၂,၆၀၃)ဦး ရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ထို့အပြင် ဆေး ဝန်ထမ်းတပ်ဖွဲ့အတွင်း နိုင်ငံ့ဂုဏ်ရည်ဘွဲ့၊ လွတ်လပ် ရေး မော်ကွန်းဝင်တံဆိပ်၊ စည်သူဘွဲ့၊ ဇေယျကျော်ထင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့နှင့် သိပ္ပကျော်စွာဘွဲ့များ အပါအဝင် နိုင်ငံတော်အဆင့် ထူးချွန်ဘွဲ့တံဆိပ်ရရှိခဲ့သူပေါင်း ၁၅၂ ဦး ရှိခဲ့သည်ကိုလည်း လေ့လာတွေ့ရှိရပါကြောင်း။

**ဂုဏ်ပြုအသိအမှတ်ပြု**

ထို့ကြောင့် နိုင်ငံတော်၏လိုအပ်သည့် အချိန်တိုင်း တွင်လည်းကောင်း၊ တပ်မတော်သားများနှင့် မိသားစု ဝင်များ၏ကျန်းမာရေးစောင့်ရှောက်မှု၊ ကာကွယ်ကုသမှု များကို ဆောင်ရွက်ရာတွင်လည်းကောင်း၊ ၇၅ နှစ်တာ ကာလအတွင်း စွမ်းစွမ်းတမံ ထမ်းရွက်ခဲ့ကြသည့်အတွက် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် ဆေးမှူး၊ ပါရဂူများနှင့် သူနာပြု များအားလုံးကို ဂုဏ်ပြုအသိအမှတ်ပြုပါကြောင်းကို အလေးထားပြောကြားလိုကြောင်း။

မြန်မာ့တပ်မတော်၏ ဆေးဝန်ထမ်းတပ်ဖွဲ့သည် လွတ်လပ်ရေးကြိုးပမ်းမှုကာလကတည်းက တပ်မတော် နှင့်အတူ ပေါက်ဖွားလာသည့် တပ်ဖွဲ့တစ်ခုဖြစ်ပါကြောင်း၊ ခေတ်အဆက်ဆက်တွင်လည်း ဆေးတပ်ဖွဲ့ဝင်များသည် တိုင်းပြည်နှင့် လူမျိုးအကျိုး၊ တပ်မတော်၏အကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြပြီးဖြစ်ကြောင်း၊ ဆေး ဝန်ထမ်းတပ်ဖွဲ့အတွင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် သူများသည် ပေးအပ်လာသည့်တာဝန်များကို ဦးလည် မသုန်ထမ်းရွက်နိုင်ခဲ့ကြသည်ကိုလည်း ၇၅ နှစ်တာကာလ အတွင်း၌ အကြိမ်ကြိမ်သက်သေပြခဲ့ပြီးဖြစ်ကြောင်း။

**လက်ဆင့်ကမ်းနိုင်ရေး**

ရှေ့ဆက်၍လည်း ယင်းအစဉ်အလာကောင်းများကို နောင်လာနောက်သားတို့အား လက်ဆင့်ကမ်းနိုင်ရေး ကြိုးပမ်းကြပြီး စိန်ရတုကာလပြည့်မြောက်ခဲ့သည့် တပ်မ တော်ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် မာကျောကျစ်လစ် ခိုင်မာပြီး တန်ဖိုးရှိသည့်ဆေးဝန်ထမ်းတပ်ဖွဲ့အဖြစ် ထိန်း သိမ်းကာ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ယခုထက် မက ပိုမိုဆောင်ရွက်နိုင်ကြပါစေကြောင်းနှင့် ဆေးဝန်ထမ်း တပ်ဖွဲ့ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် တည်တံ့ပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

■ ■ ■

# (၂၆) မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၁ - ၁၀- ၂၀၂၂ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေ၊ မြို့တော်ဝန် ဦးဘိုငွေးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအနီးရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း (၂၆)မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကိုသွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာမြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဟန်ဇော်တို့က (၂၆)မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်နှင့် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်တို့ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ နို့စားနွား၊ အသားတိုးနွား၊ ဒေသနွားမွေးမြူထားရှိမှုနှင့် နွားစာမြက်စိုက်ခင်းများ စိုက်ပျိုးထားရှိမှု၊ ကျောက်စိမ်းဖီးကြမ်းငှက်ပျော စိုက်ပျိုးထားရှိမှု၊ အရိပ်ရလေကာပင် မန်ကျည်းရှား စိုက်ပျိုးထားရှိမှု၊ ရော်ဘာပင်များ စိုက်ပျိုးထားရှိမှုနှင့် အရွယ်ရောက်ပြီး ရာဘာပင်များအား ၂၀၂၁-၂၀၂၂ အစေးခြစ်ရာသီတွင် စမ်းသပ်အစေးခြစ်ဆောင်ရွက်ခဲ့သည့်အခြေအနေများ၊ သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း ကာကီကင်းဘဲ၊ ဒေသဥစားဘဲများ မွေးမြူထားရှိမှု၊ ငါးမျိုးစုံမွေးမြူထားရှိမှုအခြေအနေများ၊ မွေးမြူရေးဇုန်များ၌ အစာစပ်လုပ်ငန်းနှင့် အစာတောင့်စက်များ ထုတ်လုပ်လျက်ရှိမှု၊ နို့ထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းချလျက်ရှိမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်နှင့်အညီ စိုက်ပျိုးမွေးမြူရေးဇုန်များအလိုက် ထုတ်ကုန်ပစ္စည်းများကို တပ်မတော်သားမိသားစုဝင်များနှင့် ပြည်သူလူထုသို့ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြို့တော်ဝန်တို့နှင့် ရန်ကုန်တိုင်းဒေသကြီး၏ စားရေလိုအပ်ချက်များကို အသေးစိတ်မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကိုမှာကြားရာတွင် ရန်ကုန်တိုင်းဒေသကြီး၏ လူဦးရေနှုန်းထားနှင့် တစ်နေ့လျှင် လိုအပ်မည့် အသား၊ ငါးနှင့် ဥ

အမျိုးမျိုး၊ ဟင်းသီးဟင်းရွက်လိုအပ်ချက်ကို တွက်ချက်၍ လိုအပ်ချက်များပြည့်မီစွာစားသုံးနိုင်ရေး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးမွေးမြူရေးဇုန်များမှ ပြည့်ဝစွာ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရမည်ဖြစ်ကြောင်း၊ မွေးမြူရေးဇုန်များကိုလည်း ရန်ကုန်မြို့တော်စည်ပင်သာယာပြင်ပမြို့နယ်များတွင် ထပ်မံတိုးချဲ့သွားရန်လိုကြောင်း၊ ရေဝေတီတိုင်းနှင့် ပဲခူးတိုင်းမှစီးဝင်မှုများနှင့်လည်း မထိခိုက်အောင် ချိန်ဆဆောင်ရွက်ရန်လိုကြောင်း၊ အစိုးရ၊ တပ်မတော်တို့ အပြင် ပုဂ္ဂလိကစိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကိုလည်း အားပေးရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းအတွက် လျှပ်စစ်၊ ရေနှင့် မွေးမြူရေးအစာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး တာဝန်ရှိသူများကဆောင်ရွက်ပေးရန်လိုကြောင်း၊ ရန်ကုန်မြို့နေ ပြည်သူလူထုများ အသား၊ ငါးနှင့် ဥအမျိုးမျိုးတို့ကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စားသုံးမှုလိုအပ်ချက်ကို ပြည့်မီအောင် ဒေသတွင်းမှထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်မှလည်း တတ်နိုင်သည့်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတော်အနေဖြင့်လည်း ဆက်လက်ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ကာ မွေးမြူရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံငွေများကို ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို သိပ္ပံနည်းကျကျစ်ကျစ်လျစ်လျစ် စနစ်တကျဖြင့်ဆောင်ရွက်ပြီး ထုတ်လုပ်မှုများပိုမိုတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း။

လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို ဆိုလာစနစ်ဖြင့် ထုတ်ယူနိုင်ရေး ဆောင်ရွက်ရန်လိုပြီး ရရှိလာသည့် လျှပ်စစ်ဓာတ်အားဖြင့် မွေးမြူရေးခြံများအတွက် လျှပ်စစ်ဓာတ်အားပေးစနစ်ဆောင်ရွက်ပေးနိုင်မည်ဖြစ်သကဲ့သို့ အခြားသောအုပ်ချုပ်မှုလုပ်ငန်းများအတွက်လည်း အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ အသားတိုးနွားများနှင့် ဒေသမျိုးရင်းနွားများ မွေးမြူမှုကို သီးခြားစီဆောင်ရွက်ရန်လိုပြီး အစာကျွေးမွေးမှုမှအစ စနစ်တကျဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နွားစာမြက်စိုက်ခင်းများအပြင် ပြောင်းကိုလည်းစိုက်ပျိုး၍ရနိုင်ပြီး ပြောင်းပင်များကို ပြောင်းချဉ်ဖတ်ပြုလုပ်၍ တိရိစ္ဆာန်အစာအတွက်အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ (၂၆)မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်၏ မူလအဓိကရည်ရွယ်ချက်သည် ပြည်တွင်းရာဘာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးဖြစ်သည့်အတွက် ရာဘာထုတ်ကုန်စက်ရုံများ၏လိုအပ်ချက်များ ပြည့်မီစေရေး ရည်မှန်းချက်ထား ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဇုန်အတွင်း ရာဘာစိုက်ပျိုးရန် သတ်မှတ်ပေးထားသည့်မြေနေရာများ၌ ရာဘာကိုသာ အတတ်နိုင်ဆုံးစိုက်ပျိုးရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘဲမွေးမြူရေးနှင့်ပတ်သက်၍ ဥထွက်ရှိမှုပမာဏ၊ ဥသည့် အချိန်ကာလတို့ကို စနစ်တကျတွက်ချက်ချိန်ညှိ၍ အသုတ်လိုက်မွေးမြူသည့်စနစ်ဖြင့် စဉ်ဆက်ပြတ်မှုမရှိစေရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဘဲမွေးမြူရေးလုပ်ငန်းများကို ယခုထက်ပိုမိုအောင်မြင်စေရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် သုတေသနပြုဆောင်ရွက်၍ ဒေသမျိုးရင်းဘဲများကိုလည်း ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးဇုန်မှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို ဈေးကွက်လိုအပ်ချက်အပေါ်မူတည်၍ ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် (၂၆)မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်အတွင်းလှည့်လည်၍ နို့စားနွား၊ အသားတိုးနွား မွေးမြူထားရှိမှု၊ အစာစက်စက်ရုံနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်နေမှုများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

■ ■ ■

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရန်ကုန်မြို့ရှိ ဇေယျာသီရိဗိမာန်ညှော်ခန်းမဆောင်၌ တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည့်အမှာစကား

( ၃ - ၁၀- ၂၀၂၂ )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အောက်တိုဘာလ ၃ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရန်ကုန်မြို့ရှိဇေယျာသီရိဗိမာန်ညှော်ခန်းမဆောင်၌တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လုပ်ငန်းရှင်များ၏ တင်ပြချက်များနှင့် ပတ်သက်၍ ဖြည့်စွက်ပြောကြားရာတွင် ဆီထွက်သီးနှံများ စိုက်ပျိုးမှုနှင့်ပတ်သက်၍ မြေ၊ ရေနှင့် လူ့စွမ်းအားအရင်းအမြစ်များရှိပြီးဖြစ်ပြီး အမှန်တကယ်အလုပ်လုပ်ရန်လိုအပ်လျက်ရှိကြောင်း၊ ဆီထွက်ကုန်များအနက် မြေပဲသီးနှံတစ်ခုသာလျှင်အထွက်နှုန်းကောင်းမွန်ပြီး အခြားဆီထွက် သီးနှံများမှာ ပန်းတိုင်အထွက်နှုန်း ရည်မှန်းချက်မပြည့်မီသည်ကို တွေ့ရကြောင်း၊ ဆီထွက်သီးနှံများအား ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်းပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းဆီထုတ်လုပ်မှု တိုးတက်လာမည်ဖြစ်ကြောင်း၊ ဆီအုန်းစိုက်ပျိုးရေးနှင့် ပတ်သက်၍ ဆီအုန်းမှထွက်ရှိလာသည့် ဆီများကိုစားသုံးဆီသာမက စက်မှုလုပ်ငန်းများတွင်လည်း အသုံးပြုကြကြောင်း၊ ဆီအုန်းစိုက်ပျိုးမှုကို ပြည့်ဝစွာ စိုက်ပျိုးမှုမရှိသည့်အတွက် ဆီထုတ်လုပ်မှု နည်းပါးနေခြင်းဖြစ်ကြောင်း၊ ပြည်တွင်းဆီလိုအပ်ချက် ပြည့်မီဖူလုံစေရေးအတွက် လိုအပ်သည်များကို နိုင်ငံတော်မှဖြည့်ဆည်းပေးသွားမည်ဖြစ်သည့်အတွက် ဆီထွက်သီးနှံစိုက်ပျိုးသည့်လုပ်ငန်းရှင်

များနှင့် ဆီထုတ်လုပ်သူများ အနေဖြင့်လည်း အမှန်တကယ် အလုပ်လုပ်ကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတောင်သူ၊ လုပ်ငန်းရှင်များနှင့် အစိုးရတို့ ပေါင်းစပ်ဆောင်ရွက်သွားမည်ဆိုပါက မကြာမီကာလအတွင်း ပြည်တွင်းဆီလိုအပ်ချက်ကို ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ **စားသုံးဆီကို ပြည်ပမှ တင်သွင်းနေရသူ (Importer) အဖြစ်မှ ပြည်တွင်း၌ ပိုလျှံသည်အထိ ထုတ်လုပ်၍ ပြည်ပသို့ ပြန်လည်တင်သွင်းသူ (Exporter) အဖြစ်ထိ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။**

အသေးစားနှင့် အငယ်စား စက်မှုလုပ်ငန်းများသည် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အဓိကရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပြည်ပပို့ကုန်အခွင့်အလမ်းရရှိရေးအတွက် ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ကိုဗစ်ကာလချေးငွေများ နိုင်ငံတော်သို့ ပြန်လည်ပေးဆပ်ရန် အခက်အခဲများဖြစ်ပေါ်နေမှုအတွက် ကာလတစ်ခုသတ်မှတ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံငွေများ ရရှိရေးအတွက်လည်း ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း၊ သို့သော်လည်း နိုင်ငံတော်အနေဖြင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရင်းနှီးမြှုပ်နှံနိုင်ရန် ငွေကြေးများ ထုတ်ချေးပေးထားခြင်းဖြစ်သဖြင့် အမှန်တကယ်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုပြီး ပြန်လည်ပေးဆပ်ရမည့်ကာလအတွင်း ပြည့်မီအောင် ပြန်လည်ပေးသွင်းနိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်သို့ပေးသွင်းရမည့် အခွန်အခများကိုလည်း အပြည့်အဝပေးသွင်းရန်လိုကြောင်း၊ လာမည့်ဘတ်ဂျက်ကာလများတွင် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေအတွက် ထည့်သွင်းလျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှရရှိရန်ကျန်ရှိသည့် ချေးငွေများ ပြန်လည်ရရှိမည်ဆိုပါက ချေးငွေများကို ပိုမိုပြည့်ဝစွာ ထပ်မံထုတ်ချေးပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်တွင်းလည်ပတ်သုံးစွဲငွေများ ရှိပြီးဖြစ်ပြီး စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့်ချေးငွေများကိုလည်း အတတ်နိုင်ဆုံးထုတ်ပေးသွားမည်ဖြစ်ကြောင်း။

MSME လုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးအတွက် နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ပုဂ္ဂလိကအနေဖြင့်လည်း လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ နေရောင်ခြည်စွမ်းအင်နှင့် လေအားတို့ကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်ရန်လိုပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအတွက်လိုအပ်သည့် ဒီဇယ်ဆီများကို ဈေးနှုန်းသက်သာစွာဖြင့်ဝယ်ယူနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင် နိုင်ငံတော်အနေဖြင့် ဈေးကွက်စီးပွားရေးစနစ်နှင့် ပါတီစုံဒီမိုကရေစီစနစ်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး အစိုးရမှမူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ လုပ်ငန်းရှင်များအနေဖြင့်လည်း လိုအပ်ချက်များကို မိမိတို့ကိုယ်တိုင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် အခြေခံလိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများအတွက် မြေနေရာလိုအပ်မှုကို နိုင်ငံတော်မှမြေနေရာများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးမြေများပေါ်တွင် စက်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက သီးနှံထွက်နှုန်း နည်းပါးသွားမည်ဖြစ်ကြောင်း၊ စားရေးအတွက် အဓိက လိုအပ်ချက်ဖြစ်သည့် မြေနေရာများကိုမူ ခွင့်ပြုပေး၍ ရနိုင်မည်မဟုတ်ဘဲ မြေလွတ်မြေရိုင်းများပေါ်တွင် စက်မှုလုပ်ငန်းဆောင်ရွက်နိုင်ရေး နိုင်ငံတော်မှ ခွင့်ပြုပေးလျက်ရှိကြောင်း။

မွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော်လည်း စနစ်ကျသည့်မွေးမြူမှုမှာ နည်းပါးကြောင်း၊ မွေးမြူရေးထွက်ကုန်များမှာ ပြည်တွင်း၌ လိုအပ်ချက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများသို့လည်း တင်ပို့ရောင်းချ၍ရကြောင်း၊ မွေးမြူရေးကုန်ကြမ်းများအားလုံး ပြည်တွင်း၌ လုံလောက်စွာ ရှိပြီးဖြစ်သော်လည်း အရည်အသွေးပြည့်မီရန်လိုနေသေးကြောင်း၊ မွေးမြူရေးကို မိရိုးဖလာ မွေးမြူရေးထက် စနစ်ကျနသည့် မွေးမြူရေးဖြစ်ရန်လိုကြောင်း၊

စိုက်ပျိုးရေးလုပ်ငန်းများအတွက် သွင်းအားစုဖြစ်သည့် မျိုးကောင်းမျိုးသန့်များရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပတင်သွင်းနေရမှုများရှိသကဲ့သို့ ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့်လည်း မျိုးကိုကိုယ်တိုင်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း၊ နိုင်ငံတော်မှလည်း မျိုးကောင်းမျိုးသန့်များရရှိရေးအတွက် စနစ်တကျဆောင်ရွက်

လျက်ရှိကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရရှိရေးအတွက် သုသေသနပြုဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေလုံလောက်စွာရရှိရန်လိုအပ်သကဲ့သို့ သွင်းအားစုများဖြစ်သည့် ပိုးသတ်ဆေးများ၊ ဓာတ်မြေသြဇာများ လုံလောက်စွာရရှိရန်လိုကြောင်း၊ ပြည်တွင်း၌ လိုအပ်လျက်ရှိသည့် ဓာတ်မြေသြဇာများရရှိရေး နိုင်ငံတော်မှကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ရာဘာထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ရာဘာအထွက်နှုန်းများ ကောင်းမွန်ရေးနှင့် အရည်အသွေးပြည့်မီသည့် ရာဘာကုန်ကြမ်းများရရှိအောင် နည်းပညာများအသုံးပြု၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ပမှ ရာဘာ တရားမဝင်တင်သွင်းမှုများကို ထိရောက်စွာထိန်းချုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းသည် ရန်ကုန်တိုင်းဒေသကြီးတွင်ရှိသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်နိုင်မည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးအဖြေရှာနိုင်ရေး တွေ့ဆုံဆွေးနွေးရခြင်းဖြစ်ကြောင်း၊ လုပ်ငန်းရှင်များ၏ တင်ပြချက်များအား ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးများအနေဖြင့်လည်း သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးပြောကြားခဲ့ကြောင်း။

**လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်**

တင်ပြမှုများတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ်တွင် ကောက်ခံခဲ့သည့် လူဦးရေသန်းခေါင်စာရင်းအရ အဆင့်မြင့်ပညာတတ်မြောက်သူဦးရေမှာ နည်းပါးနေသည်ကို တွေ့ရှိရကြောင်း၊ လူသားအရင်း အမြစ်များမွေးထုတ်ရေးအတွက် ပညာတတ်များပေါများအောင်လိုအပ်သဖြင့် ပညာရေးကို အလေးထားအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်မှ အတန်းပညာများ သင်ယူနိုင်ရေးအတွက် ကျောင်းများဖွင့်လှစ်ပေးထားပြီးဖြစ်ပြီး ကျောင်းတက်ရောက်၍ပညာသင်ယူရန်မှာကျောင်းသူ၊ကျောင်းသားများနှင့် မိဘများတွင် တာဝန်ရှိကြောင်း၊ အတန်းပညာတတ်မြောက်မှသာလျှင် အတတ်ပညာကို သင်ယူရာ၌ လွယ်ကူမည်ဖြစ်ပြီး ဘဝရပ်တည်မှုကို မြင့်မားစေမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာပညာရပ်များအလိုက် လုပ်ငန်းခွင်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အလားတူပညာတတ်များပေါများရေးအတွက်လည်း မွေးထုတ်ပေးရန်လိုကြောင်း၊ အတန်းပညာများမြင့်မားမှသာ ခေတ်မီနည်းပညာများကို အသုံးချနိုင်မည်ဖြစ်ကြောင်း၊ ဘဝရပ်တည်ရေးအတွက် ပညာသည်မရှိမဖြစ်လိုအပ်သည့် အရာဖြစ်သဖြင့် ပညာရေးကို အားပေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အသက်အရွယ်နှင့်ကိုက်ညီသည့် ပညာသင်ကြားမှုများကိုဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စက်မှုနှင့် စိုက်ပျိုးရေးသင်တန်းကျောင်းများကို အခြေခံပညာကျောင်းများတွင် တွဲဖက်၍ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိက

> **ဆီထွက်သီးနှံများ စိုက်ပျိုးမှုနှင့်ပတ်သက်၍ မြေ၊ ရေနှင့် လူ့စွမ်းအားအရင်းအမြစ်များ ရှိပြီးဖြစ်ပြီး အမှန်တကယ်အလုပ်လုပ်ရန် လိုအပ်လျက်ရှိ၊ ဆီထွက်ကုန်များအနက် မြေပဲသီးနှံတစ်ခုသာလျှင် အထွက်နှုန်းကောင်းမွန်ပြီး အခြားဆီထွက်သီးနှံများမှာ ပန်းတိုင်အထွက်နှုန်းရည်မှန်းချက် မပြည့်မီသည်ကိုတွေ့ရ၊ ဆီထွက်သီးနှံများအား ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းဆီထုတ်လုပ်မှုတိုးတက်လာမည်ဖြစ်၊ ပြည်တွင်းဆီလိုအပ်ချက် ပြည့်မီဖူလုံစေရေးအတွက် လိုအပ်သည်များကို နိုင်ငံတော်မှ ဖြည့်ဆည်းပေးသွားမည်ဖြစ်။**

**မိမိတို့နိုင်ငံတွင် ဆီစားသုံးမှုများပြားခြင်းနှင့် ပြည်တွင်းဆီထုတ်လုပ်မှုနည်းပါးခြင်းကြောင့် ပြည်တွင်းစားသုံးဆီလိုအပ်ချက် များပြားနေခြင်းဖြစ်၊ စက်သုံးဆီများလျှော့ချနိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားသုံး အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင်လည်း လောင်စာနှင့် ဓာတ်ငွေ့များ အသုံးပြုခြင်းထက် နေရောင်ခြည်စွမ်းအင်သုံးနှင့် လေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို ဆောင်ရွက်ရမည်ဖြစ်။**

အနေဖြင့်လည်း မိမိတို့တက်နိုင်သည့်ဘက်မှ သင်တန်းများဖွင့်လှစ်သင်ကြားပေးစေလိုကြောင်း။

**စီးပွားရေးမောင်းနှင်အား ကောင်းမွန်ရေး အလေးပေးဆောင်ရွက်**

မိမိတို့နိုင်ငံ၏စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဖွံ့ဖြိုးပြီး နိုင်ငံဖြစ်စေ၊ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်စေ SME လုပ်ငန်းများကို အဓိကထားဆောင်ရွက်ကြကြောင်း၊ ထို့ကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်ငံ့စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်အတွင်း၌ နိုင်ငံရေးအရအခက်အခဲများ၊ ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်ခဲ့ရသည့် အခက်အခဲမျိုးစုံကို ရင်ဆိုင်ခဲ့ရကြောင်း၊ စီးပွားရေးအရ ကျဆင်းမှုရှိစေရေး နည်းလမ်းမျိုးစုံဖြင့် နှောင့်ယှက်မှုများကို ကြုံတွေ့ခဲ့ရကြောင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအားကွာဟမှုများကြောင့် ငွေကြေးတန်ဖိုးတက်လာခဲ့ပြီး ကုန်ဈေးနှုန်းကြီးမြင့်မှုများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို စိတ်ဝင်စားမှုရှိရမည်ဖြစ်ပြီး စီးပွားရေးသည် နိုင်ငံတစ်ခု၏ အသက်ပင်ဖြစ်ပြီး နိုင်ငံ့စီးပွားရေးပြိုကွဲပါက နိုင်ငံပြိုကွဲမည်ဖြစ်ကာ နိုင်ငံရေးမတည်ငြိမ်မှုများကိုလည်း ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ခုတွင် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အား၊ ကာကွယ်ရေးမောင်းနှင်အားများလိုအပ်ပြီး စီးပွားရေးကောင်းမွန်မှသာ နိုင်ငံတည်ငြိမ်မည်ဖြစ်ကြောင်း။

**စက်သုံးဆီ၊ စားသုံးဆီနှင့် လျှပ်စစ်စွမ်းအား**

ရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ်သည့် ငွေကြေးများချေးပေးမှုနှင့်ပတ်သက်၍ ယခင်နှစ်က ကိုဗစ်-၁၉ အခက်အခဲ၊ နိုင်ငံရေးအခက်အခဲများဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုအချိန်တွင် နိုင်ငံ့စီးပွားရေးပျက်ယွင်းအောင် ဆောင်ရွက်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ စက်ရုံအလုပ်ရုံများ ရပ်တန့်စေရန်ဆောင်ရွက်မှု၊ လုပ်ငန်းခွင်ဝင်ရောက်ခြင်းများကို ခြိမ်းခြောက်ခြင်းများနှင့် အကြောက်တရားများဖြစ်ပေါ်အောင် ဆောင်ရွက်ခဲ့မှုများ ရှိကြောင်း၊**ဘဏ်စနစ်ပြိုလဲအောင်နည်းလမ်းမျိုးစုံဖြင့် ထိုးနှက်လုပ်ဆောင်ခဲ့သော်လည်း ပြိုလဲမှုမရှိစေရေး ဦးစားပေးအနေဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊** ငွေကြေးလည်ပတ်သုံးစွဲမှုများကိုလည်း ထိခိုက်အောင် ဆောင်ရွက်ခဲ့မှုများရှိကြောင်း၊ ငွေကစားသူများ ရှိခြင်းကြောင့် ငွေကြေးတန်ဖိုးများကျဆင်းမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းများဈေးနှုန်းမြင့်တက်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် ငွေကြေးကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်း၍ ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်မှစတင်၍ ပြည်ပမှတင်သွင်းသည့် စားသုံးဆီများကို ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် ဆီစားသုံးမှုများပြားခြင်းနှင့် ပြည်တွင်းဆီထုတ်လုပ်မှုနည်းပါးခြင်းကြောင့် ပြည်တွင်းစားသုံးဆီလိုအပ်ချက် များပြားနေခြင်းဖြစ်ကြောင်း။

စက်သုံးဆီနှင့်ပတ်သက်၍လည်း နှစ်စဉ်တင်သွင်းအသုံးပြုနေရသဖြင့် နိုင်ငံခြားငွေလိုအပ်ချက်များ ကန့်သတ်ချက်ဖြစ်ပေါ်လျက်ရှိကြောင်း၊ စက်သုံးဆီများလျှော့ချနိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားသုံး အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်၍မရဘဲ အချိန်ယူဆောင်ရွက်ရကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင်လည်း လောင်စာနှင့် ဓာတ်ငွေ့များအသုံးပြုခြင်း

ထက် နေရောင်ခြည်စွမ်းအင်သုံးနှင့် လေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လျှပ်စစ်မီးများကိုလည်း မီးအားအသုံးပြုမှုသက်သာသည့် LED မီးများကို ပြောင်းလဲတပ်ဆင်အသုံးပြုရန်လိုကြောင်း၊ ယခင်အစိုးရသက်တမ်းတွင် ရေအားလျှပ်စစ်စီမံကိန်းများ ကြန့်ကြာမှုများဖြစ်ပေါ်ခဲ့သဖြင့် နိုင်ငံအတွက် ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ရေအားလျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားများ ထုတ်ယူနိုင်ရေးအတွက်လည်း တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း၊ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေး လုပ်ငန်းများတွင်လည်း နျူကလီးယားစွမ်းအင်အသုံးပြုနိုင်ရေး ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း။

**စိုက်ပျိုးမွေးမြူရေးအခြေခံသည့် ကုန်ထုတ်လုပ်မှု**

ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် ကုန်ကြမ်း၊ စွမ်းအင်၊ အရင်းအနှီးနှင့်လူ့စွမ်းအားအရင်းအမြစ်များလိုအပ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ဒေသတွင်းမှ ထွက်ရှိသည့်ကုန်ကြမ်းများဖြင့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ ပြည်ပပို့ကုန်များမှရရှိသည့် နိုင်ငံခြားငွေများဖြင့် လိုအပ်သည့် ကုန်ကြမ်းများကို ပြည်ပမှတင်သွင်းခွင့်ပေးရန်အတွက် ထည့်သွင်းစဉ်းစားပေးမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းများရရှိရေးအတွက် ရင်းနှီးမြှုပ်နှံငွေများ ရရှိရေးကို နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဓာတ်မြေသြဇာများရရှိရေး နိုင်ငံတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ဇီဝမြေသြဇာများ ကိုလည်း စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးချ၍ရကြောင်း၊ သဘာဝမြေသြဇာများ အသုံးပြုခြင်းကြောင့် ဓာတုဗေဒကင်းစင်မှုရှိပြီး သဘာဝမြေသြဇာများရရှိရေးအတွက် မွေးမြူရေးနှင့်စိုက်ပျိုးရေး ထုတ်ကုန်များကိုပိုမိုအားပေးဆောင်ရွက်ကြရန်လိုကြောင်း။

မွေးမြူရေးလုပ်ငန်းတွင် ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့် ငါးမွေးမြူရေးလုပ်ငန်းများရှိကြောင်း၊ ဘဲမွေးမြူရေး လုပ်ငန်းသည် မိမိတို့နိုင်ငံတွင် ပိုမိုကျယ်ပြန့်သည်ကို တွေ့ရသဖြင့် အောင်မြင်အောင်မွေးမြူကြစေလိုကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍လည်း အထွက်နှုန်း ကောင်းမွန်သည့် မျိုးများကိုစနစ်တကျမွေးမြူခြင်းဖြင့် ပိုမိုအကျိုးဖြစ်ထွန်းစေကြောင်း၊ ငါးမွေးမြူရေးနှင့်ပတ်သက်၍လည်း အောင်မြင်အောင်ဆောင်ရွက်ကြစေလိုကြောင်း၊ မွေးမြူရေး ထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့တင်ပို့ရောင်းချနိုင်ကြောင်း၊ တိရစ္ဆာန်အစာအတွက် လိုအပ်သည့်ကုန်ကြမ်းများမှာ မိမိတို့နိုင်ငံတွင် လုံလောက်စွာရှိပြီးဖြစ်ပြီး ပြည်တွင်းမှ ထုတ်လုပ်သည့် အစာများဖြင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းတွင် နွေစပါးနှင့် ပဲတီစိမ်းစိုက်ပျိုးရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများမှ ရင်းနှီးမတည်ငွေများထုတ်ပေးခဲ့ကြောင်း၊ နောင်နှစ်များတွင် အခြားစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ရင်းနှီးမတည်ငွေများ ထုတ်ပေးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ပိုမိုအောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်ကြစေလိုကြောင်း။

ထုတ်ကုန်ပစ္စည်းများ ရောင်းချရေးနှင့်ပတ်သက်၍ အတတ်နိုင်ဆုံး အမြတ်နည်းနည်းဖြင့် များများရောင်းချနိုင်အောင်ဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက ဈေးကွက်လည်ပတ်မှုများ ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ မိမိ၏မူဝါဒမှာ ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းချင်းတူပါက ပစ္စည်းပိုမိုကောင်းမွန်ရမည်ဖြစ်ကြောင်း၊ ဈေးကွက်ကိုရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝင်ငွေပိုမိုရရှိရေး များများရောင်းနိုင်ရန်လိုကြောင်း၊ နိုင်ငံတကာနှင့် ကုန်သွယ်မှုများဆောင်ရွက်နိုင်ရန်အတွက်လည်း နိုင်ငံအလိုက် စီးပွားရေးသံမှူးများ ခန့်အပ်ဆောင်ရွက်လျက်ရှိကြောင်း၊

စားရေးနှင့် ဝတ်ရေးသည် လူတစ်ဦးအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်ကြောင်း ထို့ကြောင့် စားရေးနှင့် ဝတ်ရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပြည်တွင်းမှ ထွက်ရှိသည့်ကုန်ကြမ်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကြစေလို

ကြောင်း၊ မိမိတို့နိုင်ငံတွင် ထုတ်လုပ်မှုထက် ဝန်ဆောင်မှုလုပ်ငန်းများသည် ပိုမိုများပြားကြောင်း၊ ထုတ်လုပ်မှုပမာဏများပြားမှသာ ဝယ်လိုအားနှင့် ရောင်းလိုအားကို မျှတစေမည်ဖြစ်ပြီး ပြည်ပသို့ ကုန်ပစ္စည်းများတင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရန်အတွက် ယခုတွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများသည် ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်နေသူများဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုကို ဦးစားပေးဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း။

အခွန်ကောက်ခံမှုနှင့်ပတ်သက်၍ နိုင်ငံတကာနှင့် အာဆီယံထက် မိမိတို့နိုင်ငံသည် နှုန်းထားအသက်သာဆုံးဖြစ်ကြောင်း၊ အစိုးရအနေဖြင့် အခွန်ပေါ်တွင်မူတည်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာထက် အခွန်နှုန်းများများပြားနေသည်များရှိပါက သတင်းပို့ဆောင်ရွက်ကြစေလိုကြောင်း၊ အခွန်တိမ်းရှောင်သူများ မရှိစေရန်လည်း ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး အခွန်များကိုလည်း မှန်မှန်ကန်ကန်ပေးဆောင်စေလိုကြောင်း၊ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်နှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းဆွေးနွေးမှာကြားသည်။

■ ■ ■

# ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပြောကြားသည့်အမှာစကား

## ( ၄ - ၁၀ - ၂၀၂၂ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် အောက်တိုဘာလ ၄ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ပြည်မြို့ရှိ သီရိခေတ္တရာရတနာပုံ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လုပ်ငန်းရှင်များ၏ တစ်ဦးချင်းတင်ပြချက်များနှင့်ပတ်သက်၍ ပြန်လည်ဖြည့်စွက်ရှင်းလင်းဆွေးနွေးရာတွင် ခရီးသွားကဏ္ဍကို မိမိအနေဖြင့်အားပေးပြီး ပြည်ဒေသတွင် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများနှင့် ထင်ရှားသည့် ဘုရားများစွာတည်ရှိကြောင်း၊ ရထားခရီးဖြင့် အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရထားလမ်းအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ နောင်တစ်ချိန်တွင် လျှပ်စစ်ဓာတ်အားအသုံးပြုသည့် ရထားများ ပြေးဆွဲနိုင်ရေး ရည်ရွယ်ဆောင်ရွက်လျက်ရှိပြီး ခရီးသွားလုပ်ငန်းအထောက်အကူပြုရန် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဒေသသန့်ရှင်းသာယာလှပရေးအတွက် တာဝန်ရှိသူများအနေဖြင့် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်နှင့် ကမ္ဘာလှည့်ခရီးသွားများ နေထိုင်ရန်သင့်တော်သည့် တည်းခိုနေရာနှင့် ခေတ္တအနားယူသည့်နေရာများကို စနစ်တကျတည်ဆောက်ရန်လိုကြောင်း၊ အစားအသောက်များကိုလည်း ယခုထက်ပိုမိုသန့်ရှင်း သပ်ရပ်ကောင်းမွန်အောင် ဆောင်ရွက်၍ ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်ရန် ဒေသခံများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ရုရှားနိုင်ငံမှ ခရီးသွားများမြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရေး ဒေသအလိုက် ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းများဖွဲ့စည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လမ်းညွှန်အမှတ်အသားများ ကောင်းမွန်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသည့် ဝန်ကြီးဌာနများက စနစ်တကျဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကိုဗစ်ကာလရင်းနှီးမြှုပ်နှံမှုချေးငွေများ ပြန်လည်ပေးဆပ်ရန်အတွက် အချိန်ကာလထပ်မံတိုးမြှင့်ပေးသွားမည်ဖြစ်ပြီး ရင်းနှီးမတည်ငွေများလည်း ထပ်မံထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း။

သီးနှံများစိုက်ပျိုး ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ မျိုးကောင်းမျိုးသန့်ဖြစ်ရန်၊ မြေကိုစနစ်တကျပြုပြင်ရန်နှင့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများ လုံလောက်စွာရရှိရန်၊ အောင်ရေရရှိရန်နှင့် စိုက်ပျိုးရေးစနစ်များ မှန်ကန်ရန်လိုကြောင်း၊ ဈေးကွက် စီးပွားရေးစနစ်ကို ဆောင်ရွက်နေခြင်း ဖြစ်သဖြင့် ပုဂ္ဂလိကစီးပွားရေးကို အားပေးခြင်း

ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့် တောင်သူများကို နိုင်ငံတော်မှပံ့ပိုးကူညီခြင်းများရှိသကဲ့သို့ စိုက်ပျိုးသူတောင်သူများကိုယ်တိုင်ကလည်း စနစ်တကျဖြင့် စိုက်ပျိုးကြရန် လိုကြောင်း၊ ဒေသတစ်ခုချင်းအလိုက် ကောင်းမွန်သည့် မျိုးများရရှိစေရေးကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ စားသုံးဆီများအရည်အသွေး ပြည့်မီစွာထုတ်လုပ်ရန်အတွက် ခေတ်မီစက်ကိရိယာများလိုအပ်ကြောင်း၊ နိုင်ငံတော်မှ ဆီထုတ်လုပ်ရေးလုပ်ငန်းများအတွက် ကူညီပံ့ပိုးပေးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စက်သုံးဆီများကို အဓိကအားဖြင့် ပြည်ပမှတင်သွင်းနေရပြီး ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်ရေး နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီအချိန်အတွင်း ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်မည့်အလားအလာများရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသုံးပြုသည့် စက်သုံးဆီနှင့် စက်မှုလုပ်ငန်သုံး စက်သုံးဆီများရှိကြောင်း၊ စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားများရရှိရေးအတွက် နိုင်ငံတော်မှကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝဓာတ်ငွေ့ထုတ်ယူရရှိနိုင်သည့်နေရာလည်း တွေ့ရှိထားပြီဖြစ်ပြီး နောင်လာမည့်သုံးနှစ်ခန့်အတွင်း ထုတ်ယူနိုင်မည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားဖြင့် အသုံးပြုနိုင်သည့် အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်ကို အကောင်အထည်ဖော်ရန်အတွက် စီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ သံထုတ်လုပ်မှုအတွက် လိုအပ်သည့် သတ္တုကုန်ကြမ်းများကို သတ္တုသိုက်ရှိသည့်နေရာများတွင် ပုဂ္ဂလိကလုပ်ငန်းများကို လုပ်ပိုင်ခွင့်ပေးထားပြီးဖြစ်ကြောင်း၊ အရည်အသွေးပြည့်မီသည့် သံများထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ နည်းပညာများမျှဝေပေးသွားမည်ဖြစ်ကြောင်း၊ ပန်းပုထုလုပ်ခြင်းလုပ်ငန်းအတွက် လိုအပ်သည့်ကုန်ကြမ်းများရရှိရေးအတွက် နည်းလမ်းရှာဖွေဆောင်ရွက်ရန်လိုကြောင်းဖြင့် ပြန်လည်ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

**ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး**

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာ ကံဇော်၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်းနှင့် ဦးအောင်နိုင်ဦးတို့က ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ကိုဗစ်-၁၉ ကာလ ချေးငွေများနှင့်ပတ်သက်၍ နိုင်ငံတော်မှ သင့်တော်သည့် ဖြေလျှော့ပေးမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု အရင်းအနှီးများကိုလည်း ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ နိုင်ငံတော်မှ ချေးငွေများကို ခေါင်းစဉ်အမျိုးမျိုးဖြင့် အမြောက်အများထုတ်ပေးထားပြီးဖြစ်သဖြင့် ချေးငွေများ အချိန်မီပြန်လည်ပေးဆပ်ပြီး နိုင်ငံတော်၏ ငွေကြေးလည်ပတ်မှုကောင်းမွန်စေရေးအတွက်လည်း လုပ်ငန်းရှင်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မှု၊ နိုင်ငံတော်မှ ချမှတ်ပေးထားသည့် စီးပွားရေးမူဝါဒများအတိုင်းလိုက်နာ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးရှိစေမည့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို လွယ်ကူစွာဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနယ်မြေအလိုက်ရုံးများ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်လျက်ရှိမှု၊ အရည်အသွေးပြည့်မီသည့် သွင်းအားစုများ တောင်သူများလက်ဝယ်သို့ ရောက်ရှိရေး၊ ထုတ်ကုန်များ ဈေးနှုန်းကြီးမြင့်မှုမရှိစေရေးအတွက် အကျိုးတူလယ်ယာစနစ်ကို ဆောင်ရွက်ခြင်းဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်မှု၊ စိုက်ပျိုးရေးအတွက် သွင်းအားစုများ ပြည်ပမှ ဈေးနှုန်းသက်သာစွာ တင်သွင်းရရှိရေးဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်တွင်း၌လည်း ဇီဝမြေဩဇာများကို ထုတ်လုပ်လျက်ရှိမှု၊ မျိုးကောင်းမျိုးသန့်များကို သုတေသနပြုထုတ်လုပ်၍ ပုဂ္ဂလိကလုပ်ငန်းရှင်များကို ဖြန့်ဝေပေးလျက်ရှိမှုနှင့် ပုဂ္ဂလိက မျိုးစေ့ထုတ်လုပ်ရေး လုပ်ငန်းများပေါ်ထွက်လာရေး ဖိတ်ခေါ်လိုမှု၊ ကျေးရွာနေပြည်သူလူထု ဝင်ငွေတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမအသင်းများ အစုအဖွဲ့များဖွဲ့၍ လိုအပ်သည်များကို ကူညီပံ့ပိုးပေးလျက်ရှိမှုနှင့် စိုက်ပျိုးမွေးမြူရေးအတွက် လိုအပ်သည့်သွင်းအားစုများကိုလည်း ဖြည့်ဆည်းပေးလျက်ရှိမှု၊ သတ္တု၊ သံရည်ကျိုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာလိုအပ်ချက်များနှင့် ကုန်ကြမ်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေး

သွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စားသုံးဆီထုတ်လုပ်မှု တိုးတက်ရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်လိုအပ်မှု၊ ယခုနှစ်သည် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ များစွာရှိသည့်အတွက် ရေခံ၊ မြေခံကောင်းပိုင်ဆိုင်ထားသည့် ပဲခူးတိုင်းဒေသကြီးအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်မှု စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးပြန်လည်ဆွေးနွေးပြောကြားကြသည်။

**နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရမှုနှင့် အခက်အခဲမျိုးစုံကို ပြည်သူလူထုနှင့်ပူးပေါင်း၍ ရင်ဆိုင်ဖြတ်ကျော်ခဲ့မှု**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူပြီးချိန် နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပြည်မြို့သို့ရောက်ရှိခြင်းဖြစ်ပြီး ခရိုင်အတွင်းရှိ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရန်လာရောက်ခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့်ကဏ္ဍတွင်ပါဝင်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အဓိကစီးပွားရေးမောင်းနှင်အား တစ်ခုပင်ဖြစ်ကြောင်း၊ အခြားဖွံ့ဖြိုးဆဲနိုင်ငံများနှင့်ဖွံ့ဖြိုးပြီး နိုင်ငံများတွင်လည်း MSME လုပ်ငန်းများကို ရာခိုင်နှုန်းများစွာဆောင်ရွက်နေကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ယခင်ကတည်းကအားပေးဆောင်ရွက်ခဲ့သော်လည်း ကိုဗစ် –၁၉ ကပ်ရောဂါဖြစ်ပွားမှုနှင့် နိုင်ငံရေးအခြေအနေများကြောင့် လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် အခက်အခဲများဖြစ်ပေါ်ခဲ့ကြောင်း။

မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ် ခဲ့သောကြောင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရကြောင်း၊ ရွေးကောက်ပွဲမကျင်းပမီကာလများကတည်းက မိမိအနေဖြင့် သတိပေးပြောဆိုမှုများပြုလုပ်ခဲ့ကြောင်း၊ ရွေးကောက်ပွဲကျင်းပမည့်ကာလသည် ကိုဗစ် –၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလဖြစ်သည့်အတွက် ပြည်သူများ၏ ကျန်းမာရေးအခြေအနေဆိုးရွားမှုမရှိစေရေး ရွေးကောက်ပွဲကျင်းပမှုကို ရွှေ့ဆိုင်းပေးရန် အစိုးရခေါင်းဆောင်များကို တောင်းဆိုခဲ့သော်လည်း ရွှေ့ဆိုင်းပေးခဲ့ခြင်းမရှိကြောင်း၊ ရွေးကောက်ပွဲမတိုင်မီကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲကျင်းပပြီး မဲစာရင်းများထုတ်ပြန်ခဲ့သည့်ကာလတို့တွင် အုပ်ချုပ်သူအစိုးရ၏ မဲအသာရရှိရေး မရိုးမသားဆောင်ရွက်ခဲ့မှုများ၊ မဲမသမာမှုများကြောင့် ဆူပူဆန္ဒပြမှုများ၊ နိုင်ငံရေးပဋိပက္ခများ၊ ထိုမှတဆင့် လက်နက်ကိုင်အကြမ်းဖက်မှုများဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဆူပူအကြမ်းဖက်မှုများကိုလည်း ဥပဒေနှင့်အညီသာ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဖြစ်ပေါ်ခဲ့သည့် ရွေးကောက်ပွဲ မဲမသမာမှုများကို ဖြေရှင်းရန်အတွက် သက်ဆိုင်ရာအစိုးရတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သော်လည်း ဖြေရှင်း

**စက်သုံးဆီများကို အဓိကအားဖြင့် ပြည်ပမှ တင်သွင်းနေရပြီး ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်ရေး နိုင်ငံတော်မှ ကြိုးပမ်း ဆောင်ရွက်လျက်ရှိ၊ မကြာမီအချိန်အတွင်း ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်မည့် အလားအလာများရှိ၊ စိုက်ပျိုးရေးလုပ်ငန်းများ အတွက်အသုံးပြုသည့် စက်သုံးဆီနှင့် စက်မှု လုပ်ငန်းသုံး စက်သုံးဆီများရှိ၊ စက်မှုလုပ်ငန်း များအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အား များရရှိရေးအတွက် နိုင်ငံတော်မှကြိုးပမ်း ဆောင်ရွက်လျက်ရှိ၊ သဘာဝဓာတ်ငွေ့ထုတ်ယူရရှိ နိုင်သည့်နေရာလည်း တွေ့ရှိထားပြီဖြစ်ပြီး နောင်လာမည့်သုံးနှစ်ခန့်အတွင်း ထုတ်ယူ နိုင်မည်ဖြစ်၊ လျှပ်စစ်ဓာတ်အားဖြင့် အသုံးပြု နိုင်သည့် အများပြည်သူသယ်ယူပို့ဆောင်ရေး စနစ်ကို အကောင်အထည်ဖော်ရန်အတွက် စီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိ။**

ဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မရယူရန် ဆောင်ရွက်လာခဲ့သဖြင့် နိုင်ငံတော်တာဝန်ကို မလွဲသာမရှောင်သာ ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်းရာတွင်လည်း စစ်ဘက်၊ အရပ်ဘက် မျှတစွာဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲမဲမသမာမှု၏ နောက်ဆက်တွဲနိုင်ငံရေးပြဿနာများကြောင့် ပြည်တွင်းစီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်ခဲ့သကဲ့သို့ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့်လည်း စီးပွားရေးအခက်အခဲများဖြစ်ပေါ်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ၊ စီးပွားရေးကျဆင်းမှုနှင့် အကြမ်းဖက်မှုများကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခဲ့မှုများဖြင့် ကျော်လွှားနိုင်ခဲ့ကြောင်း၊ ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ယခုအခြေအနေသို့ ရောက်ရှိခဲ့ရခြင်းဖြစ်သည့်အတွက် နောင်ကျင်းပမည့်ရွေးကောက်ပွဲများတွင် စည်းကမ်းစနစ်ကျနပြီး လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေးအတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**နိုင်ငံရေးနှင့် စီးပွားရေး**

နိုင်ငံရေးနှင့် စီးပွားရေးသည် ဆက်စပ်လျက်ရှိပြီး စီးပွားရေးကောင်းမွန်မှုမရှိပါက နိုင်ငံရေးတည်ငြိမ်ခိုင်မာမှုလည်း ရှိမည်မဟုတ်ကြောင်း၊ စီးပွားရေးကျဆင်းမှုများကြောင့်လည်း နိုင်ငံရေးပြဿနာများဖြစ်ပေါ်နိုင်သဖြင့် စီးပွားရေးကောင်းမွန်တိုးတက်အောင် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့သည် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် လုပ်ငန်းရှင်များအနေဖြင့် မိမိကိုယ်ကိုသာ အားကိုးဆောင်ရွက်ရမည်ဖြစ်ပြီး နိုင်ငံတော်မှ မူဝါဒပိုင်းကိုသာ ထိန်းသိမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများ တိုးတက်စေရန်အတွက် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ပြည်ခရိုင်အတွင်း MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဆန်၊ စပါး၊ အသီးအနှံများ လုံလောက်စွာရှိပြီးဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများကိုအခြေခံ၍ နိုင်ငံ့စီးပွားတိုးတက်ရေးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေသူများအနေဖြင့် အခွန်ရှောင်မှုများနှင့် ပြည့်ဝစွာမပေးဆောင်သူများလည်း ရှိကြောင်း၊ နိုင်ငံ၏ဝင်ငွေမှာ ပြည်သူများထံမှရရှိသည့် အခွန်ငွေနှင့် ကုန်သွယ်မှုများမှ ရရှိသည့်အခွန်ငွေများပင်ဖြစ်ကြောင်း၊ None Trade လုပ်ငန်းများမှလည်း နိုင်ငံခြားဝင်ငွေရရှိပြီး အဆိုပါရရှိသည့် အခွန်ငွေများမှ ဘတ်ဂျက်ရေးဆွဲ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ပြည်တွင်းစီးပွားရေးကို မြှင့်တင်ဆောင်ရွက်နိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

> **MSME လုပ်ငန်းသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် ကဏ္ဍတွင်ပါဝင်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အဓိကစီးပွားရေးမောင်းနှင်အားတစ်ခုပင်ဖြစ်၊ အခြားဖွံ့ဖြိုးဆဲနိုင်ငံများနှင့်ဖွံ့ဖြိုးပြီး နိုင်ငံများတွင်လည်း MSME လုပ်ငန်းများကို ရာခိုင်နှုန်းများစွာဆောင်ရွက်နေကြသည်ကို တွေ့ရှိရမည်ဖြစ်၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ယခင်ကတည်းက အားပေးဆောင်ရွက်ခဲ့။**

**စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုနှင့် အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်များ လိုအပ်မှု**

ကုန်ထုတ်လုပ်မှု ဆောင်ရွက်ရန်အတွက် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်ကောင်းတို့ လိုအပ်ကြောင်း၊ စီးပွားရေးလုပ်ငန်းလည်ပတ်ရန်အတွက် ကုန်ထုတ်လုပ်မှုများ မဖြစ်မနေလိုအပ်သကဲ့သို့ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရန်အတွက် ကုန်ကြမ်းသည်လည်း မဖြစ်မနေလိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြေပေါ်မြေအောက်သယံဇာတပစ္စည်းများမှ ကုန်ကြမ်းပစ္စည်းများများစွာ ရရှိနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် သွင်းအားစုများဖြစ်သည့် မြေဩဇာ၊ တိရစ္ဆာန်အစားအစာ၊ စက်သုံးဆီ၊ လျှပ်စစ်နှင့် အခြားသွင်းအားစုများလည်းလိုအပ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် မြေသြဇာများရရှိရေး မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကို ဇီဝမြေသြဇာအဖြစ် အသုံးပြုနိုင်သကဲ့သို့ ပိုက်ဆံလျှော်များ စိုက်ပျိုး၍လည်း သဘာဝမြေသြဇာအဖြစ် အသုံးပြုနိုင်ကြောင်း၊ နို့စားနွားများကို စနစ်တကျမွေးမြူခြင်းဖြင့်လည်း နို့ထွက်ပစ္စည်းကို အခြေခံသည့်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ကြောင်း၊ ဒေသထွက်ပစ္စည်းကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုတွင် မွေးမြူရေးလုပ်ငန်းကိုအခြေခံပြီး ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို ဒေသတွင်းတွင်သာမက ပြင်ပသို့လည်း တင်ပို့ရောင်းချခြင်းဖြင့် စီးပွားရေးပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊

စားသုံးဆီများထုတ်လုပ်ရာတွင်လည်း ဆီထုတ်လုပ်မှုများကိုခေတ်မီစက်ကိရိယာများနှင့်နည်းပညာများကိုအသုံးပြု၍ အရည်အသွေးပြည့်မီသည့် ဆီများထုတ်လုပ်ပြီး စွန့်ပစ်ပစ္စည်းများကိုလည်း တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရင်းအနှီးလိုအပ်သည့်အတွက် မိမိတို့တတ်နိုင်သည့် ပမာဏပေါ်တွင်သာအခြေတည်၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း တတ်နိုင်သမျှ ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးမည်ဖြစ်ကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံ၏စီးပွားရေးမှာ ပြန်လည်ဦးမော့လာပြီဖြစ်သည့်အတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများကိုဆောင်ရွက်ရာ၌ အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲဖြစ်ပေါ်ပါက ချေးငွေများထုတ်ချေးနိုင်ရေး နိုင်ငံတော်မှ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် အရည်အချင်းရှိသည့် လူသားအရင်းအမြစ်များ လိုအပ်မည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းအရ ပဲခူးတိုင်းဒေသကြီးအတွင်း အခြေခံပညာအားနည်းသူများရှိကြောင်း၊ အဆိုပါပညာရေးအားနည်းသူများကို အခြေခံလုပ်ငန်းများသာ သင်ကြားပေးနိုင်ကြောင်း၊ မိမိတာဝန်ယူချိန်ကာလအတွင်း အခြေခံပညာကျောင်းများတွင် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုဆိုင်ရာပညာရပ်များ သင်ကြားနိုင်ရန်အတွက် ခရိုင်တစ်ခုတွင် တစ်ကျောင်းဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးသိပ္ပံနှင့် မွေးမြူရေးသိပ္ပံများကို ဖွင့်လှစ်မှသာ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများအတွက်ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ ရရှိလာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့်လည်း လုပ်ငန်းခွင်သင်တန်းများကို တတ်နိုင်သမျှ ဖွင့်လှစ်ဆောင်ရွက်ပေးကြစေလိုကြောင်း။

**တစ်ဦးချင်း၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုမှဒေသနှင့် တိုင်းပြည်သည်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်**

ထုတ်ကုန်များထုတ်လုပ်ရာတွင် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဈေးကွက်ရရှိရေးအတွက် ကုန်ပစ္စည်းပြပွဲများကျင်းပရန်လိုသကဲ့သို့ သုံးစွဲသူများ သိရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံမှစ၍ ခိုင်မာအောင်ဆောင်ရွက်ရန်လိုကြောင်း၊ ဈေးကွက်ရရှိရေးအတွက် အရေအတွက်များများကို အမြတ်နည်းနည်းဖြင့် ရောင်းချနိုင်ရန်လိုကြောင်း၊ ပစ္စည်းချင်းတူပါကလည်း အရည်အသွေး ပိုမိုကောင်းမွန်ရန်လိုကြောင်း၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် လုပ်ငန်းများ အဆင်ပြေအောင်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုပိုမိုဖြစ်ထွန်းအောင် ဆောင်ရွက်ကြစေလိုကြောင်း၊ အခြေခံကောင်းများဖြစ်သည့် မြေနှင့်ရေကို အကျိုးရှိစွာအသုံးချ၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ဧရာဝတီမြစ်မှ မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံးပြီး ဆောင်ရွက်၍ရကြောင်း၊ သီးထပ်သီးနှံများ စိုက်ပျိုးခြင်းဖြင့် ဝင်ငွေများ ပိုမိုရရှိမည်ဖြစ်ကြောင်း၊ အမှန်တကယ် အလုပ်လုပ်ပါက လက်တွေ့အကျိုးဖြစ်ထွန်းလာပြီး တစ်ဦးချင်း၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုမှ ဒေသနှင့် တိုင်းပြည်သည်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်ခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ရရှိသည့်ကုန်ကြမ်းများကိုအသုံးပြု၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်ကြစေလိုကြောင်း၊ သို့မှသာ ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် နိုင်ငံ၏စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း တိုက်တွန်းဆွေးနွေးပြောကြားသည်။

■ ■ ■

# ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၏ အရှေ့တောင်ဘက် ၅ မိုင်ခန့်အကွာရှိ ပျူမြို့ဟောင်းများအနက် အကြီးဆုံးဖြစ်သည့် သရေခေတ္တရာမြို့ဟောင်း ကမ္ဘာ့အမွေအနှစ်ဒေသသို့သွားရောက်၍ ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်း ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၅ - ၁၀- ၂၀၂၂ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ အောက်တိုဘာလ ၅ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၏ အရှေ့တောင်ဘက် ၅ မိုင်ခန့်အကွာရှိ ပျူမြို့ဟောင်းများအနက် အကြီးဆုံးဖြစ်သည့် သရေခေတ္တရာမြို့ဟောင်း ကမ္ဘာ့အမွေအနှစ်ဒေသသို့ သွားရောက်၍ ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တာဝန်ရှိသူများ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပျူနှင့်ပတ်သက်၍ ဗိဿနိုး၊ ဟန်လင်းတို့တွင် တူးဖော်ရရှိသည့် ရှေးဟောင်းပစ္စည်းများအရ ရှေးခေတ်ပျူတို့၏ လက်မှုပညာအဆင့်အတန်းမြင့်မားမှုကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပျူခေတ် ဝတ်စားဆင်ယင်မှုများကိုလည်း ပြန်လည် ဖော်ထုတ်ရန်လိုကြောင်း၊ ယနေ့ခေတ်တွင် ပျူမျိုးဆက်များနှင့်ပတ်သက်၍လည်း သုတေသနပြုရန်လိုကြောင်း၊ ယဉ်ကျေးမှုအရ ပြည်တွင်းပြည်ပခရီးသွားများ လာရောက် လေ့လာခြင်းဖြင့် ပြည်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည်ဖြစ်သဖြင့် ရှေးဟောင်းအမွေအနှစ်များကို စနစ်တကျထိန်းသိမ်းကြရန်လိုကြောင်း၊ တူးဖော်ရရှိသည့် ရှေးဟောင်းအမွေအနှစ်လက်ရာများ၊ ဘုရား၊ စေတီများ၊ အဆောက်အဦများထိန်းသိမ်းထားရှိမှုကို နောင်လာနောက်သားများအထောက်အထားရရှိစေရေးအတွက် ဓာတ်ပုံမှတ်တမ်းများ၊ စာအုပ်စာတမ်းများဖြင့် ခုနှစ်၊ သက္ကရာဇ်အလိုက် စနစ်တကျမှတ်တမ်းထားရှိရန်လိုကြောင်း၊ ဓာတ်ပုံမှတ်တမ်းများရယူရာတွင်လည်း အရည်အသွေးကောင်းမွန်မြင့်မားသည့် ဓာတ်ပုံများဖြစ်ရန်လိုပြီး ကွန်ပျူတာစနစ်ဖြင့်လည်း စနစ်တကျမှတ်တမ်းထားရှိရန်လိုကြောင်း၊ ယခင်က မိမိတို့နိုင်ငံသူ၊ နိုင်ငံသားတို့၏ သမိုင်းကြောင်းအစဉ်အလာမြင့်မားမှုများသည် စနစ်တကျမှတ်တမ်းရေးမှတ်ထားခြင်းမရှိသဖြင့် ပျောက်ပျက်ခဲ့ရသည်များ များစွာရှိခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့၏ သမိုင်းကြောင်းဆိုင်ရာများကို စာအုပ်စာတမ်းများဖြင့် မှတ်တမ်းထားရှိခြင်း၊ ကွန်ပျူတာစနစ်ဖြင့် သိမ်းဆည်းခြင်းတို့ဖြင့် စနစ်တကျမှတ်တမ်းထားရှိသွား

ရန်လိုကြောင်း၊ အိန္ဒိယနိုင်ငံ၊ ဗီဇကောပတ်တနန်မြို့တွင်လည်း ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ နေရာတစ်ခုရှိပြီး ၎င်းတို့ တူးဖော်ရရှိထားသည့် အဆောက်အဦများ၊ စေတီပုထိုးများ၊ ရှေးဟောင်းပစ္စည်းများသည် မိမိတို့နိုင်ငံရှိ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာမြို့ဟောင်းများတွင် တူးဖော်ရရှိထားသည့်လက်ရာများနှင့် များစွာတူညီမှုရှိကြောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် သွားရောက်လေ့လာပြီး သမိုင်းကြောင်းတွေ့ရှိမှုများကို သုတေသနပြုဆောင်ရွက်ရန်လိုကြောင်း၊ ရာဇကုမာရ်ကျောက်စာတွင် ဗမာစာပေကိုအမှီပြု၍ မွန်၊ ပျူ၊ ပါဠိဘာသာများဖြင့် ထပ်မံဘာသာပြန်ဆိုရေးထိုးထားသည်ကို တွေ့ရှိရသဖြင့် ပုဂံခေတ်တွင် မွန်၊ ပျူ၊ ဗမာတို့၏စပ်ဆက်မှုများ၊ ပျူတို့၏ယဉ်ကျေးမှုများကို သုတေသနပြုဖော်ထုတ်ရန်လိုကြောင်း။

**ကမ္ဘာ့အဆင့်မီ ယဉ်ကျေးမှုဇုန်ဖြစ်ရမည်**

ကမ္ဘာ့အမွေအနှစ် သရေခေတ္တရာယဉ်ကျေးမှုဇုန်တစ်ခုလုံးအား ခြုံငုံမြင်တွေ့လေ့လာ၍ ရနိုင်သည့် View Point မျှော်စင်တစ်ခုကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောက်လုပ်နိုင်မည့်အခြေအနေများနှင့် အဓိကကျသည့် ရှေးဟောင်းယဉ်ကျေးမှုနေရာများအား Protection Area အဖြစ် ကာရံနိုင်မည့်အခြေအနေများ၊ ယဉ်ကျေးမှုနယ်မြေအား နိုင်ငံတကာအဆင့်ရှိသည့် ယဉ်ကျေးမှုတစ်ခုဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ပြီး နိုင်ငံတကာမှ သမိုင်းကိုလာရောက်လေ့လာသူများ ကမ္ဘာ့အဆင့်မီ ကြည့်ရှုလေ့လာနိုင်ရေးဆောင်ရွက်ရန်လိုကြောင်း၊ မြန်မာ့သမိုင်းကို ခိုင်ခိုင်မာမာ အဆင့်ရှိရှိ ပြသနိုင်သည့် ကမ္ဘာ့အဆင့်မီ ယဉ်ကျေးမှုဇုန်ဖြစ်ရမည်ဖြစ်ကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှုဇုန်များသည် ခရီးသွားလုပ်ငန်းအတွက် အရေးကြီးသည့်နေရာများဖြစ်ပြီး လာရောက်လေ့လာသူ များပြားလာပါက ဖြစ်ပေါ်လာနိုင်မည့် ပို့ဆောင်ရေးလုပ်ငန်းများ၊ ဈေးဆိုင်များ စနစ်တကျဖြစ်စေရေးအတွက်လည်း ကြိုတင်စီမံထားရန်လိုကြောင်း၊ ထိုကဲ့သို့ နိုင်ငံတကာမှ လာရောက်လေ့လာသည့် ပညာရှင်များ၊ ဝါသနာရှင်များမှတဆင့် မြန်မာ့သမိုင်းကို ကမ္ဘာ၌ထည်ဝါစေရမည်ဖြစ်ကြောင်း၊ ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်းအနေဖြင့် သမိုင်းကြောင်းဆိုင်ရာသင်ကြားမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည်ဖြစ်ပြီး လိုအပ်သည်များကို နိုင်ငံတော်မှ

> **ရှေးဟောင်းယဉ်ကျေးမှုဇုန်များသည် ခရီးသွားလုပ်ငန်းအတွက် အရေးကြီးသည့် နေရာများဖြစ်ပြီး လာရောက်လေ့လာသူများပြားလာပါက ဖြစ်ပေါ်လာနိုင်မည့် ပို့ဆောင်ရေးလုပ်ငန်းများ၊ ဈေးဆိုင်များ စနစ်တကျဖြစ်စေရေးအတွက်လည်း ကြိုတင်စီမံထား၊ နိုင်ငံတကာမှ လာရောက်လေ့လာသည့်ပညာရှင်များ၊ ဝါသနာရှင်များမှတဆင့် မြန်မာ့သမိုင်းကို ကမ္ဘာ၌ ထည်ဝါစေရမည်ဖြစ်။**

ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် သရေခေတ္တရာယဉ်ကျေးမှုဇုန်အတွင်းရှိ သီရိခေတ္တရာပြတိုက်အတွင်း ခင်းကျင်းပြသထားသည့်အဆင်တန်ဆာနှင့် အသုံးအဆောင်များဆိုင်ရာ ပြခန်း၊ စာပေနှင့် ကိုးကွယ်ယုံကြည်မှုဆိုင်ရာပြခန်း၊ ရှေးခေတ်အသုံးအဆောင်ပစ္စည်းများ၊ စာပေဆိုင်ရာအထောက်အထားများ၊ ပျူခေတ်အုတ်များ၊ ဗိသုကာလက်ရာများနှင့် ပျူခေတ်အသုံးအဆောင်ပစ္စည်းများ စသည့် ပြကွက်များကို တစ်ခုချင်းအသေးစိတ်စိတ်ဝင်တစားကြည့်ရှုလေ့လာခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သမိုင်းအထောက်အထားများအား စနစ်တကျထိန်းသိမ်းထားရှိရန်၊ ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ဓာတ်ပုံများနှင့် ခုနှစ်၊ သက္ကရာဇ်များ၊ တူးဖော်ရရှိသည့်နေရာများကို အလွယ်တကူလေ့လာသိရှိနိုင်ရေးအတွက်လည်း ရှင်းလင်းစွာစာတန်းထိုးထားရန်လိုကြောင်း၊ ပျူစာဖြင့် ရေးထိုးထားသည့် ကျောက်စာများကို သမိုင်းပညာရှင်များဖြင့် ဘာသာပြန်ဆို၍ အများပြည်သူလေ့လာနိုင်ရေး ထားရှိရန်လိုကြောင်း၊ ရှေးခေတ်လက်ရာ ဒင်္ဂါးပြားများ၊ လက်ဝတ်ရတနာများကို အနီးကပ်ကြည့်ရှုလေ့လာနိုင်ရေး ခေတ်မီနည်းစနစ်များ အသုံးပြု၍ LED Screen များဖြင့် လေ့လာကြည့်ရှုနိုင်အောင် ဆောင်ရွက်ပေးထားရန်လိုကြောင်း၊ Digital Museum အဖြစ် အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

■ ■ ■

# ပြည်တပ်နယ်နှင့် ပန်းတောင်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံပြောကြားသည့်အမှာစကား

## ( ၅ – ၁၀– ၂၀၂၂ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အောက်တိုဘာလ ၅ ရက် မွန်းလွဲပိုင်းတွင် ပြည်တပ်နယ်နှင့် ပန်းတောင်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား ပြည်တပ်နယ်ရှိနဝဒေးခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ပြည်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူပြီးနောက် ပြည်တပ်နယ်သို့ ပထမဆုံးလာခြင်းဖြစ်ကြောင်းပြောကြားပြီး တပ်မတော်မှ နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာခဲ့ရကာ နိုင်ငံ့တာဝန်ထိန်းသိမ်းဆောင်ရွက်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက်တပ်မတော်အနေဖြင့်နိုင်ငံတော်၏တာဝန်များကိုတာဝန်ယူဆောင်ရွက်နေရသည့်အချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံရေးအရဆူပူမှုများ၊ အကြမ်းဖက်မှုများကို ဥပဒေနှင့်အညီသာ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့ကြောင်း၊ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားချိန်တွင် အကြပ်အတည်း များရှိခဲ့ကြောင်း၊ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကိုလည်း အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ လက်တွဲညီညီ ဝိုင်းဝန်းကြိုးပမ်း၍ အခက်အခဲများကြားမှ အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ကြောင်း၊ ရောဂါကာကွယ်ဆေးရရှိရေးအတွက်လည်း ပြည်ပနိုင်ငံများသို့ မိမိကိုယ်တိုင်ဆက်သွယ်၍ အမြန်ဆုံးရရှိရေးကြိုးပမ်းဆောင်ရွက်ခဲ့ပြီး တာဝန်သိပြည်သူများ၏ ဝိုင်းဝန်းကူညီမှု၊ စည်းကမ်းလိုက်နာမှုတို့ဖြင့် ယင်းအခက်အခဲများ၊ လိုအပ်မှုများကို ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ရေမြေကောင်းများရှိပြီး စားရေရိက္ခာပေါများကြောင်း၊ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားချိန်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများကို

ဆက်လက်ဆောင်ရွက်ခဲ့ခြင်းကြောင့် စားရေရိက္ခာများကို ပြည့်ဝစွာရရှိခဲ့ကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံ၏ စီးပွားရေးသည် တိုးတက်ကောင်းမွန်လာပြီဖြစ်ပြီး တည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ EAO များ၏ အကြမ်းဖက်တိုက်ခိုက်မှုနှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုဟူ၍ နှစ်မျိုးရှိပြီး PDF အကြမ်းဖက်တိုက်ခိုက်သူများသည် ပြည်သူများကြားမှ ပြည်သူများကို အကာအကွယ်ယူ၍ တိုက်ခိုက်နေခြင်းဖြစ်သည့်အတွက် တပ်မတော်သားများနှင့် ပြည်သူများ တစ်သားတည်းဖြစ်အောင်ဆောင်ရွက်၍ အကြမ်းဖက်မှုများကို နှိမ်နင်းရန်လိုကြောင်း၊ နဝတ၊ နယကခေတ်များတွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ချိန်တွင် အချို့သောအုပ်ချုပ်မှုဆိုင်ရာအားနည်းချက်များရှိခြင်းကြောင့် တပ်မတော်အပေါ် အချို့သောပြည်သူများအနေဖြင့် အမြင်မကြည်လင်မှုများရှိနိုင်ကြောင်း။

၂၀၁၀ ပြည့်နှစ်တွင် မိမိတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ထမ်းဆောင်ချိန်၌ တပ်တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆက်လက်တိုးတက်အောင်ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တပ်နှင့်ပြည်သူဆက်ဆံရေးတိုးတက်ခိုင်မြဲအောင်လည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တပ်မတော်၏အဆင့်ဆင့်တိုးတက်မှုများရှိလာခြင်းကြောင့် ၂၀၁၁–၂၀၂၀ ဒီမိုကရေစီအစိုးရလက်ထက်တွင် တပ်မတော်နှင့်ပြည်သူများအကြားတိုးတက်လာသည့်ဆက်ဆံရေးကိုမလိုလားသည့်ပြည်တွင်းပြည်ပမှ မသမာသူများကအချင်းချင်းသွေးကွဲစေရေးအတွက် သွေးထိုးလှုံ့ဆော်မှုများရှိခဲ့ကြောင်း၊ ထို့ကြောင့် လက်ရှိဖြစ်ပေါ်ခဲ့သည့် ၂၀၂၁ ခုနှစ် နိုင်ငံရေးပြောင်းလဲမှုကာလတွင် မတည်ငြိမ်မှုများပိုမိုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း။

**အမြဲမပြတ်ပြန်လည်လေ့လာ**

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးကိုဆောင်ရွက်သည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် သင်ကြားပေးထားသည့် ကာကွယ်ရေးပညာရပ်များကို အမြဲမပြတ်ပြန်လည်လေ့လာ၊ လေ့ကျင့်နေရမည်ဖြစ်ကြောင်း၊ ကျန်းမာကြံ့ခိုင်မှုရှိစေရန်အတွက်လည်း အမြဲလေ့ကျင့်နေရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် စည်းမျဉ်းစည်းကမ်းများအတိုင်း နေထိုင်ကြရန်လိုပြီး တပ်မတော်သားများ စည်းကမ်းကောင်းမွန်စေရေး တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း။

ကိုဗစ်–၁၉ ရောဂါဖြစ်ပွားခဲ့မှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ဒုတိယလှိုင်းဖြစ်ပွားချိန်၌ ကူးစက်မှုနှုန်းမြင့်တက်ခဲ့ကြောင်း၊ အတိုင်းအတာတစ်ခုအထိ ထိန်းသိမ်းပေးနိုင်ခဲ့ပြီး ယခုအချိန်တွင် ရောဂါကူးစက်မှုများ ပြန်လည်ဖြစ်ပေါ်လျက်ရှိသဖြင့် နေထိုင်သွားလာစားသောက်မှုများကို ဆင်ခြင်တုံတရားဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး ရာသီဥတုနှင့် ညီညွတ်မျှတသည့်နေထိုင်မှုများရှိရန်လိုကြောင်း၊ မိမိတို့ကိုယ်တိုင်သာမက မိသားစုဝင်များအနေဖြင့်လည်း ကိုဗစ်–၁၉ ဆိုင်ရာစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်လိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ မိမိတို့ကိုယ်တိုင် ဗဟုသုတရစေသည့် စာပေများကို ဖတ်ရှုလေ့လာရန်နှင့် မိသားစုဝင်များကိုလည်း ပညာရည်မြင့်မားအောင် အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာရည်မြင့်မားအောင်ဆောင်ရွက်ပြီး မိမိဘဝကို ရပ်တည်နိုင်အောင်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တပ်ရင်း/တပ်ဖွဲ့များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တတ်နိုင်သမျှဆောင်ရွက်ရန်လိုသကဲ့သို့ တစ်ဦးချင်းအလိုက်လည်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက ပြင်ပမှဝယ်ယူစားသောက်မှုများ လျော့နည်းသွားမည်ဖြစ်သဖြင့် ငွေကုန်ကျမှုကို သက်သာစေမည်ဖြစ်ကြောင်း။

တပ်မတော်မှ နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်တွင် နိုင်ငံ၏ငွေကြေးပြဿနာများ ဖြစ်ပေါ်စေရန်အတွက် နည်းလမ်းပေါင်းစုံဖြင့် ဝိုင်းဝန်းတိုက်ခိုက်ခဲ့မှုများရှိကြောင်း၊ စက်သုံးဆီ၊ စားသုံးဆီနှင့် ကုန်ဈေးနှုန်းများကျဆင်းစေရန်အတွက် နိုင်ငံတော်အနေဖြင့် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်သားများအားလုံးအနေဖြင့်လုပ်ငန်းတာဝန်များထမ်းဆောင်ချိန်တွင် တစ်ဦးချင်း လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန်ဖြင့်တာဝန်ကျေပွန်အောင်ဆောင်ရွက်ကြစေလိုကြောင်း၊ စစ်သည်တစ်ဦးချင်းအလိုက် စည်းကမ်းကောင်းမွန်ပြီး မိမိတာဝန်ကို ကျေပွန်စွာထမ်းဆောင်မည်ဆိုပါက တပ်မတော်သည် စွမ်းရည်ရှိသည့် တပ်မတော်၊ စွမ်းအားရှိသည့် တပ်မတော်တစ်ရပ်အဖြစ် တည်ရှိနေမည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

# မြန်မာ့ဆန်စပါးညီလာခံ -၂၀၂၂ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား

## ( ၆ – ၁၀ – ၂၀၂၂ )






မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များ၊ ကြုံတွေ့ရသည့် အခက်အခဲများနှင့် ဆန်စပါးကဏ္ဍ၏ အနာဂတ်ဦးတည်လားရာများကို လေ့လာသုံးသပ်ပြီး အမျိုးသားပို့ကုန်မဟာဗျူဟာနှင့်အညီ ဆန်စပါး စိုက်ပျိုး၊ ထုတ်လုပ်၊ ကြိတ်ခွဲ၊ သိုလှောင်၊ တင်ပို့ရောင်းချခြင်း တန်ဖိုးကွင်းဆက်တစ်လျှောက် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ပြုပြင်ပြောင်းလဲပြင်ဆင်ရမည့် အစီအစဉ်များ၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးဖော်ထုတ်ရန်ရည်ရွယ်၍ **"နိုင်ငံ့စီးပွားမြှင့်တင်ဖို့ ဆန်စပါးဖြင့် ကြိုးပမ်းစို့"** ဟူသည့် ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သည့် မြန်မာ့ဆန်စပါးညီလာခံ–၂၀၂၂ (Myanmar Rice Conference–2022) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၆ ရက်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း (ဗဟိုဌာန–၂)၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ စီးပွားရေးရာဝန်ကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ ပုဂ္ဂလိကဘဏ်များနှင့် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြည်တွင်း/ပြည်ပ စိုက်ပျိုးရေးကျွမ်းကျင်ပညာရှင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ခြင်းသည် ရှေးရာစုနှစ်များစွာကတည်းက ဆောင်ရွက်လာခဲ့သည့် မိရိုးဖလာအသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုဖြစ်ပြီး ခေတ်စနစ်များပြောင်းလဲလာမှုနှင့်အတူ ဆန်စပါးစိုက်ပျိုးထုတ်လုပ်ခြင်းကဏ္ဍတွင်လည်း ဖြစ်ပေါ်ပြောင်းလဲမှု၊ တိုးတက်မှုများစွာ

ပေါ်ပေါက်ခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဆန်ကိုသာ အဓိက စားသုံးကြခြင်းဖြစ်သဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအပါဆုံး ကောက်ပဲသီးနှံတစ်ခုလည်း ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ပို့ကုန်မြှင့်တင်ရေးကို အဓိကဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် နိုင်ငံ၏ ရေ မြေ ရာသီဥတုနှင့်ကိုက်ညီပြီး ပြည်ပဈေးကွက်ကို ပိုမိုတင်ပို့နိုင်မည့် အလားအလာများရှိသည့် ပို့ကုန်များကို ပိုမိုတိုးချဲ့ထုတ်လုပ်တင်ပို့နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိရာတွင် ဆန်စပါးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ခြင်းသည် အချိန်တိုအတွင်း ရလဒ်ကောင်းများ ရစေနိုင်သည့် (Quick Win) အစီအစဉ်တစ်ခုလည်းဖြစ်ပါကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးဦးတည်ချက်များထဲတွင် **"စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီ နည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး"** ဆိုသည့် ဦးတည်ချက်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

**အရင်းအမြစ်များ ပြည့်စုံပြီးဖြစ်**

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် မြေအရင်းအမြစ်၊ ရေသယံဇာတနှင့် လူသားအရင်းအမြစ်များ ပြည့်စုံပြီးဖြစ်သည့်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို စနစ်တကျစီမံဆောင်ရွက်နိုင်ခဲ့မည်ဆိုပါက ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက်သာမက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း။

ယနေ့ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှု၊ နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် စားနပ်ရိက္ခာဖူလုံမှုအပေါ်တွင် စိန်ခေါ်မှုများစွာ ပေါ်ပေါက်လျက်ရှိနေပြီး နိုင်ငံတိုင်းက ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအတွက်ဦးတည်ပြီး မူဝါဒမျိုးစုံချမှတ်ကျင့်သုံးနေသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ထိုသို့သောအခြေအနေမျိုးတွင် စိုက်ပျိုးရေးကို အခြေခံပြီး စားနပ်ရိက္ခာ ကောက်ပဲသီးနှံထုတ်လုပ်နိုင်သည့် မြန်မာနိုင်ငံအတွက် အခွင့်အလမ်းကောင်းများ များစွာပေါ်ပေါက်လာသည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပေါ်ပေါက်လာသည့်အခွင့်အလမ်းကောင်းကို အမိအရရယူပြီး နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ရာတွင် ဆန်စပါးကဏ္ဍသည် ယခင်ကထက် ပိုမိုဦးစားပေးဆောင်ရွက်ရန် လိုအပ်ကြောင်းကိုလည်း အသိပေးလိုပါကြောင်း၊ အရည်အသွေးနှင့် အထွက်နှုန်းပိုမိုကောင်းမွန်သည့် ဆန်စပါးတိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးနှင့် ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးကို ဦးစားပေးလုပ်ငန်းတစ်ခုအနေဖြင့် ဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းလိုပါကြောင်း။

**ဦးစားပေးကဏ္ဍတစ်ရပ်**

ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရန်အတွက် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည့် **"အမျိုးသားပို့ကုန်မဟာဗျူဟာ"** ၏ ဦးစားပေးပို့ကုန်အမယ်ထဲတွင် ဆန်နှင့်ဆန်ထွက်ပစ္စည်းကဏ္ဍသည် ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ်ပါဝင်ပါကြောင်း၊ ဆန်စပါးတင်ပို့မှုမြှင့်တင်ရေးမဟာဗျူဟာ၏ မျှော်မှန်းချက်သည် **"ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးပွားလာစေရေးအတွက် အရည်အသွေးမြင့်မားပြီး၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်မည့် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် ဆန်စပါးထုတ်လုပ်ရေးနှင့်တင်ပို့ရေး"** ဖြစ်ပါကြောင်း။

အဆိုပါ မဟာဗျူဟာ ရည်မှန်းချက်အရ မြန်မာ့ဆန်စပါးတိုးတက်ထုတ်လုပ်ပြီး ပို့ကုန်တိုးမြှင့်ရန်နှင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ယခု **"မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂"** ကို **"နိုင်ငံ့စီးပွား မြှင့်တင်ဖို့ ဆန်စပါးဖြင့်ကြိုးပမ်းစို့ (Rising with Rice)"**ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) တို့ပူးပေါင်းကျင်းပခြင်းကိုလည်း ကြိုဆိုပါကြောင်း။

ယခုကျင်းပသည့် ညီလာခံတွင် မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သင့်သည့်လုပ်ငန်းစဉ်များ၊ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် ဆန်စပါးကဏ္ဍ၏ အနာဂတ်ဦးတည်ချက်လားရာများကိုလေ့လာသုံးသပ်ပြီး အမျိုးသားပို့ကုန်မဟာဗျူဟာနှင့်အညီ ဆန်စပါးစိုက်ပျိုးထုတ်လုပ်၊ ကြိတ်ခွဲ၊ သိုလှောင်၊ တင်ပို့ရောင်းချခြင်း တန်ဖိုးကွင်းဆက်တစ်လျှောက် ဆောင်

ရွက်ရမည့်လုပ်ငန်းများ၊ ပြုပြင်ပြောင်းလဲပြင်ဆင်ရမည့် လုပ်ငန်းအစီအစဉ်များ၊ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍများမှ ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်များကို ဆွေးနွေး ဖော်ထုတ်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ မြန်မာ့ ဆန်စပါးညီလာခံကို အစိုးရ-ပုဂ္ဂလိကဆွေးနွေးပွဲ (Public-Private Dialogue) ပုံစံဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည့် အတွက် ဆန်စပါးနယ်ပယ်အတွင်းတွင် ကွဲပြားသည့် လုပ်ငန်းတာဝန်များနှင့် ပါဝင်လျက်ရှိသူများအနေဖြင့် ဆွေးနွေးမှုများကတစ်ဆင့် ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက် ရေးအတွက် တူညီသည့်ဦးတည်ချက်များ ချမှတ်သွားနိုင် လိမ့်မည်ဟုလည်း မျှော်လင့်မိပါကြောင်း။

**အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ်**

ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာ ဝပြောရေးနှင့် စားနပ်ရိက္ခာဖူလုံရေးဆိုသည့် အမျိုးသား ရေးလုပ်ငန်းစဉ် (၂) ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေ ကြပြီး စိုက်ပျိုးမွေးမြူရေးကိုအခြေခံ၍ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နေသော နိုင်ငံဖြစ်သည့် အတွက် နိုင်ငံတော်အစိုးရကလည်း နိုင်ငံသူနိုင်ငံသားများ အားလုံး စားရေရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝစွာရရှိရေး၊ အစားအစာဘေးကင်းလုံခြုံမှုရှိစေရေးတို့ကို ဦးစားပေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဆန်စပါးသည် အဓိက စိုက်ပျိုးထုတ်လုပ်သည့်သီးနှံဖြစ်ပြီး သီးနှံစိုက်ပျိုးဧရိယာ အားလုံး၏ ၃၄ ရာခိုင်နှုန်းခန့်ရှိပါကြောင်း။

၂၀၂၀-၂၀၂၁ ခုနှစ်တွင် စုစုပေါင်း စပါးစိုက်ပျိုးဧက ၁၇ သန်းခန့် စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၁-၂၀၂၂ ခုနှစ်တွင် မိုး စပါးစိုက်ဧက ၁၅ သန်းခန့်နှင့် နွေစပါးစိုက်ဧက ၂ ဒသမ ၄ သန်း၊ စုစုပေါင်း စပါးစိုက်ပျိုးဧက ၁၇ ဒသမ ၄ သန်းခန့် စိုက်ပျိုးနိုင်ခဲ့ပါကြောင်း။ တိုင်းပြည်၏ အဓိကသီးနှံဖြစ်သည့် စပါး ၁ ဧကထွက်နှုန်းကို ရည်မှန်းချက်ဖြစ်သည့် တင်း ၁၀၀ ထွက်ရှိနိုင်ရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွား ကြရန်လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံသားများ တစ်နှစ်ကို ဆန်စားသုံးမှု ၁၅၅ ကီလိုဂရမ်၊ တစ်နည်းအားဖြင့် ၉၇ ပြည် ခန့် စားသုံးမှုရှိသည့်အတွက် နိုင်ငံအတွင်း စားသုံးမှုသည် လက်ရှိစပါးစိုက်ပျိုးမှုနှင့် ဖူလုံပိုလျှံမှုရှိပါကြောင်း၊ လက်ရှိ စပါးစိုက်ပျိုးဧကအတိုင်း သီးထပ်အပြည့်အဝစိုက်ပျိုးနိုင် မည်ဆိုပါက များစွာပိုလျှံပြီး ပြည်ပသို့ပိုမိုတင်ပို့နိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် စပါးစိုက်ဧက တိုးချဲ့ရေးထက် လက်ရှိစပါးစိုက်မြေများတွင် စပါးပြီးစပါး၊ စပါး ပဲ စပါး၊ စပါး နေကြာ စပါး စသဖြင့် မိမိတို့နှစ်သက်ရာသီးနှံများဖြင့် တွဲဖက်ပြီး သီးထပ်အဖြစ် စိုက်ပျိုးသွားကြရန် တိုက်တွန်း လိုပါကြောင်း၊ ထုတ်လုပ်မှုရှိမှသာ ထုတ်ကုန်ပစ္စည်းရှိပြီး ရောင်းကုန်ပစ္စည်းလည်း ရရှိလာမည်ဖြစ်ကြောင်း။

**တစ်ဧကအထွက်နှုန်း တိုးတက်ရေး**

ထို့ပြင် ပြည်တွင်းဆန်ရိက္ခာ ဖူလုံပိုလျှံပြီး ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးအတွက်လည်း စပါးစိုက်ဧကများ တိုးချဲ့ ခြင်းထက် တစ်ဧကအထွက်နှုန်း တိုးတက်မှုဖြစ်စေရေး ထိထိရောက်ရောက်ကြိုးပမ်းကြရန် အရေးကြီးကြောင်း။

စပါးစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်ရွေးချယ် စိုက်ပျိုးနိုင်ရန် အရေးကြီးသည်ကို အားလုံးအသိပင်ဖြစ် ပါကြောင်း၊ မြန်မာနိုင်ငံတွင် စပါးမျိုး ၉၀ ကျော် စိုက်ပျိုး လျက်ရှိရာတွင် ပြည်တွင်းဈေးကွက်အကြိုက် စပါးမျိုး ၅၀ ခန့်နှင့် ပြည်ပဈေးကွက်အကြိုက် စပါးမျိုး ၂၀ ကျော်ရှိ ပါကြောင်း၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအနေဖြင့်

မြန်မာနိုင်ငံတွင် စပါးမျိုး ၉၀ ကျော် စိုက်ပျိုးလျက်ရှိရာတွင် ပြည်တွင်းဈေးကွက် အကြိုက် စပါးမျိုး ၅၀ ခန့်နှင့် ပြည်ပဈေးကွက် အကြိုက် စပါးမျိုး ၂၀ ကျော်ရှိ၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအနေဖြင့် စပါးမျိုးမြောက်မြားစွာ
စိုက်ပျိုးနေမည့်အစား ရေလိုအပ်ချက်နည်းပြီး ရေကြီးနစ်မြုပ်မှုဒဏ်၊ ပိုးမွှားဒဏ်ခံနိုင်သည့်ဒေသ ရေမြေရာသီဥတုနှင့်ကိုက်ညီသော ဈေးကွက်ဝင် မျိုးကောင်းမျိုးသန့် စပါးမျိုးများကို ရွေးချယ် စိုက်ပျိုးရန်လိုအပ်ပြီး ပြည်တွင်းဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုတွင် မျိုးသန့်စိုက်ပျိုးသည့် ဓလေ့မှ အရည်အသွေးကောင်းသည့်မျိုးစေ့များ ဝယ်ယူသုံးစွဲစိုက်ပျိုးနိုင်သည့်အခြေအနေ ရောက်ရှိနိုင်ရန်ကိုလည်း ကြိုးပမ်းရမည်ဖြစ်။

စပါးမျိုးပြောက်မြားစွာစိုက်ပျိုးနေမည့်အစား ရေလိုအပ်ချက်နည်းပြီး ရေကြီးနစ်မြုပ်မှုဒဏ်၊ ပိုးမွှားဒဏ်ခံနိုင်သည့်ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသော ဈေးကွက်ဝင်မျိုးကောင်းမျိုးသန့် စပါးမျိုးများကို ရွေးချယ်စိုက်ပျိုးရန်လိုအပ်ပြီး ပြည်တွင်းဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုတွင် မျိုးသန့်စိုက်ပျိုးသည့်ဧလေ့မှ အရည်အသွေးကောင်းသည့်မျိုးစေ့များ ဝယ်ယူသုံးစွဲစိုက်ပျိုးနိုင်သည့်အခြေအနေရောက်ရှိနိုင်ရန်ကိုလည်း ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မျိုးစေ့ထုတ်ကုမ္ပဏီများ၏အခန်းကဏ္ဍကိုလည်း မြှင့်တင်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း။

စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့်လည်း မျိုးကောင်းမျိုးသန့်များရွေးချယ်အသုံးပြုခြင်းနှင့်အတူ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ၊ ဇီဝမြေဩဇာတို့ကို ရောနှောရောစပ်အသုံးပြုခြင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး တွဲဖက်လုပ်ကိုင်ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ကျင့်သုံးဆောင်ရွက်ခြင်းတို့ကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်သင့်သည်ကို အကြံပြုတိုက်တွန်းလိုပါကြောင်း။

**အထူးချေးငွေစီစဉ်ပေးမည်**

မကြာမီ ရောက်ရှိတော့မည့် နွေစပါးရာသီအတွက် ဧက ၈ ဒသမ ၅ သိန်းတွင် အကျိုးတူလယ်ယာစနစ် (Contract Farming) ဆောင်ရွက်ရန်အတွက် နိုင်ငံတော်က တစ်ဧကကိုကျပ် ၂ သိန်းနှုန်းဖြင့် အထူးချေးငွေစီစဉ်ပေးမည်ဖြစ်ပြီး ဆန်စပါးသီးနှံအတွက် ငွေကျပ် ၁၄၀ ဘီလီယံအထိ ထောက်ပံ့ပေးအပ်သွားရန် စီစဉ်ပေးထားပါကြောင်း၊ အဆိုပါထောက်ပံ့မှုများသည် မျိုး၊ မြေဩဇာစသည့်သွင်းအားစုအတွက် ထောက်ပံ့မှုဖြစ်ပြီး သက်ဆိုင်သူအားလုံးက အကျိုးရှိစေရေး စနစ်တကျပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရာတွင် အရည်အသွေးကောင်းသည့် စပါးများထွက်ရှိရန်လိုသကဲ့သို့ ထွက်ရှိလာသည့်စပါးကို ကြိတ်ခွဲရာတွင်လည်း သန့်ရှင်းပြီး အဆင့်အတန်းမီသည့်ဆန်များရရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာဆန်ဈေးကွက်တွင် ဈေးနှုန်းဈေးကွက် (Price Market) နှင့် အရည်အသွေး ဈေးကွက် (Quality Market) ဟူ၍ ဈေးကွက်နှစ်မျိုးရှိရာတွင် မြန်မာနိုင်ငံအနေဖြင့် ကြိတ်ခွဲထုတ်လုပ်မှုအပိုင်းတွင် ခေတ်မမီသည့်အတွက်ကြောင့် ရှေးယခင်ကတည်းကပင် ဈေးကောင်းမရရှိသည့်တန်းနိမ့်ဆန်များကို ဦးစားပေးတင်ပို့ခဲ့ရသည့် အခြေအနေမှ ယနေ့ကာလတွင် အရည်အသွေးပိုမိုကောင်းမွန်သည့် ဆန်များကို တိုးမြှင့်တင်ပို့လာနိုင်သည့်အခြေအနေကို စတင်ပြောင်းလဲရောက်ရှိလာသည်ကို တွေ့ရှိရပါကြောင်း။

ယနေ့ ဆန်စပါးလုပ်ငန်းတွင် ဆန်အရည်အသွေးနှင့် ပတ်သက်၍ ကြုံတွေ့နေရသောပြဿနာများဖြစ်သည့် ဆန်နီစပါးများခြင်း၊ မျိုးရောနှောခြင်း၊ မျိုးကွဲများပြားခြင်း၊ ဆန်စပါးအရွယ်အစားသည် စားသုံးသူများအတွက် ဆွဲဆောင်မှုအားနည်းခြင်း၊ ဆန်အရောင်အသွေးမလှပခြင်း၊ ဆန်အရည်အသွေးအားနည်းခြင်းများသည် ဈေးကွက်ကို များစွာထိခိုက်စေပါကြောင်း၊ ထို့ကြောင့် အဆိုပါစိန်ခေါ်မှုများကို စိုက်ပျိုးထုတ်လုပ်မှုအပိုင်းက ပြုပြင်ပြောင်းလဲရမည့်ဆောင်ရွက်မှုများ လိုအပ်သလိုကြိတ်ခွဲထုတ်လုပ်မှုအပိုင်းကလည်း ပြောင်းလဲဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ပေါင်းစပ်လုပ်ဆောင်ကြမည်ဆိုပါက မြန်မာ့ဆန်ဈေးကွက်ဝင်ရောက်မှုသည် သိသာစွာတိုးတက်ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုအစိုးရ၏ ဦးဆောင်မှုဖြင့် စီမံဆောင်ရွက်သည့် မူဝါဒနှင့် လုပ်ငန်းစဉ်များ လိုအပ်သကဲ့သို့ တိုင်းဒေသကြီး ပြည်နယ်အစိုးရများအနေဖြင့် ဆန်ကြိတ်ခွဲထုတ်လုပ်မှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေး အထူးအလေးပေးဆောင်ရွက်ကြရန် အလေးအနက်ထားမှာကြားလိုပါကြောင်း။

**ကမ္ဘာ့ထိပ်တန်းနိုင်ငံ**

မြန်မာနိုင်ငံလွတ်လပ်ရေးမရရှိမီကာလက ဆန်တင်ပို့မှုတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့ပါကြောင်း၊ ၁၉၃၀ ပြည့်နှစ်ဝန်းကျင်တွင် ပြည်ပကို ဆန်တန်ချိန် ၃ ဒသမ ၅ သန်းအထိတင်ပို့နိုင်ခဲ့ပြီး ကမ္ဘာ့ဆန်အများဆုံးတင်ပို့သည့်နိုင်ငံအဖြစ်ရပ်တည်ခဲ့ခြင်းမှ တဖြည်းဖြည်းပြည်ပတင်ပို့နိုင်မှု ကျဆင်းခဲ့ပြီး ၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်မှစတင်၍ ပြည်ပတင်ပို့နိုင်မှုပြန်လည်တိုးတက်လာခဲ့ကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃ ဒသမ ၆ သန်းကို နိုင်ငံ ၆၄ နိုင်ငံထိ ပြန်လည်တင်ပို့နိုင်ခဲ့သည်ကို တွေ့ရပါကြောင်း။

လက်ရှိ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၆ လတာကာလအတွင်း ဆန်တန်ချိန် ၅ သိန်းကျော်နှင့် ဆန်ကွဲတန်ချိန် ၃ ဒသမ ၆ သိန်း၊ စုစုပေါင်းတန်ချိန် ၈ ဒသမ ၆ သိန်းကျော်ကို

နိုင်ငံ ၃၈ နိုင်ငံကိုတင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် ဆန်၊ ဆန်ကွဲတန်ချိန် ၂ သိန်းကျော် ပိုမိုတင်ပို့နိုင်သည်ကို တွေ့ရပါကြောင်း။

**အလားအလာကောင်းမွန်နေ**

ဆန်အရည်အသွေးကောင်းမွန်ရေးသည် ပြည်ပဆန်တင်ပို့မှုတွင်အရေးပါပြီး အချို့ပြည်ပနိုင်ငံများကို ပေါင်းဆန်တင်ပို့ရာတွင် တစ်တန်လျှင်အမေရိကန်ဒေါ်လာ ၄၆၀ မှ ၅၀၅ အထိ ဈေးရရှိသည်ကိုတွေ့ရပါကြောင်း၊ ဘဏ္ဍာနှစ် ၆ လပတ်အတွင်း ဆန်တင်ပို့မှုတန်ချိန် ၈ ဒသမ ၆ သိန်းအနက်ပေါင်းဆန် ၅ ရာခိုင်နှုန်း၊ ဆန်ကွဲ ၄၂ ရာခိုင်နှုန်း၊ ပုံမှန်ဆန်တင်ပို့မှု ၅၃ ရာခိုင်နှုန်းဖြစ်နေသည့်အတွက် အခုကဲ့သို့ပြည်ပပို့ကုန်အလားအလာကောင်းမွန်နေသည့် အခြေအနေတွင်ပြည်တွင်းဆန်ထုတ်လုပ်မှုတိုးတက်ရေး၊ အရည်အသွေးမြင့်မားရေးကို ယခုညီလာခံတွင် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုပါကြောင်း။

မြန်မာ့ဆန်ကို လွန်ခဲ့သည့်ကာလများက အာဖရိကနှင့် ဥရောပနိုင်ငံများကို အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ရာမှ ယခုအခါ အာရှဈေးကွက်ကို ပိုမိုတင်ပို့လာသည်အထိ ဈေးကွက်ကျယ်ပြန့်ပြောင်းလဲလာမှုကိုလည်း တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ဈေးကွက်အသစ်များကို ရှာဖွေတင်ပို့ရန်လိုအပ်သကဲ့သို့ မူလရရှိပြီးသားဈေးကွက်များကိုလည်း ရေရှည်ဆက်လက်တင်ပို့နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် မြန်မာ့ဆန်ကို ဝယ်ယူနေသည့်နိုင်ငံများထဲတွင် ယခင် ၃/၄ နှစ်က ဝယ်ယူမှုရှိပြီး လက်ရှိပျောက်ကွယ်နေသည့် အာဖရိကနှင့် တောင်အာရှဈေးကွက်များကိုလည်း ဆန်ပြန်လည်တင်ပို့ရောင်းချနိုင်ရေးနှင့် ဈေးကွက်ပြန်လည်ရရှိရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ညီနောင်အသင်းများ၊ ဌာနဆိုင်ရာများဘက်ကပါ ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားလိုပါကြောင်း။

ဆန်ပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရန် ကြိုးပမ်းမှုအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တတိယအကြိမ်အဖြစ် ဆန်တန်ချိန် ၂ သိန်း ရောင်းချနိုင်ရန်ဆောင်ရွက်လျက်ရှိပြီး တန်းမြင့်ဆန်တစ်ချို့ကိုလည်း အာဖရိကနိုင်ငံသာမက တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုပါ တိုးမြှင့်တင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ကြောင့် နိုင်ငံတကာ ဈေးကွက် အခြေအနေများကိုလည်း မျက်ခြည်မပြတ် လေ့လာသုံးသပ်ပြီး၊ ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံရေးနှင့် ပိုလျှံမှုကို ပြည်ပသို့ စနစ်တကျ တိုးချဲ့တင်ပို့နိုင်ရေးကို အလေးထားပြီး စီစဉ်လုပ်ဆောင်သင့်သည်ကို တိုက်တွန်းလိုပါကြောင်း၊ အရည်အသွေးကောင်းတန်းမြင့်ဆန်များပိုမိုထုတ်လုပ်ပြီး တင်ပို့ရောင်းချမှုမှ ဝင်ငွေတိုးတက်ရရှိမည်ဖြစ်သည့်အတွက် ကြိုးပမ်းလုပ်ဆောင်ကြရန် တိုက်တွန်းလိုပါကြောင်း။

ဆန်စပါးလုပ်ငန်း၏ ဘေးထွက်ပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများမှ တန်ဖိုးမြင့်ထွက်ကုန်များ ထုတ်လုပ်နိုင်အောင် စနစ်တကျစီမံလုပ်ဆောင်သင့်ပါကြောင်း၊ ဆန်စပါးလုပ်ငန်းကို ပို့ကုန်မြှင့်တင်ရေးအတွက်သာမက သွင်းကုန်အစားထိုးရေးအတွက်ပါ မဟာဗျူဟာမြောက်စဉ်းစားဖော်ဆောင်နိုင်ပါကြောင်း၊ ဘေးထွက်ပစ္စည်းဖြစ်သည့် တိရစ္ဆာန်အစာအဖြစ်သာ အသုံးဝင်သည့်ဖွဲနုကို သွင်းကုန်အစားထိုး ကျန်းမာရေးအထောက်အကူပြုနိုင်သည့်

> **မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် တစ်ချိန်က ဆန်အများဆုံးတင်ပို့သည့်နိုင်ငံအဖြစ် မှတ်တမ်းတင်ခံခဲ့ရသော နိုင်ငံဖြစ်သည့်အတွက် ယခင်အခြေအနေကို ပြန်လည်ရောက်ရှိအောင် စိုက်ပျိုးသူလယ်သမားကြီးများ၊ သိုလှောင်ကြိတ်ခွဲသူများ၊ ကုန်သည်ကြီးများ၊ ပြည်ပတင်ပို့သည့်ကုမ္ပဏီများ၊ တစ်ဆင့်ခံရောင်းဝယ်သူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ဆန်စပါးနယ်ပယ်မှ အသင်းအဖွဲ့များက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တက်ညီလက်ညီပူးပေါင်း ဆောင်ရွက်သွားကြရန်နှင့် မြန်မာနိုင်ငံဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် လိုအပ်ချက်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်။**

တန်ဖိုးမြင့်ဖွဲ့နဲ့ဆီထုတ်ယူပြီး ပြည်တွင်းစားသုံးဆီ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပါက ပြည်ပမှဆီတင်သွင်းမှု လျှော့ချနိုင်မည်ဖြစ်သဖြင့် ဖွဲ့နုဆီစက်များ တည်ဆောက်လည်ပတ်နိုင်ရေးအတွက် ပုဂ္ဂလိက၊ အစိုးရ၊ အသင်းအဖွဲ့စသည့် ကဏ္ဍအသီးသီးမှ ကဏ္ဍအလိုက်ဆောင်ရွက်သင့်သည်များကို ဆွေးနွေးဖော်ထုတ်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

**ဆန်စပါးဈေးကွက်တည်ငြိမ်ရေး**

နှစ်စဉ်ဆန်စပါးထုတ်လုပ်မှုမှ ၈၀ ရာခိုင်နှုန်းခန့်သည် ပြည်တွင်းရှိ လုပ်သားပြည်သူများ၊ တောင်သူလယ်သမားများအပါအဝင် လူထုတစ်ရပ်လုံး၏ စားသုံးမှု၊ အခြားမုန့်ပဲသရေစာများထုတ်လုပ်မှုတွင် အသုံးချလျက်ရှိပြီး ၂၀ ရာခိုင်နှုန်းခန့်ကိုသာ ပြည်ပတင်ပို့မှုဆောင်ရွက်နေခြင်းကြောင့် ပြည်တွင်းစားသုံးမှု၊ ဆန်စပါးဈေးကွက်တည်ငြိမ်ရေးကိုလည်း အစိုးရ-ပုဂ္ဂလိက တောင်သူလယ်သမားများ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ တောင်သူလယ်သမားများအနေဖြင့်လည်း သွင်းအားစုကုန်ကျစရိတ်များနှင့်လျော်ညီသည့် စပါးဈေးနှုန်းများ ရရှိရန်လိုအပ်မည်ဖြစ်သကဲ့သို့ စားသုံးသူလုပ်သားပြည်သူများအတွက်လည်း သင့်တင့်သည့် ဆန်ဈေးနှုန်းများနှင့် ဝယ်ယူစားသုံးနိုင်ရေး၊ နိုင်ငံခြားပို့ကုန်ကိုလည်း စဉ်ဆက်မပြတ်တင်ပို့နိုင်ရေး သုံးဘက်ညီလုပ်ငန်းစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ဆန်စပါးဆိုင်ရာအသင်းအဖွဲ့များအားလုံး ဟန်ချက်ညီညီဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

အနာဂတ်တွင် ဆန်စပါးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရိတ်သိမ်းချိန်မတိုင်မီ စိုက်ပျိုးထုတ်လုပ်မှု (Pre-Harvest) ကဏ္ဍတွင် တောင်သူလယ်သမားများအတွက် ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးသည့် သီးနှံအာမခံစနစ်များ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ဒေသရေမြေ၊ ရာသီဥတုနှင့်ကိုက်ညီပြီး ဈေးကွက်ဝင်အထွက်ကောင်းမျိုးကောင်းမျိုးသန့်များကို မျိုးအရေအတွက်နည်းနည်းပမာဏများများဖြင့် ရွေးချယ်စိုက်ပျိုးစေရေး၊ ပြည်တွင်းစားသုံးရန်နှင့် ပြည်ပတင်ပို့ရန် စပါးမျိုးများကို စနစ်တကျရွေးချယ်ပြီး၊ စိုက်ပျိုးရာတွင်လည်း ဒေသအလိုက် ဇုန်များသတ်မှတ်ကာ စိုက်ပျိုးထုတ်လုပ်ရေး၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများနှင့် ပြည်ပတင်ပို့သူကုမ္ပဏီများအကြား အကျိုးတူလယ်ယာစနစ် (Contract Farming) ဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်ပြီး ဝင်ငွေတိုးတက်ရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ဆန်စပါးအထူးပြုကုမ္ပဏီကြီးများထူထောင်ပြီး တန်ဖိုးကွင်းဆက် (Value Chain) တစ်လျှောက် စနစ်တကျထိရောက်စွာစိုက်ပျိုးထုတ်လုပ်ဆောင်ရွက်နိုင်ရေးတို့အတွက် လိုအပ်ချက်များကို ဝိုင်းဝန်းအဖြေရှာဆွေးနွေးကြရန် မှာကြားလိုပါကြောင်း။

ရိတ်သိမ်းချိန်လွန် (Post-Harvest) ကဏ္ဍတွင်လည်း စပါးအရည်အသွေးထိန်းသိမ်းနိုင်ရေးအတွက်စပါးအခြောက်ခံစက်များ တိုးမြှင့်ထုတ်လုပ်အသုံးပြုနိုင်ရေး၊ ပြည်ပတင်ပို့ရာတွင် ဈေးကောင်းရရှိသည့်တန်းမြင့်ဆန်ကြိတ်ခွဲထုတ်လုပ်နိုင်သည့် ဆန်စက်များ တိုးတက်များပြားလာစေရေး၊ အရည်အသွေးကောင်းဆန်များကို အရေအတွက်ပိုမိုထုတ်လုပ်နိုင်ပြီး ပြည်ပဈေးကွက်ကို တိုးတက်တင်ပို့နိုင်ရေး၊ ဆန်စပါးကဏ္ဍတွင် ဒီဂျစ်တယ်နည်းပညာများထိရောက်စွာအသုံးပြုနိုင်ရေးတို့အတွက် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးကြပြီး ဆက်လက်ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်များချမှတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

**ထိထိရောက်ရောက်ဆွေးနွေး**

ယနေ့ တက်ရောက်လာသည့် ဆန်စပါးနယ်ပယ်မှ အတွေ့အကြုံရှိသည့် ဘာသာရပ်ဆိုင်ရာ ဆန်စပါးပညာရှင်များ၊ ပုဂ္ဂလိကကဏ္ဍနယ်ပယ်အသီးသီးမှ ပါဝင်တက်ရောက်သူများ၊ ဆန်စပါးကဏ္ဍနှင့် ဆက်စပ်လျက်ရှိသည့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများအပြင် ပြည်ပမှလာရောက်သည့် ဆန်စပါးပညာရှင်လည်း ပါဝင်တက်ရောက်ကြောင်းသိရှိရသည့်အတွက် အရည်အသွေးကောင်းမွန်သည့် ဆန်စပါးထုတ်လုပ်နိုင်ရေး၊ အရေအတွက်ပမာဏ ပိုမိုထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်ပနိုင်ငံများကို ပိုမိုတင်ပို့ရောင်းချနိုင်ရေးတို့အတွက် ထိထိရောက်ရောက်ဆွေးနွေးဆောင်ရွက်နိုင်လိမ့်မည်ဟုလည်း မျှော်လင့်မိပါကြောင်း၊ မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေတို၊ ရေရှည်စီမံကိန်း၊ စီမံချက်များဖြင့် ဆောင်ရွက်သွားရမည့် သုံးသပ်အကြံပြုချက်များကိုလည်း ဖော်ထုတ်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် တစ်ချိန်က

ဆန်အများဆုံးတင်ပို့သည့်နိုင်ငံအဖြစ် မှတ်တမ်းတင်ခံခဲ့ရသော နိုင်ငံဖြစ်သည့်အတွက် ယခင်အခြေအနေကို ပြန်လည်ရောက်ရှိအောင် စိုက်ပျိုးသူလယ်သမားကြီးများ၊ သိုလှောင်ကြိတ်ခွဲသူများ၊ ကုန်သည်ကြီးများ၊ ပြည်ပတင်ပို့သည့် ကုမ္ပဏီများ၊ တစ်ဆင့်ခံရောင်းဝယ်သူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ဆန်စပါးနယ်ပယ်မှ အသင်းအဖွဲ့များက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တက်ညီလက်ညီပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် မြန်မာနိုင်ငံဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် လိုအပ်ချက်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်နိုင်ဦး၊ ဦးတင်ထွဋ်ဦးနှင့် ဦးလှမိုးတို့က မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂ အခမ်းအနားကျင်းပပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍ အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က **"နိုင်ငံ့စီးပွား မြှင့်တင်ဖို့၊ ဆန်စပါးဖြင့် ကြိုးပမ်းစို့"** ခေါင်းစဉ်ဖြင့် တင်ပြဆွေးနွေးသည်။

တင်ပြဆွေးနွေးမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေနှင့် နည်းပညာများလိုအပ်မှု၊ မျိုးကောင်းမျိုးသန့်များရရှိရေးအတွက် နိုင်ငံတော်အစိုးရမှဆောင်ရွက်လျက်ရှိသကဲ့သို့ပုဂ္ဂလိကကဏ္ဍမှလည်း ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်မှု၊ စိုက်ပျိုးမြေများကို စက်ကိရိယာများ အသုံးပြုစိုက်ပျိုးနိုင်ရေးအတွက် စနစ်တကျပြုပြင်ဆောင်ရွက်ရန် လိုအပ်မှု၊ ဓာတ်မြေဩဇာများ လုံလောက်စွာရရှိရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ စိုက်ပျိုးတောင်သူများအနေဖြင့်လည်း မွေးမြူရေးလုပ်ငန်းများမှထွက်ရှိလာသည့် ဇီဝမြေဩဇာများကဲ့သို့သော သဘာဝမြေဩဇာများကို အသုံးပြုဆောင်ရွက်ရန်လိုအပ်မှု၊ စိုက်ပျိုးရေနှင့်အောင်းရေများ လုံလောက်စွာရရှိရေးအတွက် မြစ်ရေတင်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်မှု၊ ဆန်စပါးများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်၍ ပြည်တွင်းဈေးကွက်နှင့် ပြည်ပဈေးကွက်များသို့ရောင်းချနိုင်ရေး ဈေးကွက်ရှာဖွေခြင်းနှင့် ဈေးကွက်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်မှု၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ အားပေးပံ့ပိုးကူညီဆောင်ရွက်ပေးနေမှု အခြေအနေများနှင့်စပ်လျဉ်း၍ အကျယ်တဝံ့ရှင်းလင်းပြောကြားသည်။

■ ■ ■

# ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၂) တွင် ပြောကြားသည့်အမှာစကား

( ၇ - ၁၀ - ၂၀၂၂ )






ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၇/၂၀၂၂) ကို အောက်တိုဘာလ ၇ ရက်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ကြသည်။

**နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ၊ ပြည်တွင်းအားဖြင့် တည်ဆောက်ခြင်းသည် စိတ်အချရဆုံးဖြစ်**

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့်ကာလအတွင်း ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ (၁/၂၀၂၂) အစည်းအဝေးနှင့် မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂ ကို ကျင်းပပြုလုပ်ခဲ့ကြောင်း၊ အဆိုပါလုပ်ငန်းရပ်နှစ်ခုလုံးသည် နိုင်ငံ့စီးပွားရေးမြှင့်တင်မှုအတွက် အဓိကကျသည့် လုပ်ငန်းရပ်များဖြစ်ကြောင်း၊ အစိုးရတစ်ရပ်သည် အဓိကအားဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန် တာဝန်ရှိကြောင်း၊ ပြီးခဲ့သည့်နှစ်မိမိတို့တာဝန်ယူပြီးနောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့စီးပွားတိုးတက်မှုများ တုန့်ဆိုင်းမှုဖြစ်ပေါ်ခဲ့ကြောင်း၊ ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အနုတ်လက္ခဏာပြနေသည်ဟု ပြောကြားခဲ့ကြကြောင်း၊ နိုင်ငံစီးပွားရေးကျဆင်းသည်ဟုဆိုသော်လည်း မိမိတို့နိုင်ငံ အနေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများ အမြဲမပြတ်ထုတ်လုပ်၍ ပြည်ပသို့ပို့ကုန်များတင်ပို့နိုင်ခြင်းကြောင့် စီးပွားရေးနှင့်ပတ်သက်၍ များစွာထိခိုက်ကျဆင်းသွားခြင်းမရှိကြောင်း။

တိုင်းပြည်အားသည် ပြည်တွင်းမှာသာရှိပြီး ပြည်ပကိုတတ်နိုင်သမျှ မှီခိုမှုမပြုရန် မိမိအနေဖြင့် အမြဲပြောကြားခဲ့ကြောင်း၊ ယင်းသည် ခေတ်အဆက်ဆက်တွေ့ကြုံသည့် သင်ခန်းစာများအရဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပကိုအားကိုးနေ၍မရဘဲ ပြည်တွင်းစီးပွားရေးကို အားပေးဆောင်ရွက်ခြင်းဖြင့် တတ်နိုင်သမျှကြိုးပမ်းဆောင်ရွက်မည်ဆိုပါက အကောင်းဆုံးပင်ဖြစ်

ကြောင်း၊ မိမိတို့တာဝန်ယူနေချိန်တွင် ပြည်တွင်းစီးပွားရေးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထားအားပေးဆောင်ရွက် နေကြောင်း၊ MSME လုပ်ငန်းများသည် ပြည်တွင်းရှိ လုပ်ငန်းရှင်များ ကိုယ်တိုင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းများဖြစ်ကြောင်း၊ မိတ္ထီလာ၊ ရန်ကုန်နှင့် ပြည်မြို့များရှိ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးရာတွင် MSME လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့ကိုယ်တိုင်ဆောင်ရွက်နိုင်သည်များရှိသကဲ့သို့ နိုင်ငံတော်အစိုးရမှ ကူညီဆောင် ရွက်ပေးရမည့်ကိစ္စရပ်များရှိသည်ကိုလည်း တွေ့ရှိခဲ့ရကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားပြည်သူများ ကိုယ်တိုင်ဆောင်ရွက်နိုင်သည့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ တိုင်းပြည်၏အားသည်ပြည်တွင်း၌သာရှိသည်ဟူသည့် အတိုင်း ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။

MSME လုပ်ငန်းများမှ ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် ပြည်တွင်းနှင့်ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကိုဆောင်ရွက်မည်ဆိုပါက ကုန်ကြမ်းပြတ်လပ်မှုနည်းပါးမည်ဖြစ်ကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းများဖြင့်လည်း ဆောင်ရွက်၍ရကြောင်း၊ အချို့သတ္တုကုန်ကြမ်းများအတွက်လည်း နိုင်ငံတော်မှကူညီဆောင်ရွက်ပေး၍ရကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်သည့် သွင်းအားစုများတွင် ကုန်ကြမ်းသာမက လျှပ်စစ်စွမ်းအင်နှင့် Energy စွမ်းအားများလည်း လိုအပ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း မြေဩဇာနှင့် ပိုးသတ်ဆေးများလိုအပ်သကဲ့သို့ မွေးမြူရေးနှင့်ပတ်သက်၍လည်း အစာကဲ့သို့သွင်းအားစုများလိုအပ်ကြောင်း၊ အဆိုပါလိုအပ်သည့် သွင်းအားစုများကိုရရှိအောင် ပြည်တွင်း၌ဆောင်ရွက်ပေး၍ရကြောင်း၊ လျှပ်စစ်စွမ်းအားလုံလောက်စွာရရှိရေးအတွက်လည်း နည်းလမ်းရှာဖွေဆောင်ရွက်လျက်ရှိပြီး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို ဆောင်ရွက်၍ရကြောင်း၊နိုင်ငံတော်ကလည်း လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေး တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နေရောင်ခြည်စွမ်းအင်ကို အသုံးပြုခြင်းဖြင့် ကုန်ကျစရိတ်များ သက်သာမည်ဖြစ်သကဲ့သို့ လျှပ်စစ်ဓာတ်အားရရှိရန်သုံးစွဲသည့် စက်သုံးဆီသုံးစွဲမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း။

အရင်းအနှီးနှင့်ပတ်သက်၍လည်း MSME ဆောင်ရွက်နေသူများအနေဖြင့်ကိုယ်တိုင်ကြိုတင်အားထုတ်ဆောင်ရွက်ရန်လိုအပ်ပြီး ခိုင်မာသည့်လုပ်ငန်းများရှိချိန်တွင် နိုင်ငံတော်မှရင်းနှီးမြှုပ်နှံငွေများ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ချေးငွေတွင် ဖွံ့ဖြိုးရေးချေးငွေနှင့် စီးပွားရေးချေးငွေဟူ၍ နှစ်မျိုးရှိကြောင်း၊ သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ယခင်နိုင်ငံတော်မှချေးယူခဲ့သည့်ရင်းနှီးမြှုပ်နှံငွေများ ပြန်လည်ပေးဆပ်ရန်အတွက် အချိန်အတိုင်းအတာတစ်ခုအထိ ဖြေလျှော့ပေးထားသော်လည်း အချိန်တစ်ခုတွင်ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လူသားအရင်းအမြစ်လိုအပ်မှုနှင့်ပတ်သက်၍ တစ်နိုင်ငံလုံးဝိုင်းဝန်းဆောင်ရွက်ရန်လိုကြောင်း၊ အခြေခံပညာပြီးမြောက်မှုမရှိသေးသည့် လုပ်ငန်းဆောင်ရွက်နေသူများကိုလည်း အလယ်တန်းပညာ၊ အထက်တန်းပညာအလိုက် စိုက်ပျိုးမွေးမြူရေးနှင့် လုပ်ငန်းခွင်သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ အခြေခံပညာအထက်တန်းပြီးဆုံးသူများကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပညာရပ်များကို ဆက်လက်သင်ကြားနိုင်အောင် နိုင်ငံတော်အနေဖြင့် စီမံဆောင်ရွက်နေကြောင်း၊ အလားတူ စိုက်ပျိုးရေးသိပ္ပံ၊ မွေးမြူရေးသိပ္ပံနှင့်စက်မှုသိပ္ပံတက်ရောက်သူများမှ ထူးချွန်သူများအနေဖြင့်လည်း သက်ဆိုင်ရာပညာရပ်များအလိုက် တက္ကသိုလ်နှင့်ကောလိပ်များသို့ တက်ရောက်၍ရကြောင်း၊ ထို့ကြောင့်လူသားအရင်းအမြစ် လုံလောက်စွာရရှိရေးအတွက် ပညာရည်မြင့်မားရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ကြရန်လိုကြောင်း။

ကုန်ကြမ်းလိုအပ်ချက်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးထွက်ကုန် ကုန်ကြမ်းများ၊ စက်မှုကုန်ကြမ်းများ လုံလောက်စွာရှိပြီးဖြစ်ကြောင်း၊ အဆိုပါကုန်ကြမ်းများကိုအသုံးချ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း၊

**MSME နဲ့ပတ်သက်လို့ ကိန်းဂဏန်းတွေ၊ ဖွဲ့စည်းမှုတွေ ပြန်လည်လုပ်ဖို့လိုသလို တစ်ဖက်ကလည်း တစ်ကယ်အဓိကကျတဲ့ ခရိုင်တွေ၊ ပြည်နယ်နဲ့ တိုင်းတွေမှာ MSME တွေ ပီပီပြင်ပြင်နဲ့ အလုပ်လုပ်နိုင်ဖို့လိုတယ်။ ရုံးလုပ်ငန်းနဲ့ အချိန်ကုန်နေလို့မရဘူး၊ ကုန်ထုတ်လုပ်မှုတွေ ကျွန်တော်တို့သွားရမယ်။ အဓိကကျတဲ့ ခရိုင်၊ ပြည်နယ်နဲ့တိုင်း မြို့ကြီးတွေကတော့ အားလုံးက MSME တွေရှိရမယ်။ ခရိုင်အဆင့်တွေမှာလည်း အဓိကထုတ်ကုန် ပစ္စည်းရှိတဲ့ ခရိုင်တွေမှာ One Region One Product တွေလုပ်ရမယ်။ ဒေသလိုက် ဒေသလိုက်မှာ၊ ခရိုင်ပေါင်း ၁၂၀ ကျော် ရှိတယ်။ ပစ္စည်းပေါင်း၊ အမျိုးပေါင်း ၁၂၀ ကျော်လောက်က ကောင်းနေရမယ်။**

ဝါးစိုက်ပျိုးမှုများဆောင်ရွက်၍ ဝါးကိုအခြေခံသည့် စက်မှုထုတ်ကုန်များထုတ်လုပ်နိုင်ရေးကိုလည်း ဆောင်ရွက်၍ရကြောင်း၊ ဝါးကုန်ကြမ်းများရရှိရေးကိုလည်း အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ အခြားစိုက်ပျိုးရေးထုတ်ကုန်နှင့် မွေးမြူရေးထုတ်ကုန် ကုန်ကြမ်းများဖြင့်ဆောင်ရွက်၍ရကြောင်း၊ ပြည်ထောင်စုဝန်ကြီးများအနေဖြင့်လည်း သက်ဆိုင်ရာလုပ်ငန်းအလိုက်တွက်ဆ၍ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသထွက်ပစ္စည်းများကိုအသုံးပြု၍ MSME ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်နိုင်စေရေးအတွက် မိမိအနေဖြင့် မူဝါဒတစ်ရပ်အနေဖြင့်ချမှတ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများတွင်ဆောင်ရွက်လျက်ရှိသည့် MSME လုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများ အားလုံးတစ်ပြေးညီ ဖြစ်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ဆွေးနွေး၍ တည့်မတ်ဆောင်ရွက်ကြစေလိုကြောင်း။

မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂ ကိုကျင်းပလျက်ရှိပြီး နိုင်ငံတော်အတွက် အကျိုးရှိသည့်ဆောင်ရွက်ချက်ပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီးဆန်ကိုအဓိကစိုက်ပျိုး၍ ပဲနှင့်ဆီထွက်သီးနှံများကိုလည်း စိုက်ပျိုးသည့်နိုင်ငံဖြစ်ကြောင်း၊ ဆန်သည် မိမိတို့နိုင်ငံ၏အဓိကထုတ်ကုန်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဆန်ကောင်းစွာထုတ်လုပ်နိုင်သောနိုင်ငံဖြစ်သဖြင့် Food Security အတွက်နိုင်ငံ၏ဂုဏ်သိက္ခာတစ်ခုပင်ဖြစ်ကြောင်း၊ နိုင်ငံတကာသို့ဆန်များ ပေါများစွာတင်ပို့နိုင်မည်ဆိုပါက လူအများ၏စားရေး Food Security ကိုတာဝန်ယူနိုင်သည့် အခန်းကဏ္ဍတွင်ပါဝင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် မိုးစပါးနှင့်နွေစပါးများ စိုက်ပျိုးကြပြီး စိုက်ပျိုးဧက ၁၇ သန်းကျော်ခန့်ရှိကြောင်း၊ နိုင်ငံအတွင်း လူဦးရေ ၅၅ သန်း ခန့်ရှိကြောင်း၊ စပါးအထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်မည်ဆိုပါက ယခုထက်ပိုမို၍ ဆန်များပြည်ပသို့တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ပြည်ပသို့ နယ်စပ်ဒေသများမှ တရားမဝင်ဆန်တင်ပို့မှုများကိုလည်း တားဆီးကာကွယ်ဆောင်ရွက်ရန်လိုကြောင်း။

ဆန်ကို ပြည်ပသို့တရားဝင်တင်ပို့ရန် ခွင့်ပြုပေးထားပြီး ရန်ကုန်၊ ပုသိမ်၊ စစ်တွေ၊ မော်လမြိုင် စသည့် ပင်လယ်ဆိပ်ကမ်းများမှ တင်ပို့ခြင်းဖြင့် ဆိပ်ကမ်းလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သယ်ယူပို့ဆောင်ရေးအတွက် ရထားပို့ဆောင်ရေးနှင့် မြစ်ကြောင်းပို့ဆောင်ရေးများဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရထားလမ်းများကောင်းမွန်စေရေး အဆင့်မြှင့်တင်မှုလုပ်ငန်းများဆောင်ရွက်နေကြောင်း၊ အလားတူ လမ်းများအားလုံး ချောမွေ့ကောင်းမွန်နေစေရေး အဆင့်မြှင့်တင်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများအတွက်လည်း လူသားအရင်းအမြစ်များ လိုအပ်ချက်ရှိကြောင်း၊ မိမိတို့နိုင်ငံရှိအလုပ်လုပ်ကိုင်နိုင်သူ ၄ သန်းနှင့် ၅ သန်းခန့်သည် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နေမှုများရှိကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများတွင်ယန္တရားများ ပိုမိုအသုံးပြုဆောင်ရွက်ရန်လိုအပ်သဖြင့် ပြည်တွင်း၌ရှိပြီး အခြေခံစက်ရုံများမှ လယ်ယာသုံးယန္တရားများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်ပမှတင်သွင်းမှုများကိုလည်း လိုအပ်ချက်များအပေါ်မူတည်၍ ခွင့်ပြု

ပေးထားကြောင်း ပြောကြားသည်။

**One Region One Product**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသအလိုက် အဓိကထုတ်ကုန်များကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ ပြောကြားရာတွင် **“နောက်တစ်ခုက MSME နဲ့ပတ်သက်လို့ ကိန်းဂဏန်းတွေ၊ ဖွဲ့စည်းမှုတွေ ပြန်လည်လုပ်ဖို့လိုသလို တစ်ဖက်ကလည်း တစ်ကယ်အဓိကကျတဲ့ ခရိုင်တွေ၊ ပြည်နယ်နဲ့ တိုင်းတွေမှာ MSME တွေ ပီပီပြင်ပြင်နဲ့ အလုပ်လုပ်နိုင်ဖို့လိုတယ်။ ရုံးလုပ်ငန်းနဲ့ အချိန်ကုန်နေလို့မရဘူး၊ ကုန်ထုတ်လုပ်မှုတွေ ကျွန်တော်တို့သွားရမယ်။ အဓိကကျတဲ့ ခရိုင်၊ ပြည်နယ်နဲ့တိုင်း မြို့ကြီးတွေကတော့ အားလုံးက MSME တွေရှိရမယ်။ ခရိုင်အဆင့်တွေမှာလည်း အဓိကထုတ်ကုန်ပစ္စည်းရှိတဲ့ ခရိုင်တွေမှာ One Region One Product တွေလုပ်ရမယ်။ ဒေသလိုက် ဒေသလိုက်မှာ၊ ခရိုင်ပေါင်း ၁၂၀ ကျော်ရှိတယ်။ ပစ္စည်းပေါင်း၊ အမျိုးပေါင်း ၁၂၀ ကျော်လောက်ကကောင်းနေရမယ်။ ဥပမာပေါ့– ပခုက္ကူဆို ချည်ထည်ပစ္စည်းတွေကောင်းရမယ်။ ဥပမာပြောပြတာ ချည်ထည်ပစ္စည်းမှာ ပခုက္ကူဆို နံပတ်တစ်အကောင်းဆုံးဖြစ်နေရမယ်။ တစ်နေ့ကဆိုလည်း ကျွန်တော်တို့ဒီမှာ အပြည်ပြည်ဆိုင်ရာကမ္ဘာလှည့်ခရီးသွားများနှစ်ပတ်လည်နေ့အထိမ်းအမှတ်တုန်းက စောင်တွေ၊ ချည်ထည်တွေပြပါတယ်။ ပခုက္ကူက တော်တော်ကို ကောင်းတာသွားတွေ့တယ်။ ဒါကတော့ ကျွန်တော်မြင်ရတဲ့ဟာ၊ မမြင်ရတဲ့ဟာလည်း ရှိရင်ရှိမှာပေါ့လေ။ တစ်နေ့က ပြည်မှာဆိုလို့ရှိရင် အင်းမပုဆိုး၊ တော်တော့်ကို ကောင်းတာတွေ့တယ်။ တော်တော်ကောင်းတဲ့ပုဆိုးပဲ။ ဒါမျိုးတွေသာလုပ်လိုက်ရင် သိပ်ကောင်းမှာပဲလို့ အားပေးတယ်။ ဘယ်နေရာကတော့ ပဲနဲ့ပတ်သက်တဲ့ ပစ္စည်းတွေ ကောင်းတယ်။ ဘယ်နေရာကတော့ ဆန်နဲ့ပတ်သက်တဲ့ ပစ္စည်းတွေကောင်းတယ်။ ဘယ်နေရာက တော့ ဝါးနဲ့ ပတ်သက်တဲ့ ပစ္စည်းတွေကောင်းတယ်၊ ဘယ်နေရာကတော့ သတ္တုနဲ့ပတ်သက်တဲ့ပစ္စည်းတွေ ကောင်းတယ်။ One Region One Product ဒီလိုမျိုးတွေနဲ့ နိုင်ငံမှာ ထုတ်ကုန်ပစ္စည်းထုတ်မယ်ဆို ဒါတွေလည်း တစ်ဖက်ကလည်း ကုန်ထုတ်လုပ်မှုတွေ၊ စီးပွားရေးလုပ်ငန်းတွေ အဲ့ဒါတွေနဲ့လည်း တစ်ချိန်ကျရင် Tourist Attraction လည်း ဖြစ်လာမယ်”** ဟု ပြောကြားသည်။

**ဒေသများဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းဆောင်ရွက်**

ဆက်လက်ပြီး တစ်နိုင်ငံလုံးရှိ ဒေသများတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ အနေဖြင့် ဒေသများအလိုက် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်၍ ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ဝန်ကြီးဌာနများအလိုက် ဝန်ထမ်းများအထက်အောက် ခင်မင်ရင်းနှီးစွာဖြင့်နေထိုင်ပြီး မိသားစုဆက်ဆံရေးပုံစံဖြင့် နေထိုင်ကြရန်လိုကြောင်း၊ လက်အောက်ကို စေတနာထားပြီး နွေးထွေးသည့်ဆက်ဆံရေးကို တည်ဆောက်၍ ဆောင်ရွက်မည်ဆိုပါက အပြန်အလှန်နားလည်မှုများရရှိပြီး လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုမြန်ဆန်အောင်မြင်လာမည်ဖြစ်ကြောင်း။

ဘဏ္ဍာရေးနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ချွေတာသုံးစွဲလျက်ရှိကြောင်း၊ ရရှိသည့် ဘတ်ဂျက်ငွေများကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လုံလောက်အောင်သုံးစွဲလျက်ရှိပြီး ဝန်ကြီးဌာနများမှ အကြောင်းအမျိုးမျိုးကြောင့် သုံးစွဲမှုမရှိသည့်ငွေများကို ပြန်လည်အပ်နှံစေလိုကြောင်း၊ ဝန်ကြီးဌာနများ အားလုံးအနေဖြင့် ဘဏ္ဍာငွေများကို သုံးသင့်သုံးထိုက်သည့်နေရာများတွင်သာ သုံးစွဲကြစေလိုပြီးငွေများ အကျိုးမဲ့ကုန်ကျမှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်းမှာကြားသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

> **One Region One Product**
> **ဒီလိုမျိုးတွေနဲ့ နိုင်ငံမှာ ထုတ်ကုန်**
> **ပစ္စည်းထုတ်မယ်ဆို ဒါတွေလည်း**
> **တစ်ဖက်ကလည်း ကုန်ထုတ်လုပ်မှုတွေ၊**
> **စီးပွားရေးလုပ်ငန်းတွေ**
> **အဲ့ဒါတွေနဲ့လည်း တစ်ချိန်ကျရင်**
> **Tourist Attraction လည်းဖြစ်။**

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းပြည်၏စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရငွေပိုင်း၌ ဘဏ္ဍာရေးနှစ်အလိုက် ရသင့်ရထိုက်သည်များ ရရှိအောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် စီးပွားရေးလုပ်ငန်းများရှိသော ဝန်ကြီးဌာနများအနေဖြင့် တတ်နိုင်သမျှ အရှုံးမရှိစေဘဲ Budget balance ဖြစ်ရန်နှင့် ဖြစ်နိုင်ပါက အမြတ်ရရှိအောင်ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာ၌ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲများတွင် သတင်းပို့တင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနအလိုက် အရေးယူဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီ ချက်ချင်းဖြေရှင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ချက်ချင်းဖြည့်ဆည်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အချိန်ယူ၍ဆောင်ရွက်ပေးသွားရမည့်ကိစ္စရပ်များကိုလည်း အဆင့်ဆင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

စိုက်ပျိုးသီးနှံများနှင့်ပတ်သက်၍ မြေကို အကျိုးရှိစွာအသုံးချရန်လိုကြောင်း၊ စိုက်ပျိုးမြေများ မပျက်စီးစေရန်နှင့် လှပ်မြေများမရှိရန်လိုအပ်ကြောင်း၊ မိုးစပါး၊ နွေစပါး၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံတို့ကို သီးထပ်၊ သီးညှပ်စိုက်ပျိုးကြရန်လိုကြောင်း၊ စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်ခြင်းဖြင့် တိုင်းပြည်ဝင်ငွေရရှိပြီး စီးပွားရေးကောင်းမွန်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးအတွက် လိုအပ်သည့်ရေကို မြစ်ရေတင်လုပ်ငန်းများဖြင့် ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပြီး ပုဂ္ဂလိကမြစ်ရေတင်စီမံကိန်းများဆောင်ရွက်လိုပါက စိစစ်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း။

စက်မှုဇုန်မြေနေရာများသည် စက်မှုလုပ်ငန်းများအတွက် အဓိကထားခွင့်ပြုပေးထားခြင်းဖြစ်ကြောင်း၊ အိမ်ရာစီမံကိန်းများ မပါဝင်ရန်လိုအပ်ကြောင်း၊ ယင်းတို့ပါဝင်လာပါက စက်မှုဇုန်စီမံအုပ်ချုပ်မှုကိစ္စများ ရှုပ်ထွေးလာနိုင်ကြောင်း၊ စက်မှုဇုန်နှင့် စက်မှုရပ်ကွက်မှာ တူညီမှုမရှိကြောင်း၊ စက်မှုဇုန်တွင် စက်မှုကုန်ထုတ်လုပ်ငန်းများကိုသာ ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

တိုင်းပြည်အားသည် ပြည်တွင်း၌သာရှိကြောင်း၊ ပြည်တွင်းအားဖြင့်ဆောင်ရွက်ကြရာတွင် ယခုထက်ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့်လည်း လုပ်ငန်းများပိုမိုကောင်းမွန်တိုးတက်စေရေးအတွက် Check list ဖြင့် စစ်ဆေးကြပ်မတ်နေရန် လိုအပ်ကြောင်း၊ သို့မှသာ လုပ်ငန်းများပိုမိုအောင်မြင်လာမည်ဖြစ်ကြောင်း၊ လက်အောက်ဝန်ထမ်းများကိုလည်း မိသားစုသဖွယ် နွေးထွေးစွာဆက်ဆံရန်လိုကြောင်း၊ အချို့အားနည်းချက်များ ရှိနိုင်မည်ဖြစ်သော်လည်း ရိုးရိုးသားသားလုပ်ကိုင်နေသူများကို လက်တွဲခေါ်ဆောင်ရန်လိုအပ်ကြောင်း၊ လက်အောက်မှ အချို့သောအကြံပြုချက်များကိုလည်း ရယူရန်လိုအပ်ကြောင်း၊ သို့မှသာ လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

# မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးပြောကြားသည့်အမှာစကား

( ၁၁ - ၁၀ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား အောက်တိုဘာလ ၁၁ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးသည်။

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့တက်ရောက်ကြပြီး မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌနှင့်အတူ (NMSP) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်ဗညားလယ်နှင့် ဗဟိုကော်မတီဝင် နိုင်အမ်စိုက်ချမ်းတို့ တက်ရောက်ကြသည်။

**ဆွေးနွေးအဖြေရှာ**

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်း

ရေးနှစ်အဖြစ်သတ်မှတ်ကြေညာခဲ့ပြီး နိုင်ငံရေးအရ ဖြစ်ပေါ်နေသည့်သဘောထားကွဲလွဲမှုများကို မည်သည့်ကန့်သတ်ချက်မျှမထားရှိဘဲ တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်ရန် ဖိတ်ခေါ်ဆွေးနွေးခဲ့ခြင်းဖြစ်သည့် အခြေအနေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) တို့ကိုအခြေခံ၍ ငြိမ်းချမ်းရေးလမ်းကြောင်းကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်သည့်အခြေအနေများ၊ စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးမျှော်မှန်းချက်အဖြစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ တောင်းဆိုချက်များ၊ ဒေသနှင့်တိုင်းပြည်အတွက်အမှန်တကယ်လိုအပ်ပြီး ဖြစ်သင့်ဖြစ်ထိုက်သည်များကိုပွင့်လင်းစွာဖြင့် အကြေအလည်ဆွေးနွေးသွားမည်ဖြစ်ပြီးပြည်ထောင်စုအကျိုးကိုရှေးရှု၍ အမြင်ကျယ်ကျယ်ဖြင့်လေးလေးနက်နက် ဆွေးနွေးဆောင်ရွက်သွားကြရန်လိုသည့်အခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ယခုကဲ့သို့ ဒုတိယအကြိမ် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးခွင့်ရပြီး မည်သည့်ကန့်သတ်ချက်မျှမထားရှိဘဲ ဆွေးနွေးခွင့်ရရှိသည့်အတွက် အားရကျေးဇူးတင်ရှိသည့်အခြေအနေများ၊ မွန်ပြည်သစ်ပါတီ (NMSP) အနေဖြင့် တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရရှိရေးကို ရည်မှန်းချက်ထားပြီး ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်တွင် အစဉ်တစိုက်ပါဝင်လျှောက်လှမ်းနေသည့် အခြေအနေများ၊ နိုင်ငံရေးအရဖြစ်ပေါ်လာသည့် သဘောထားကွဲလွဲမှုများကို နိုင်ငံရေးအရသာ ဆွေးနွေးဖြေရှင်းရေးကိုလည်း ရပ်တည်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ သဘောထားအမြင်များကို တင်ပြဆွေးနွေးသည်။

**ဆွေးနွေး**

ဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဒီမိုကရေစီစနစ်တွင် လွှတ်တော်သည် နိုင်ငံရေးအရအမြင့်ဆုံးဖြစ်ပြီး တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့ဒေသ၏အခွင့်အရေးများကို တရားဥပဒေနှင့်အညီတောင်းဆိုနိုင်ရေးအတွက် နိုင်ငံရေးစင်မြင့်လွှတ်တော်တွင် ပိုမိုပါဝင်လာရမည်ဖြစ်သည့်အခြေအနေများ၊ ပါတီများကို ခွဲခြမ်းစိတ်ဖြာကြည့်ပါက နိုင်ငံရေးကိုအခြေခံသည့်ပါတီ၊ ဒေသကို ကိုယ်စားပြုသည့်ပါတီ၊ တိုင်းရင်းသားကိုကိုယ်စားပြုသည့်ပါတီဟူ၍ရှိပြီး မိမိတို့တစ်ဖွဲ့တည်း၊ တစ်ပါတီတည်းကြည့်၍မရဘဲ ပြည်ထောင်စုစိတ်ဖြင့် ပြည်ထောင်စုအကျိုးကို ရှေးရှုဆောင်ရွက်ကြရန်လိုသည့်အခြေအနေများနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားပြီး ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်အမြင်များကိုရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါ မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌဦးဆောင်သည့်အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းပေးထားသည့် ကောင်စီဝင်များပါဝင်သည့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှု ညှိနှိုင်းရေးကော်မတီတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

■ ■ ■

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၇) နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်း

( ၁၅ - ၁၀ - ၂၀၂၂ )



**ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ–**

ဒီကနေ့ဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအကြားချုပ်ဆိုတဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကိုချုပ်ဆိုခဲ့တာ (၇) နှစ်ပြည့်မြောက်တဲ့နေ့ဖြစ်ပါတယ်။ ယနေ့ကျရောက်တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခြင်း (၇) နှစ်ပြည့်နှစ်ပတ်လည်နေ့မှာ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံပြီး အားလုံးလိုလားတောင့်တနေကြတဲ့ ငြိမ်းချမ်းရေးရဲ့အကျိုးကို ထာဝစဉ်ရေးရှုဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ယနေ့ ကျွန်တော်တို့နိုင်ငံရဲ့ အခြေခံနဲ့အဓိကအကျဆုံးပကတိလိုအပ်ချက်ဟာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးပဲဖြစ်ပါတယ်။ အတိတ်သမိုင်းအရ ကျွန်တော်တို့တိုင်းရင်းသားတွေနဲ့ ဖွဲ့စည်းတည်ထောင်ထားတဲ့ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီးဟာ တိုင်းတစ်ပါးလက်အောက်မှာ နှစ်ကာလတစ်ရာကျော်ကြာ ဖြတ်သန်းနေထိုင်ခဲ့ရပါတယ်။ ကိုလိုနီနယ်ချဲ့အင်္ဂလိပ်တို့က ကျွန်တော်တို့ တိုင်းရင်းသားတွေရဲ့ သွေးစည်းညီညွတ်မှု၊ စည်းလုံးခြင်းအင်အားတို့ကို စနစ်တကျအစီအစဉ်ချကာ သွေးခွဲအုပ်ချုပ်ခဲ့ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားတွေ တစ်ဦးကိုတစ်ဦးရန်သူသဖွယ် ထင်မြင်လာအောင်ဆောင်ရွက်ခဲ့ပါတယ်။ မလွဲသာ၍ လွတ်လပ်ရေးပေးရတော့မယ့်အချိန်အထိ ခွဲခြားအုပ်ချုပ်မှုတွေ၊ သပ်လျှိုသွေးခွဲမှုတွေနဲ့ အချင်းချင်းစည်းလုံးညီညွတ်မှုပြိုကွဲအောင် လုပ်ဆောင်ခဲ့ကြပါတယ်။

မည်သို့ပင်သွေးခွဲစေကာမူ ကျွန်တော်တို့တိုင်းရင်းသားတွေရဲ့ မျိုးချစ်စိတ်ကိုအရင်းတည်ပြီး ပြည်ထောင်စု

စိတ်ဓာတ်၊ ပင်လုံစိတ်ဓာတ်ကိုတည်ဆောက်ပြီး လွတ်လပ်ရေးကိုပြန်လည်ရယူခဲ့ကြပါတယ်။ သို့သော်လည်း နယ်ချဲ့တို့ရဲ့သွေးခွဲသပ်လျှိုမှုအကျိုးဆက်က ယနေ့တိုင်ထင်ကျန်နေဆဲဖြစ်သလို လွတ်လပ်ရေးရပြီးခေတ်အဆက်ဆက်မှာလည်း မြန်မာနိုင်ငံကိုလွှမ်းမိုးနိုင်ရေး နည်းမျိုးစုံနဲ့ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံအတွင်း မတည်ငြိမ်တဲ့နယ်မြေတွေရှိနေရခြင်းဟာလည်း နယ်ချဲ့တို့ရဲ့သွေးထိုးလှုံ့ဆော်မှုအရှိန်နဲ့ နောက်ပိုင်းမှာလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့မှုတွေကြောင့်ဖြစ်ပါတယ်။ ဒီအရှိန်၊ ဒီအမွေဆိုးတွေကို ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုတွေဖြေရှင်းနေတာ နှစ်ပေါင်း ၇၀ ကျော်ကြာပြီဖြစ်ပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ–**

ကျွန်တော့်အနေနဲ့ ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ တွေ့ဆုံဆွေးနွေးမှုတွေတိုင်းမှာ NCA နဲ့ပတ်သက်ပြီး အမြဲထည့်သွင်းပြောဆိုခဲ့ပါတယ်။ ဒီလိုထည့်သွင်းပြောကြားရခြင်းဟာ NCA စာချုပ်သည် ကျွန်တော်တို့နိုင်ငံအတွက် အရေးတကြီးလိုအပ်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ အဓိကအကျဆုံးအခြေခံလုပ်ဆောင်ရမယ့်အချက်ဖြစ်လို့ပဲဖြစ်ပါတယ်။ NCA စာချုပ်ဟာ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တည်းကရေးဆွဲတာမဟုတ်ဘဲ ကျွန်တော်တို့တိုင်းရင်းသားညီအစ်ကိုတွေဖြစ်တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ကနဦးအဆိုပြုချက်တွေအပေါ်မှာ အခြေခံပြီး အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအားလုံး ဆွေးနွေးညှိနှိုင်းသဘောတူရေးဆွဲထားတဲ့စာချုပ်ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတကာရှိ နိုင်ငံအချို့နဲ့ အဖွဲ့အစည်းအသီးသီးတို့က အသိအမှတ်ပြု ပါဝင်လက်မှတ်ရေးထိုးထားတဲ့စာချုပ်ဖြစ်ပါတယ်။ ဒီလိုခိုင်မာအတည်ပြုပြီးသားလမ်းကြောင်းပေါ်ကို လျှောက်လှမ်းနိုင်မှသာ ကျွန်တော်တို့အားလုံးမျှော်မှန်းထားတဲ့ အေးချမ်းသာယာတဲ့နိုင်ငံတော်ကြီးကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မှာပဲဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးကိစ္စရပ်တွေဟာ ပြည်ပစွက်ဖက်မှုကင်းစင်စွာဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်မှသာ အောင်မြင်မှုရရှိမှာပဲဖြစ်ပါတယ်။ ပြည်တွင်း၊ ပြည်ပက မြန်မာ့ငြိမ်းချမ်းရေးအကျိုးကို မလိုလားသူတွေရှိနေသရွေ့ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုတွေဟာ ထင်သလောက်ခရီးပေါက်မှာမဟုတ်ကြောင်းနဲ့ ငြိမ်းချမ်းရေးကို ပျက်စီးရာပျက်စီးကြောင်း ဝေဖန်အပုတ်ချနေမှုတွေအပေါ်မှာ နားယောင်ဖို့မလိုကြောင်း ကျွန်တော်တို့ညီအစ်ကိုတွေ သတိပြုမိဖို့လိုအပ်မှာဖြစ်ပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ–**

ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဆောင်ရွက်ရာမှာ လက်တွေ့ကျတဲ့၊ ဖြစ်နိုင်တဲ့လုပ်ဆောင်ချက်တွေကို ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ တပ်မတော်အနေနဲ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ကစပြီး ယခုနှစ်နှစ်ကုန်ပိုင်းအထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနဲ့ ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်ပေါင်း ၂၁ ကြိမ်ထုတ်ပြန်ပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပေးခဲ့ပါတယ်။ ယနေ့တပ်မတော်က နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေရချိန်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ လက်တွေ့ကျကျတိုးတက်လာနိုင်စေရေး နိုင်ငံတော်နဲ့တပ်မတော်အကြီးအကဲဖြစ်တဲ့ ကျွန်တော်ကိုယ်တိုင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေပြုလုပ်နေပါတယ်။ အခုဆိုရင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့နဲ့ ၂ ကြိမ်တွေ့ဆုံခဲ့ပြီးဖြစ်ပါတယ်။ တွေ့ဆုံဆွေးနွေးကြရာမှာ ပြည်သူလူထုရဲ့လိုလားချက်ဖြစ်ပြီး ကျွန်တော်တို့အစိုးရရဲ့မူဝါဒနှစ်ရပ်ဖြစ်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုစနစ်တည်ဆောက်ရေးကို အားလုံးကလက်ခံသဘောတူကြပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ သူတို့ရဲ့လိုအင်ဆန္ဒတွေ၊ ဖြစ်ချင်တာတွေ၊ မျှော်မှန်းချက်တွေကို ပွင့်ပွင့်လင်းလင်းဆွေးနွေးခဲ့ကြပါတယ်။ ကျွန်တော်တို့ဘက်ကလည်း ရေရှည်တည်တံ့ခိုင်မြဲတဲ့ငြိမ်းချမ်းရေးရရှိစေဖို့ ဖြစ်သင့်တာတွေ၊ ဖြစ်နိုင်တာတွေ၊ ဆက်လက်ဆောင်ရွက်သွားရမယ့်ကိစ္စရပ်တွေကိုပြန်လည်ဆွေးနွေးခဲ့ပါတယ်။ တွေ့ဆုံမှုတိုင်းမှာ ပြည်သူလူထုနဲ့ နိုင်ငံတော်အတွက် ကောင်းမွန်တဲ့ရလဒ်တွေရရှိခဲ့တယ်လို့ အသိပေးပြောကြားလိုပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ–**

ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဆက်လက်ဆောင်ရွက်ရာမှာ ရပ်တည်သွားရမယ့်အခြေခံ

အချက် ၂ ခုရှိပါမယ်။ ဒါတွေကတော့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)အပေါ်မှာ ခိုင်ခိုင်မာမာရပ်တည်သွားပါမယ်။ နောက်တစ်ခုကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အပေါ်မှာ ခိုင်ခိုင်မာမာရပ်တည်သွားပါမယ်။ NCA အပေါ်မှာ ဘာကြောင့်ရပ်တည်သင့်တယ်ဆိုတာကို ကျွန်တော်ပြောခဲ့ပြီးဖြစ်ပါတယ်။ အလားတူ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ဟာလည်း တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုရဲ့ သဘောဆန္ဒအရ ရေးဆွဲထားတာမဟုတ်ပါဘူး။ နိုင်ငံရေးပါတီများအစုအဖွဲ့၊ ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသည့်ကိုယ်စားလှယ်များအစုအဖွဲ့၊ တိုင်းရင်းသားလူမျိုးများအစုအဖွဲ့၊ တောင်သူလယ်သမားအစုအဖွဲ့၊ အလုပ်သမားအစုအဖွဲ့၊ အသိပညာရှင်/အတတ်ပညာရှင်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းများအစုအဖွဲ့၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ စတဲ့ အစုအဖွဲ့ ၈ ဖွဲ့က ကိုယ်စားလှယ်တွေနဲ့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးရေးဆွဲခဲ့တာဖြစ်ပါတယ်။ အခြေခံဥပဒေမူကြမ်းရေးဆွဲရာမှာ ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလကနေ ၁၉၉၆ ခုနှစ်အထိ ၂ နှစ်ကျော်ကြာကျင်းပခဲ့တဲ့ အမျိုးသားညီလာခံမှာ ခုနကပြောခဲ့တဲ့ အစုအဖွဲ့ ၈ ဖွဲ့က ကိုယ်စားလှယ် ၇၀၂ ဦးက ဆွေးနွေးရေးဆွဲခဲ့တာဖြစ်ပါတယ်။ ၂၀၀၄ ခုနှစ်၊ မေလကနေ ၂၀၀၇ ခုနှစ်၊ ဧပြီလအထိပြုလုပ်ခဲ့တဲ့ ဒုတိယအကြိမ် အမျိုးသားညီလာခံမှာ ကိုယ်စားလှယ်အရေအတွက်ကို ၁,၀၈၆ ဦးအထိ တိုးချဲ့ပြီးဆောင်ရွက်ခဲ့ပါတယ်။ အမျိုးသားညီလာခံကို တက်ရောက်ရမယ့်ကိုယ်စားလှယ်များကို ရွေးချယ်ခဲ့ရာမှာလည်း နိုင်ငံရေးပါတီများအစုအဖွဲ့နဲ့ ရွေးချယ်ခံကိုယ်စားလှယ်များအစုအဖွဲ့မှအပ ကျန်အစုအဖွဲ့များရဲ့ ကိုယ်စားလှယ်တွေကို ကိုယ်စားလှယ်ရွေးချယ်ရေးအဖွဲ့များဖွဲ့စည်းခြင်း၊ ၎င်းအဖွဲ့များက မဲဆန္ဒပြုရွေးချယ်ခြင်း၊ အရည်အချင်းသတ်မှတ်ချက်များသတ်မှတ်ခြင်းစတဲ့ ဒီမိုကရေစီလုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောင်ရွက်ခဲ့ကြောင်းတွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့အသက်၊ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့အနှစ်သာရဖြစ်တဲ့ အခြေခံမူ ၁၀၄ ချက်ကို ချမှတ်ရာမှာလည်း အမျိုးသားညီလာခံမှာ အစုအဖွဲ့အသီးသီးက တင်သွင်းခဲ့တဲ့ စာတမ်း ၂၂ စောင်၊ စာမျက်နှာ ၉၀၀ ကျော်အပေါ်မှာ ကျယ်ကျယ်ပြန့်ပြန့် အခြေအတင်ဆွေးနွေးပြီး သဘောတူညီချက်များရယူချမှတ်ခဲ့တာကို တွေ့ရပါတယ်။

> **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဆောင်ရွက်ရာမှာ လက်တွေ့ကျတဲ့၊ ဖြစ်နိုင်တဲ့ လုပ်ဆောင်ချက်တွေကို ဦးစားပေးဆောင်ရွက်လျက်ရှိ၊ တပ်မတော်အနေနဲ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ကစပြီး ယခုနှစ် နှစ်ကုန်ပိုင်းအထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနဲ့ ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်ပေါင်း ၂၁ ကြိမ်ထုတ်ပြန်ပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပေးခဲ့ပါတယ်။ ယနေ့ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေရချိန်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ လက်တွေ့ကျကျတိုးတက်လာနိုင်စေရေး နိုင်ငံတော်နဲ့ တပ်မတော်အကြီးအကဲဖြစ်တဲ့ ကျွန်တော်ကိုယ်တိုင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေပြုလုပ်နေ။**

အဲ့ဒီအထဲမှာ အခြားဖိတ်ကြားသူများ အစုအဖွဲ့ထဲမှာ ပါဝင်တဲ့ အချို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ခေါင်းဆောင်တွေ၊ NLD အပါအဝင် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားပါတီတွေက ခေါင်းဆောင်များနဲ့ ကိုယ်စားလှယ်များပါ ပါဝင်ခဲ့ကြောင်း သမိုင်းမှတ်တမ်းရှိပြီးဖြစ်တယ်။ အခြေခံဥပဒေမူကြမ်းကို အတည်ပြုရာမှာလည်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွေကို ၂၀၀၈ ခုနှစ်၊ မေလအတွင်းမှာကျင်းပခဲ့ပြီး နိုင်ငံတစ်ဝန်းလုံးမှဆန္ဒမဲပေးခွင့်ရှိသူ ၉၈ ဒသမ ၁၂ ရာခိုင်နှုန်းက ဆန္ဒမဲပေးခဲ့ပြီး ဆန္ဒမဲပေးသူတွေအနက် ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက ထောက်ခံမဲပေးပြီး ဒီမိုကရေစီနည်းလမ်းကျအတည်ပြုခဲ့တာဖြစ်ပါတယ်။ အမျိုးသားညီလာခံကို တက်ရောက်ခဲ့သူတွေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို မဲပေးခဲ့သူများဟာ ခုထိရှိနေပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့

အစိုးရအနေနဲ့ အခုတိုင်းပြည်တာဝန်များကို ထမ်းဆောင်နေရချိန်မှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တာဝန်ထမ်းဆောင်နေခြင်းသာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊ ရပ်တည်နေခြင်းတို့ဟာ ဒီမိုကရေစီနည်းလမ်းကျပေါ်ထွက်လာတဲ့ အခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်နေတာ၊ တစ်နည်းအားဖြင့် ပြည်သူလူထုလိုလားတောင့်တတဲ့ ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းစောင့်ရှောက်နေတာပဲဖြစ်တယ်လို့ ခိုင်ခိုင်မာမာပြောလိုပါတယ်။ ဒါ့ကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေနဲ့လည်း အစိုးရနဲ့လက်တွဲပြီး ဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ကြဖို့၊ ငြိမ်းချမ်းရေးလမ်းကို လျှောက်လှမ်းကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ–**

ကျွန်တော့်အနေနဲ နိုင်ငံတော်ရဲ့ပကတိလိုအပ်ချက်ဖြစ်တဲ့ အမျိုးသားရေးလုပ်ငန်းစဉ် (၂) ရပ်၊ နိုင်ငံရေးလုပ်ငန်းစဉ် (၂) ရပ်၊ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နဲ့ ဦးတည်ချက် (၉) ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။

ဒီအထဲမှာ တိုင်းရင်းသားညီအစ်ကိုတွေအတွက် အလေးပေးထားတာတွေများစွာပါရှိပါတယ်။ ရှေ့လုပ်ငန်းစဉ်(၅)ရပ်အနက် အမှတ်စဉ်(၄)မှာလည်း **"တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း အလေးအနက်ထားလုပ်ဆောင်သွားမည်"** ဆိုတဲ့အချက်ကို အတိအလင်းထည့်သွင်းထားပါတယ်။ နိုင်ငံရေးဦးတည်ချက်မှာလည်း ထည့်သွင်းထားပါတယ်။ ဒီလုပ်ဆောင်ချက်တွေကတစ်ဆင့် အမျိုးသားရေးလုပ်ငန်းစဉ်တွေ၊ နိုင်ငံရေးလုပ်ငန်းစဉ်တွေကို ပုံဖော်နိုင်မှာဖြစ်ပါတယ်။ ဒီလိုပုံဖော်နိုင်ဖို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ ရှိကိုရှိရမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး အစိုးရအနေနဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ညှိနှိုင်းရေးကော်မတီဆိုပြီး ကော်မတီ ၃ ရပ်ဖွဲ့စည်းပြီး ငြိမ်းချမ်းရေးဆိုင်ရာလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ညှိနှိုင်းရေးကော်မတီအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ၊ နိုင်ငံရေးပါတီတွေ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့တွေနဲ့ (၈၈) ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုတွေ့ဆုံဆွေးနွေးရာမှာလည်း သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးရဲ့ နိုင်ငံရေးရည်မှန်းချက်တွေ၊ သဘောထားတွေ၊ ဖြစ်သင့်တာနဲ့ ဖြစ်ချင်တာတွေကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ–**

ကျွန်တော်တို့ရဲ့ နိုင်ငံရေးလုပ်ငန်းစဉ် ၂ ရပ်မှာပါဝင်တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုစနစ်ကိုတည်ဆောက်ရာမှာ နိုင်ငံရဲ့အမျိုးသားခေါင်းဆောင်ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့တာကိုသတိရဖို့လိုပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းက ပြည်ထောင်စုနိုင်ငံထူထောင်ကြဖို့နဲ့ပတ်သက်ပြီး ဗမာပြည်သစ်ကိုတည်ထောင်တော့ ပြည်ထောင်စုသဘောတည်ထောင်မလား၊ လူမျိုးကြီးတစ်မျိုးတည်းပဲဆိုတဲ့ တိုင်းပြည်မျိုး(Unitary State) တည်ထောင်မလားဆိုတော့ ပြည်ထောင်စု (Union) သဘောမျိုးပဲဖြစ်ရမယ်။ ဒါမှ လူမျိုးအားလုံး တိုင်းသူပြည်သား အများဆုံးတိုးတက်မှုကိုလုပ်နိုင်မှာပဲလို့ ပြောကြားခဲ့တာရှိပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ပြည်ထောင်စု (Union)ဆိုတဲ့ စကားကို သတိပြုမိဖို့လိုအပ်မှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ အဓိကတိုင်းရင်းသားလူမျိုးကြီး ၈ မျိုး၊ လူမျိုးစု ၁၃၅ ကျော်ရှိပါတယ်။ တိုင်းရင်းသားလူမျိုးတိုင်းဟာ တူညီတဲ့အခွင့်အရေးများရဖို့လိုပါတယ်။ တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း တိုင်းရင်းသားများအရေးနဲ့ပတ်သက်ပြီး ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ ဖြစ်သင့်ဖြစ်ထိုက်တဲ့အခွင့်အရေးတွေ၊ ရသင့်ရထိုက်တဲ့ရပိုင်ခွင့်တွေရရှိအောင် ဆက်လက်ဆောင်ရွက်သွားပါမယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ–**

ဖက်ဒရယ်ဆိုတာဟာ မတူကွဲပြားနေတဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေ၊ လူမျိုးတွေ၊ လူမျိုးစုတွေကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးတဲ့ အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်ပါတယ်။ တိုင်းရင်းသားပါတီများအပါအဝင် နိုင်ငံရေးပါတီများဟာ ၎င်းတို့ကိုထောက်ခံတဲ့ပြည်သူလူထုကို ကိုယ်စားပြုတဲ့သူတွေဖြစ်ပါတယ်။ ဒါ့ကြောင့် မတူကွဲပြားတဲ့ကိုယ်စားပြုမှုတွေရှိပြီး ပါတီတွေ၊ တိုင်းရင်းသားလူမျိုးစုတွေကို ကျယ်ကျယ်ပြန့်ပြန့်ကိုယ်စားပြုနိုင်ဖို့အတွက် အချိုးကျကိုယ်စားပြုစနစ် (PR)ကို ကျင့်သုံး

နိုင်ရေးဆောင်ရွက်နေပါတယ်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာလည်း ကျွန်တော့်အနေနဲ့ EAO ခေါင်းဆောင်များကို ဆွေးနွေးရှင်းပြပြီးဖြစ်ပါတယ်။ အခု တိုင်းရင်းသားများရဲ့ဆန္ဒနဲ့ လိုလားချက်တွေကို ဒီမိုကရေစီနည်းလမ်းကျဆောင်ရွက်ပေးနိုင်ဖို့က နိုင်ငံရေးစင်မြင့်ဖြစ်တဲ့ လွှတ်တော်ထဲကို တိုင်းရင်းသားကိုယ်စားလှယ်များ စုံစုံညီညီရောက်ရှိလာဖို့လိုအပ်ပါတယ်။ ဒါမှလည်း လူမျိုးစုအလိုက်လိုလားချက်တွေ၊ ရည်မှန်းချက်တွေကို ပွင့်လင်းမြင်သာစွာဆွေးနွေး၊ စုပေါင်းဆုံးဖြတ်၊ စုပေါင်းအကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ တိုင်းရင်းသားများရဲ့ တောင်းဆိုချက်၊ လိုလားချက်တွေထဲကဖြစ်နိုင်တာ၊ ဖြစ်သင့်တာတွေကို အကောင်အထည်ဖော်နိုင်ဖို့ အချို့သောဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်တွေကို ပြင်သင့်တာပြင်ရပါလိမ့်မယ်။ ဥပမာအနေနဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ဆိုပြီးရှိတယ်။ တိုင်းရင်းသားတွေကို ကိုယ်စားပြုမှုအများဆုံးဖြစ်တဲ့ အမျိုးသားလွှတ်တော်က အဆိုပြုလိုက်တဲ့အဆိုပြုချက်တွေ၊ ဥပဒေမူကြမ်းတွေဟာ ပြည်သူ့လွှတ်တော်နဲ့ သဘောထားကွဲလွဲမှုရှိလို့ ပြည်ထောင်စုလွှတ်တော်မှာမဲခွဲဆုံးဖြတ်ရင် လူများစုဖြစ်တဲ့ ပြည်သူ့လွှတ်တော်ဘက်ကပဲ လွှမ်းမိုးသွားတာများပါတယ်။ ကျွန်တော်တို့ဟာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ကိုအခြေခံတဲ့ ပြည်ထောင်စုစနစ်ကို တည်ဆောက်မယ်ဆိုရင် ဒီလိုကိစ္စမျိုးမှာ တိုင်းရင်းသားတွေအရေးကို ထည့်သွင်းစဉ်းစားရပါလိမ့်မယ်။

ဒါ့ကြောင့် ဥပဒေပြုရေးမဏ္ဍိုင်အတွင်းမှာကိုပဲ ထိန်းညှိမျှတမှု (Check and Balance) ရှိစေရေးနဲ့ တိုင်းရင်းသားလူမျိုးများအခွင့်အရေးကို အလေးထားသောအားဖြင့် သီးခြားဥပဒေပြုခွင့်တွေကို လွှတ်တော်အလိုက်ပေးထားပြီးလုပ်ဆောင်နိုင်ရင် ပိုမိုကောင်းမွန်မယ်လို့ ကျွန်တော်ယူဆပါတယ်။ ပြည်သူ့လွှတ်တော်ကတော့ ဘာဥပဒေတွေကို ပြဋ္ဌာန်းနိုင်တယ်။ အမျိုးသားလွှတ်တော်ကတော့ မည်သည့်ဥပဒေတွေကို ပြဋ္ဌာန်းနိုင်တယ်။ ပြည်ထောင်စုလွှတ်တော်ကတော့ ဘာဥပဒေတွေကို ပြဋ္ဌာန်းနိုင်တယ် စသဖြင့် ပြဋ္ဌာန်းပေးရပါလိမ့်မယ်။ ကျွန်တော်တို့အနေနဲ့ ဒါတွေကိုဆောင်ရွက်နိုင်ဖို့ တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရပါလိမ့်မယ်။ ဒါမှသာ တိုင်းရင်းသားအားလုံး ဒီမိုကရေစီရဲ့အနှစ်သာရ၊ ပြည်ထောင်စုစနစ်ရဲ့ ကောင်းမွန်အဓိပ္ပာယ်ပြည့်ဝမှုတွေကိုခံစားနိုင်မှာဖြစ်ပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ –**

ကျွန်တော်တို့အားလုံး ဖြတ်သန်းလာခဲ့တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ချုပ်ဆိုခဲ့တဲ့ (၇)နှစ်ပြည့်ကာလမှာ ကျွန်တော့်အနေနဲ့–

- ဖြတ်သန်းလာခဲ့ရတဲ့ကာလတစ်လျှောက် အတွေ့အကြုံတွေအရ တည်ငြိမ်အေးချမ်းမှုရှိခြင်းနဲ့ တည်ငြိမ်အေးချမ်းမှုမရှိခြင်းတို့ရဲ့ အကျိုးအပြစ်တွေကို သုံးသပ်ဆင်ခြင်ပြီး NCA စာချုပ်ရဲ့ တန်ဖိုးအနှစ်သာရပိုမိုပီပြင်လာအောင် ဝိုင်းဝန်းဆောင်ရွက်ကြပါ။
- ဒို့တာဝန်အရေးသုံးပါးမူဝါဒကို လေးစားတန်ဖိုးထားပြီး ပေါင်းစည်းညီညွတ်သော ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုဖော်ဆောင်အောင်မြင်နိုင်ဖို့ NCA စာချုပ်ပါ ကတိကဝတ်တွေကို လေးလေးစားစားလိုက်နာကြပါ။
- အမျိုးသားနိုင်ငံရေး အတွေးအမြင်ကြွယ်ဝသော၊ နိုင်ငံသားသစ္စာတရားပြည့်ဝသော နိုင်ငံကြီးသားစိတ်ထားရှိသူတွေဖြစ်လာစေရန် မိမိတို့ကိုယ်တိုင်နှင့် မိမိတို့ပတ်ဝန်းကျင်ကို ပြုစုပျိုးထောင်သွားကြပါ။
- NCA မှာ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် အဖွဲ့အစည်းတွေ ပါဝင်လာစေဖို့အတွက် နှီးဆော်တိုက်တွန်းမှုတွေ၊ စည်းရုံးသိမ်းသွင်းမှုတွေကို တတ်စွမ်းနိုင်သမျှ ပံ့ပိုးလုပ်ဆောင်ခြင်းဖြင့် သမိုင်းမှတ်တမ်းကောင်းတစ်ခု စိုက်ထူသွားကြပါစို့လို့ နှိုးဆော်တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

**အားလုံးကိုကျေးဇူးတင်ပါတယ်။**

■ ■ ■

# ပြင်ဦးလွင်တပ်နယ်ရှိ တက္ကသိုလ်များနှင့် လေ့ကျင့်ရေးကျောင်းများ၏ လေ့ကျင့်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့်အမှာစကား

( ၁၆ - ၁၀ - ၂၀၂၂ )





ပြင်ဦးလွင်တပ်နယ်ရှိ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် လေ့ကျင့်ရေးကျောင်းများ၏ လေ့ကျင့်ရေးဆိုင်ရာညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာလ ၁၆ ရက်နေ့မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဧည့်ဂေဟာ အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦး၊ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်တို့မှ ကျောင်းအုပ်ကြီးများ၊ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စွမ်းရည်၊ စွမ်းအား ရှိသည့် တပ်မတော်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် လေ့ကျင့်ရေးပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားနိုင်ရေး ယခုကဲ့သို့ စုစုစည်းစည်းဖြင့် တွေ့ဆုံခြင်းဖြစ်ကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်စေရေးအတွက် တပ်များနှင့် တပ်မတော်သားများ၏ စွမ်းရည်သုံးရပ်ကို မြင့်မားအောင်ဆောင်ရွက်ပေးရမည်ဖြစ်ပြီး စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေးအတွက်မူ ခေတ်မီလက်နက်များကို တပ်ဆင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ခေတ်မီလက်နက်များကို တပ်ဆင်ပေးရန်အတွက် နိုင်ငံကိုဦးဆောင်သည့် အကြီးအကဲများ အနေဖြင့်လည်း နိုင်ငံတော်၏ကာကွယ်ရေးစွမ်းပကား မြှင့်တင်မှုအပေါ် စိတ်ပါဝင်စားမှုရှိရမည်ဖြစ်ကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်စေရေးသည် တပ်မတော်နှင့် အဓိကသက်ဆိုင်ပြီး စွမ်းအားရှိသည့်တပ်မတော်ဖြစ်စေရေးအတွက်ကိုမူ နိုင်ငံတော်မှ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ခေါင်းဆောင်များတွင် နိုင်ငံရေးကိုအလေးပေးဆောင်ရွက်သူနှင့် နိုင်ငံတော်၏ကာကွယ်ရေးစွမ်းရည်မြင့်မားရေးအပိုင်းကို စိတ်ဝင်စားသူဟူ၍ရှိပြီး တပ်မတော်နှင့် နိုင်ငံ့ခေါင်းဆောင်များ၏ စိတ်ဝင်စားမှုအလိုက် နိုင်ငံတစ်ခု၏ ကာကွယ်ရေးစွမ်းပကားသည်လည်း ကွာခြားသွားမည်ဖြစ်ကြောင်း။

စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်စေရေးအတွက် ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာများကို မြင့်မားအောင်မြှင့်တင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများ၏ ပညာရည်မြင့်မားရေးအတွက် ပညာရေးမြှင့်တင်မှုအခန်းကဏ္ဍကို မြှင့်တင်

ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရည်မြင့်မားလာသည့်အတွက် အတွေ့အကြုံနှင့် အသိအမြင်များသည်လည်း ရင့်ကျက်လာမည်ဖြစ်ကြောင်း။

**လေ့ကျင့်ရေးကျောင်းများ ဖွင့်လှစ်သင်ကြားပေးနေခြင်းသည် အနာဂတ်တပ်မတော်ကို တည်ဆောက်နေခြင်းပင်ဖြစ်**

တပ်မတော်တွင် ခေါင်းဆောင်မှုပညာရပ်သည် အလွန်အရေးကြီးပြီး အမိန့်နာခံတတ်မှု၊ စစ်စည်းကမ်းကောင်းမွန်မှုတို့ပြည့်စုံသည့် နောက်လိုက်ကောင်းဖြစ်ခဲ့မှသာလျှင် ခေါင်းဆောင်အဖြစ်သို့ရောက်ရှိချိန်၌လည်း ပြည့်စုံကောင်းမွန်သည့် ခေါင်းဆောင်တစ်ဦးဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်အတွင်း၌ မည်သည့်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်သည်ဖြစ်စေ စစ်ဘက်ခေါင်းဆောင်များအနေဖြင့် တိုက်ပွဲဝင်နိုင်အောင် လေ့ကျင့်သင်ကြားပေးခြင်းပင်ဖြစ်ကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်စေရေး လေ့ကျင့်ပေးနေမှုများသည် သင်တန်းကျောင်းများအလိုက် အခြေခံအားဖြင့် တူညီမှုရှိကြောင်း၊ အခြေခံစစ်ပညာမှအစပြု၍ အဆင့်အလိုက်လျော်ညီစွာတတ်မြောက်ရမည့် အတတ်ပညာ၊ အသိပညာများရရှိရေး သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း။

သင်ကြားလေ့ကျင့်ပေးရာတွင် အတတ်ပညာတစ်ခုကို သင်ယူတတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးခြင်းနှင့် ယင်းအတတ်ပညာကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်သူများဖြစ်အောင်လေ့ကျင့်သင်ကြားပေးမှုဟူ၍ရှိကြောင်း၊ လက်ရုံးတပ်ဖွဲ့များတွင်လည်း အဆင့်အလိုက်သင်ယူတတ်မြောက်ရမည့် အသိပညာ၊ အတတ်ပညာများကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ လေ့ကျင့်ရေးနှင့်ပတ်သက်၍ တပ်မတော်တွင် ကဏ္ဍပေါင်းစုံ၌ ပြည့်စုံအောင်ဆောင်ရွက်ပေးထားကြောင်း၊ လေ့ကျင့်ရေးကျောင်းများ ဖွင့်လှစ်သင်ကြားပေးနေခြင်းသည် အနာဂတ်တပ်မတော်ကိုတည်ဆောက်နေခြင်းပင်ဖြစ်သည့်အတွက် လေ့ကျင့်ရေးကျောင်းတွင် တာဝန်ထမ်းဆောင်နေသည့် နည်းပြများအနေဖြင့် ပေါ့ပေါ့တန်တန်သဘောမထားစေလိုဘဲ လေးနက်စွာ သင်ကြားပေးရမည်ဖြစ်ကြောင်း။

**ပြင်ဦးလွင်သည် တပ်မတော်၏ လေ့ကျင့်ရေးဘူမိနက်သန်မြေဖြစ်သည့်အတွက် လေ့ကျင့်ရေးပိုင်းဆိုင်ရာများတွင် စံပြဖြစ်နေရမည်**

နည်းပြများအနေဖြင့် လေ့ကျင့်သင်ကြားရာတွင် လေ့ကျင့်ရေးဆိုင်ရာပညာရပ်နှင့် စာပေပိုင်းဆိုင်ရာပညာရပ်ဟူ၍ရှိပြီး နှစ်ဖက်မျှတစွာတတ်မြောက်အောင် သင်ကြားပေးရမည်ဖြစ်ကြောင်း၊ သင်တန်းသားနှင့်နည်းပြအချိုးကို အမြဲလေ့လာဆန်းစစ်နေရမည်ဖြစ်ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဘာသာရပ်များကို စနစ်တကျသင်ကြားလေ့ကျင့်ပေးလိုက်မှသာလျှင် လက်တွေ့နယ်ပယ်၌ ကောင်းမွန်စွာအသုံးချနိုင်မည်ဖြစ်ပြီး ကြုံတွေ့လာရသည့် အခက်အခဲများကို အောင်မြင်စွာဖြတ်သန်းနိုင်မည်ဖြစ်ကြောင်း၊ အရည်အချင်းပြည့်ဝသည့်သင်တန်းသားများ ပေါ်ထွက်လာရေးအတွက် နည်းပြများသည် အရည်အချင်းပြည့်စုံရမည်ဖြစ်သဖြင့် နည်းပြများရွေးချယ်တာဝန်ပေးရာတွင်လည်း စနစ်တကျရွေးချယ်တာဝန်ပေးအပ်ထားခြင်းဖြစ်ကြောင်း၊ လေ့ကျင့်ပေးသူများ၏အရည်အချင်းအပေါ်မူတည်၍ လေ့ကျင့်ခံရသူများ၏အရည်အသွေးများပြောင်းလဲမည်ကိုသတိချပ်စေလိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့်လည်း စနစ်တကျကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း။

ပြင်ဦးလွင်သည် တပ်မတော်၏ လေ့ကျင့်ရေးဘူမိနက်သန်မြေဖြစ်သည့်အတွက် လေ့ကျင့်ရေးပိုင်းဆိုင်ရာများတွင် စံပြဖြစ်နေရမည်ဖြစ်ကြောင်း၊ ဘာသာရပ်ပိုင်းဆိုင်ရာများအလိုက် ကျွမ်းကျင်တတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်မှ စ၍ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် သွားလာမှုနှင့် တပ်ပြင်ထွက်ခွင့်များကို ကန့်သတ်ချက်များပေးထားသဖြင့် သင်တန်းသားများအနေဖြင့် စာပေပညာ၊ စစ်ပညာ များကို လေ့လာသင်ယူချိန်ပိုမိုရရှိမည်ဖြစ်ကြောင်း၊ ဗဟုသုတရစေမည့် စာပေပညာများကို ဖတ်မှတ်လေ့လာရမည်ဖြစ်ပြီး အချိန်ကိုအကျိုးရှိရှိအသုံးချရန်လိုကြောင်း။

**သင်တန်းသားတစ်ဦးချင်းစီအလိုက် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာကြံ့ခိုင်မှုရှိအောင် သင်ကြားလေ့ကျင့်ပေးရမည်**

စစ်ပညာ၊ စာပေပညာများကို သင်ယူနေရသည်ဖြစ်သည့်အတွက် အခြေခံစစ်ပညာသင်ကြားမှုကာလတွင် သင်တန်းသားများအနေဖြင့် ပင်ပန်းကြမ်းတမ်းမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများကိုကြံ့ခိုင်မှုရှိအောင် စနစ်တကျဖြင့်ဆောင်ရွက်ရမည်

ဖြစ်ကြောင်း၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်ဖြစ်သဖြင့် ကျန်းမာရေးကောင်းမွန်အောင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျန်းမာမှုရှိစေရေးအတွက် အာဟာရပြည့်ဝပြီး ကိုယ်ခန္ဓာဖွံ့ဖြိုးစေသည့် စားသောက်မှုပုံစံကို ဖော်ဆောင်ပေးရမည်ဖြစ်ပြီး ကြံ့ခိုင်သန်စွမ်းမှုရှိစေရေးအတွက် နည်းစနစ်ကျသည့် လေ့ကျင့်မှုများဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တပ်မတော်သားတစ်ဦးအဖြစ်စတင်ဝင်ရောက်ရန် ရွေးချယ်စဉ်ကတည်းကပင် လိုအပ်သည့် ကိုယ်ခန္ဓာ၊ အရပ်အမောင်းနှင့် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများကို ခံယူခဲ့ရပြီးဖြစ်ကြောင်း၊ တစ်ဦးချင်းစီအလိုက် ကျန်းမာရေးနှင့် ညီညွတ်စွာနေထိုင်စားသောက်မှုပုံစံအလိုက် ရောဂါဘယကင်းဝေးမှု၊ ကျန်းမာကြံ့ခိုင်မှုတို့သည်လည်း ကွာခြားသွားမည်ဖြစ်သဖြင့် တစ်ဦးချင်း၏ နေထိုင်မှုပုံစံကောင်းမွန်စေရေး သင်တန်းကျောင်းများ၌ လေ့ကျင့်ပေးလိုက်ရမည်ဖြစ်ကြောင်း၊ သင်တန်းဆင်းပြီးနောက်ပိုင်း ၎င်းတို့၏ကိုယ်ပိုင် ဆင်ခြင်တုံတရားဖြင့် ကောင်းမွန်သည့်ဘဝကို ပုံဖော်ဖြတ်သန်းနိုင်အောင် လေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ လူတစ်ဦးနှင့်တစ်ဦး ကိုယ်ခန္ဓာတည်ဆောက်ပုံခြင်းတူညီမှုရှိမည်မဟုတ်သဖြင့် ၎င်းတို့လုပ်ဆောင်နိုင်မည့် ခံနိုင်ရည်စံနှုန်းများကို လေ့ကျင့်မှုဖြင့်တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ နည်းပြများအနေဖြင့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာသင်ကြားလေ့ကျင့်ပေးနေရသူများဖြစ်ကြောင်း၊ ထို့ပြင် စိတ်ဓာတ်စည်းကမ်းကောင်းမွန်ရေးအတွက်လည်း သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်ပြီး တူညီသည့်စိတ်ဓာတ်စည်းကမ်းများကို လေ့ကျင့်ပုံဖော်ပေးရန်လိုပြီး ကျောင်းအလိုက် ကောင်းမွန်သည့်အစဉ်အလာကောင်းများကို လက်ဆင့်ကမ်းသင်ကြားပေးရန် လိုကြောင်း၊ သင်ကြားသူများ၏ပုံစံအလိုက် သင်တန်းသားများသည်လည်း ကွာခြားသွားမည်ဖြစ်ကြောင်း။

တပ်မတော်မှ ရိက္ခာနှုန်းထားများသည် စစ်သည်တစ်ဦးချင်း အမှန်တကယ်လိုအပ်သည့် အာဟာရများပြည့်ဝစေရေးအတွက် စနစ်တကျတွက်ချက်ထုတ်ပေးထားခြင်းဖြစ်သဖြင့် ပြည့်ပြည့်ဝဝစားသုံးနိုင်ရေး စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည့်ဝစွာစားသုံးနိုင်ရမည်ဖြစ်သကဲ့သို့ ကောင်းမွန်ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ သင်တန်းကျောင်းများသည် ကျန်းမာကြံ့ခိုင်ဖွံ့ဖြိုးသည့် သင်တန်းသားများကို မွေးထုတ်ပေးရမည်ဖြစ်သဖြင့် ၎င်းတို့တစ်ဦးချင်းစီ၏ နေထိုင်စားသောက်မှုပုံစံများ စနစ် တကျဖြစ်စေရေး နည်းပြများအနေဖြင့် ကြပ်မတ်ဆောင် ရွက်ရန်လိုကြောင်း၊ အသက်အရွယ်အလိုက်၊ မျိုးရိုးဗီဇအလိုက် ကွဲပြားခြားနားမှုများ ရှိနိုင်မည်ဖြစ်သော်လည်း တပ်မတော်တွင်သတ်မှတ်ထားသည့် အသက်အရွယ်အလိုက် ရှိသင့်ရှိထိုက်သည့်စံနှုန်းများ ပြည့်မီရန်လိုအပ်မည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ တပ်မ တော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်ကြီး မောင်မောင်အေးက တပ်မတော်တွင်ဆောင်ရွက်လျက်ရှိသည့် လေ့ကျင့်ရေး ပိုင်းဆိုင်ရာများ၊ သင်တန်းကျောင်းများ၏ လေ့ကျင့်ရေးစံနှုန်းသတ်မှတ်ချက်များ၊ သင်တန်းသားများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ မြှင့်တင်ရေးဆိုင်ရာများနှင့်ပတ်သက်၍ လိုအပ်ချက်များနှင့် ဆက်လက်ဆောင်ရွက်နိုင်မည့်အခြေအနေများကို တင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် လေ့ကျင့်ရေးပိုင်းဆိုင်ရာနှင့်

**တပ်မတော်တွင် ခေါင်းဆောင်မှုပညာရပ်သည် အလွန်အရေးကြီးပြီး အမိန့်နာခံတတ်မှု၊ စစ်စည်းကမ်းကောင်းမွန်မှုတို့ပြည့်စုံသည့် နောက်လိုက်ကောင်းဖြစ်ခဲ့မှသာလျှင် ခေါင်းဆောင်အဖြစ်သို့ ရောက်ရှိချိန်၌လည်း ပြည့်စုံကောင်းမွန်သည့် ခေါင်းဆောင်တစ်ဦးဖြစ်လာနိုင်မည်ဖြစ်၊ စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်စေရေး လေ့ကျင့်ပေးနေမှုများသည် သင်တန်းကျောင်းများအလိုက် အခြေခံအားဖြင့် တူညီမှုရှိကြောင်း၊ အခြေခံစစ်ပညာမှအစပြု၍ အဆင့်အလိုက်လျော်ညီစွာ တတ်မြောက်ရမည့် အတတ်ပညာ၊ အသိပညာများရရှိရေး သင်ကြားလေ့ကျင့်ပေးလျက်ရှိ။**

ပတ်သက်၍ လိုအပ်သည်များကို ယခုကဲ့သို့ အချိန်ယူ၍မှာကြားခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် လုံခြုံရေးပိုင်းဆိုင်ရာနှင့်ပတ်သက်၍ လည်း အရာရှိ စစ်သည် တစ်ဦးချင်းအနေဖြင့် မိမိကိုယ်တိုင် သတင်းလုံခြုံမှုနှင့်ပတ်သက်၍ သတိထားဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ မိမိတို့၏ မိသားစုဝင်များအနေဖြင့်လည်း သတင်းလုံခြုံမှုနှင့်ပတ်သက်၍ ထိခိုက်မှုမရှိစေရေး လုံခြုံရေး အသိ၊ လုံခြုံရေးသတိတို့ဖြင့် ထိန်းသိမ်းဆောင်ရွက်ကြစေ လိုကြောင်း၊ သင်တန်းကျောင်းများမှ နည်းပြများဖြစ်ပြီး အရည်အချင်းရှိသူများဖြစ်သည့် အတွက် မိမိတို့လေ့ကျင့်သင်ကြားပေးနေသည့် သင်တန်းသားများကိုလည်း လုံခြုံ ရေးအသိရှိအောင် သင်ကြားပေးရန်လိုကြောင်း၊ လူမှုကွန် ရက်စာမျက်နှာ၊ အွန်လိုင်းနည်းပညာအသုံးချမှုများကို အကျိုးရှိသည့်နေရာများ၌သာ အသုံးချရန်လိုပြီး စည်းကမ်း စနစ်တကျရှိရမည်ဖြစ်ကြောင်း၊ မိမိကိုယ်တိုင် စံနမူနာကောင်း ပြ၍ ညီညွတ်မျှတသည့်ခေါင်းဆောင်မှုဖြင့် အရည်အချင်းပြည့်ဝသည့် သင်တန်းသားများဖြစ်စေရေး ကြိုးပမ်းလေ့ ကျင့်သင်ကြားပေးကြရမည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

# အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ မော်လမြိုင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံပြောကြားသည့်အမှာစကား

( ၁၆ - ၁၀ - ၂၀၂၂ )





မည်သည့်အလုပ်ကို လုပ်ကိုင်သည်ဖြစ်စေ ခွန်အားစိုက်ထုတ်ဆောင်ရွက်ပါက အောင်မြင်မှုကိုရရှိမည်ဖြစ်သဖြင့် အားပြည့်အင်ပြည့်ဖြင့် အားထည့်ဆောင်ရွက်တတ်သည့်အလေ့အကျင့်ကိုမွေးမြူဆောင်ရွက်ကြရန်လိုကြောင်း၊ တစ်ဦးချင်း အားထည့်ဆောင်ရွက်ခြင်းနှင့် စုစည်းညီညွတ်သည့်အားဖြင့် ဆောင်ရွက်ခြင်းသည် တပ်တွင်းစည်းလုံးညီညွတ်မှုကို ပိုမိုအောင်မြင်စေမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကိုထမ်းဆောင်ရာတွင်လည်း စုစည်းညီညွတ်သည့်အားကို ရရှိစေမည်ဖြစ်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အောက်တိုဘာလ ၁၆ ရက် မွန်းလွဲပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ မော်လမြိုင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီးဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မြတ်သက်ဦးနှင့် တာဝန်ရှိသူများ၊ မော်လမြိုင်တပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုများ တက်ရောက်ကြသည်။

**တစ်ဦးချင်း၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခြင်းသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေခြင်းပင်ဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်၏အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရန်ဖြစ်ပြီး တပ်ရင်းတပ်ဖွဲ့တိုင်းအနေဖြင့် မိမိတို့၏တာဝန်များကို မှန်မှန်ကန်ကန်ထမ်းဆောင်နေခြင်းသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေခြင်းပင်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းအနေဖြင့် မိမိတို့၏တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ပြီး စည်းကမ်းစနစ်တကျရှိနေရမည်ဖြစ်ကာ စွမ်းရည်သုံးရပ်ထက်မြက်အောင် စဉ်ဆက်မပြတ်လေ့ကျင့်နေကြရမည်ဖြစ်ကြောင်း၊ အခြေခံစစ်ပညာမှစ၍ တာဝန်ထမ်းဆောင်ချိန်ကာလတစ်လျှောက်လုံး အဆင့်နှင့်လျော်ညီသည့် အသိပညာ၊ အတတ်ပညာများရရှိရေး သင်တန်းကျောင်းများမှလည်း အမြဲမပြတ်လေ့ကျင့်ပေးလျက်ရှိကြောင်း၊ မိမိတို့တစ်ဦးတစ်ယောက်ချင်းဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်

များ၍ အောင်မြင်အောင်ဆောင်ရွက်ကြမည်ဆိုပါက ထူးချွန်သည့်တပ်ဖွဲ့များ ဖြစ်လာမည်ဖြစ်ပြီး စွမ်းရည်သုံး ရပ်ပြည့်စုံသည့် တပ်မတော်ဖြစ်လာမည်ဖြစ်ကြောင်း။

မည်သည့်အလုပ်ကိုလုပ်ကိုင်သည်ဖြစ်စေ အာရုံ စိုက်၍ ခွန်အားစိုက်ထုတ်ဆောင်ရွက်မည်ဆိုပါက အောင်မြင်မှုကိုရရှိမည်ဖြစ်သဖြင့် အားပြည့်အင်ပြည့်ဖြင့် အားထည့်ဆောင်ရွက်တတ်သည့်အလေ့အကျင့်ကို မွေးမြူ ဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေး အတွက် စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်ရမည်ဖြစ်ပြီး စိတ်ဓာတ်၊ စည်းကမ်းနှင့် အားထည့်ဆောင်ရွက်တတ်သည့် အလေ့အကျင့်တို့ကိုပေါင်းစပ်လိုက်ပါက စုစည်းညီညွတ် သည့်အားကိုရရှိမည်ဖြစ်ပြီး လုပ်ငန်းများအောင်မြင်မည် ဖြစ်ကြောင်း၊ စုစည်းသည့်အင်အားဖြင့် ဆောင်ရွက်ပါက အောင်မြင်မှုကို ရရှိနိုင်မည်ဖြစ်သည့်အတွက် တပ်တွင်း စည်းလုံးညီညွတ်ရေးကိုတည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ စွမ်းအားများကို စုစည်းတည်ဆောက်၍ ထုဖြစ်အောင် ဆောင်ရွက်ခြင်းပင်ဖြစ်ပြီး တပ်တွင်းစည်းလုံးညီညွတ်မှု အားဖြင့်ဆောင်ရွက်မည်ဆိုပါက ပိုမိုအောင်မြင်မည်ဖြစ် ကြောင်း၊ တစ်ဦးချင်း အားထည့်ဆောင်ရွက်ခြင်းနှင့် စုစည်း ညီညွတ်သည့်အားဖြင့်ဆောင်ရွက်ခြင်းသည် တပ်တွင်း စည်းလုံးညီညွတ်မှုကို ပိုမိုအောင်မြင်စေမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံရေးအရအရေးပေါ်အခြေအနေ ဖြစ်လာသဖြင့် လိုအပ်ချက်အရ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ခဲ့ရကြောင်း၊ ထိုသို့ တာဝန်ယူထမ်းဆောင် ရသည့်အချိန်တွင် မိမိတို့တာဝန်ယူနေရသည့် လုပ်ငန်း တာဝန်များကို စွမ်းစွမ်းတမံဖြင့် အောင်မြင်အောင်ဆောင် ရွက်ကြရန်လိုကြောင်း၊ တိုင်းပြည်တည်ဆောက်ရေး လုပ်ငန်းများတွင် တပ်မတော်၏ စုစည်းညီညွတ်သည့် အားကို အသုံးပြုတည်ဆောက်ရန်လိုကြောင်း၊ မိသားစု တစ်ခု၌ပင် အိမ်ထောင်ဦးစီး၊ အိမ်ရှင်မနှင့် သားသမီးတို့ စုစည်းညီညွတ်စွာဖြင့်နေထိုင်မည်ဆိုပါက သာယာပျော် ရွှင်ဖွယ်ဖြစ်သည့် သီရိဂေဟာကို ရရှိနိုင်မည်ဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ လုံခြုံမှုအပြည့်အဝရရှိပြီး စီးပွားတိုးတက်မှုကိုလည်း ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေးစွမ်းပကားကို မြှင့်တင်ဆောင်ရွက်ခဲ့ခြင်းအတွက် ယခုကဲ့သို့သောအခြေ အနေမျိုးတွင် လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက် နိုင်ခြင်းဖြစ်ကြောင်း၊ တပ်မတော်သားအားလုံးနှင့် တပ် မိသားစုဝင်များ၊ အားလုံး၏ စုစည်းညီညွတ်သည့်အားဖြင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

## တပ်တွင်းစည်းလုံးညီညွတ်ရေးကို အောင်မြင်စွာ တည်ဆောက်

စည်းကမ်းဆိုသည်မှာ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်ရန်တိုက်တွန်းခြင်းနှင့် မဖြစ်သင့်သည်များကို မလုပ်ဆောင်ရန်တားမြစ်ခြင်းပင်ဖြစ်ကြောင်း၊ စစ်စည်းကမ်း များကိုအလေးထားလိုက်နာမည်ဆိုပါက တပ်တွင်းစည်းလုံး ညီညွတ်မှုကိုရရှိမည်ဖြစ်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိမည်ဖြစ်ကြောင်း၊ တပ်တွင်းစည်းလုံး ညီညွတ်ရေးသည် တပ်မတော်အတွက်အရေးကြီးပြီး တပ်ဖွဲ့ များအချင်းချင်း စည်းလုံးညီညွတ်မှုရှိပါက တပ်မတော်ကို မည်သူမျှ ဖြိုခွဲ၍ရနိုင်မည်မဟုတ်ကြောင်း။

မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ပေါ်တွင် လျှောက်လှမ်းလျက်ရှိပြီး နိုင်ငံရေးအရ သဘောထားကွဲလွဲ မှုများကြောင့် ပါတီတစ်ခုနှင့်တစ်ခု၊ အဖွဲ့တစ်ခုနှင့်တစ်ခု နိုင်ငံရေးအရ တိုက်ခိုက်ခြင်းများရှိကြောင်း၊ ထိုသို့ဖြစ်ပေါ် ရခြင်းမှာ နိုင်ငံရေးအရ မရင့်ကျက်ခြင်းများကြောင့်ဖြစ်ပြီး တပ်မတော်သည် ခိုင်မာသည့်အဖွဲ့အစည်းတစ်ခုဖြစ်သဖြင့် တပ်မတော်၏ထောက်ခံမှုများကို လိုလားကြကြောင်း၊ သို့သော် အချို့သောအဖွဲ့များက တပ်မတော်အင်အားချိနဲ့ စေရန် တိုက်ခိုက်မှုများရှိခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ကြောင့် နိုင်ငံရေးပြဿနာများဖြစ်ပေါ်ခဲ့ပြီး အခြေခံဥပဒေ အရ တပ်မတော်မှ နိုင်ငံတော်တာဝန်ကိုထမ်းဆောင်ခဲ့ရ ကြောင်း၊ ထို့ကြောင့် တပ်တွင်းစည်းလုံးညီညွတ်ရေးကို ပြိုကွဲစေရန်နှင့် တပ်မတော်၏ အင်အားကို ချိနဲ့စေရန် ကြိုးပမ်းဆောင်ရွက်လာမှုများရှိလာခဲ့သည်ကို တွေ့ရှိကြ ရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်မှုမှန်ကန်ပြီး တပ်မတော် အတွင်း စည်းလုံးညီညွတ်မှုရှိနေသည့်ကာလတစ်လျှောက် လုံး တိုင်းပြည်ကိုဖြိုခွဲ၍ရနိုင်မည်မဟုတ်ကြောင်း၊ တပ်မ တော်အနေဖြင့် တပ်တွင်းစည်းလုံးညီညွတ်ရေးကို ယခင် ကတည်းကဆောင်ရွက်ခဲ့ပြီး သက်သာချောင်ချိရေးလုပ်ငန်း များ၊ တပ်တည်ဆောက်ရေးလုပ်ငန်းများနှင့် လေ့ကျင့်ရေး လုပ်ငန်းများကို အမြဲမပြတ်ဆောင်ရွက်ခဲ့ကြောင်း၊ လေ့

ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ်စသည်တို့ဖြင့် တပ်တည်ဆောက်ရေးလုပ်ငန်းများကိုဆောင်ရွက်ခဲ့ကြောင်း။

တပ်များအားလုံး စည်းလုံးညီညွတ်မှုရှိစေရေးအတွက် တပ်မှူးခေါင်းဆောင်များ အားလုံးကဆောင်ရွက်ကြရမည်ဖြစ်ပြီး စစ်စည်းကမ်း၊ အမိန့်နှင့်ညွှန်ကြားချက်များကို မျှမျှတတဖြင့်ဆောင်ရွက်သွားမည်ဆိုပါက အုပ်ချုပ်မှုညီညွတ်မျှတမည်ဖြစ်ကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်မှုမရှိပါက အုပ်ချုပ်မှုလုပ်ငန်းများကို ထိခိုက်လာနိုင်ကြောင်း၊ ထို့ကြောင့် တပ်တွင်းစည်းလုံးညီညွတ်မှုရှိရန် အရေးကြီးလိုအပ်သဖြင့် တပ်မတော်သားအားလုံး အလေးထားနေထိုင်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

တပ်မတော်သားများ သက်သာချောင်ချိရေးအတွက် မိမိတို့အနေဖြင့်ဆောင်ရွက်ပေးထားပြီး တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြောင်း၊ စီမံခန့်ခွဲသည့်ခေါင်းဆောင်အသီးသီးမှ စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် လက်အောက်မှလည်း စနစ်တကျလိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ ယခုထက်ပိုမို၍ တပ်တွင်းစည်းလုံးညီညွတ်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုပါက တပ်ပြင်စည်းရုံးရေးများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တပ်တွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် အသား၊ ငါးနှင့် ဥများကို ဌာနဆိုင်ရာဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ရောင်းချပေးမှုများလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အလားတူတိုင်းပြည်စီးပွားရေးကောင်းမွန်ရန်အတွက်လည်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တပ်တွင်းစည်းလုံးညီညွတ်ရေးကောင်းမွန်ရန်အတွက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ဝင်ငွေနှင့် ထွက်ငွေမျှတမှုရှိစေရေး အသုံးနှင့်အဖြုန်းကို ခွဲခြားသိရှိကြစေလိုကြောင်း၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးကိုသာမက တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုပါ ဆောင်ရွက်မည်ဆိုပါက မိမိတို့၏သက်သာချောင်ချိရေးကို ပိုမိုအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

စိတ်ဓာတ်ပိုင်းဆိုင်ရာနှင့်ပတ်သက်၍ တပ်တွင်းစည်းလုံးညီညွတ်ရေးနှင့် သက်သာချောင်ချိရေးလုပ်ငန်းများ ကောင်းမွန်အောင်မြင်ပါက စိတ်ဓာတ်များတက်ကြွလာမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းအသိစိတ်ဓာတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်ရန်လိုပြီး တပ်တွင်းအားကစားပွဲများ ဆောင်ရွက်၍လည်း စိတ်ဓာတ်မြှင့်တင်ရေးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အားကစားပွဲများတွင် အောင်မြင်မှုသည် အောင်ပွဲခံယူချင်သည့် စိတ်ဓာတ်ကို ဖြစ်ပေါ်စေကြောင်း၊ ထို့ကြောင့် မည်သည့်အလုပ်ကို ဆောင်ရွက်သည်ဖြစ်စေ အလေးထားဆောင်ရွက်မည်ဆိုပါက အောင်မြင်မှုများ ရရှိမည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

# ဘားအံမြို့၊ ဇွဲကပင်အားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှုနှင့် ဘားအံမြို့နှင့် မော်လမြိုင်မြို့တို့ရှိ တပ်မတော်ဆေးရုံများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၁၇ - ၁၀ - ၂၀၂၂ )





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အောက်တိုဘာလ ၁၇ ရက်နေ့တွင် ခရီးစဉ်၌လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ကရင်ပြည်နယ်၊ ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အားကစားကွင်းရှင်းလင်းဆောင်၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဦးစိုးလွင်တို့က ဇွဲကပင်အားကစားကွင်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ အဆင့်မြှင့်တင်နိုင်ရေးဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အားကစားကွင်းသည် ပြည်နယ်အဆင့်နှင့်လျော်ညီရမည်ဖြစ်ပြီး နောင်တွင် တိုးတက်လာမည့်လူဦးရေတို့ကိုပါ ထည့်သွင်းတွက်ချက်၍ ဝင်ဆံ့မှုကို ရေရှည်မျှော်တွေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အားကစားကွင်းအနီး၌ ပြည်နယ်အဆင့်နှင့်လျော်ညီသည့် မိုးလုံလေလုံအားကစားရုံအသစ်တစ်ခုဆောက်လုပ်နိုင်ရေး၊ ဒိုင်ဗင်စင်ပါအဆင့်မီရေကူးကန်တည်ဆောက်ရေး လျာထားတင်ပြရန်နှင့် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အားကစားနည်းမျိုးစုံကို အဆင့်မီစွာလေ့ကျင့်ယှဉ်ပြိုင်နိုင်ရေး ပြည်နယ် Sport Complex တစ်ခုကို ဖော်ဆောင်ပေးရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အားကစားကွင်းအဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားသည်။

**ထောက်ပံ့ပေးအပ်**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘားအံမြို့

ရှိတပ်မတော်ဆေးရုံသို့သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးကုသမှုခံယူလျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၏ ကျန်းမာရေးအခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။ ယင်းနောက် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့နယ် မြေခံတပ်မတော်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

■ ■ ■

# ကရင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား ဘားအံမြို့ ဇွဲကပင်ခန်းမ၌ တွေ့ဆုံ၍ ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည့်အမှာစကား

( ၁၇ - ၁၀ - ၂၀၂၂ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အောက်တိုဘာလ ၁၇ ရက်နေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ဘားအံမြို့ ဇွဲကပင်ခန်းမ၌တွေ့ဆုံ၍ ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ကရင်ပြည်နယ်အတွင်း စီးပွားရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးပြောကြားရန်နှင့် ဖြည့်ဆည်းပေးနိုင်ရန်လာရောက် ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးမူဝါဒသည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်ပြီး နိုင်ငံတော်က စီးပွားရေးဆိုင်ရာမူဝါဒများကို ချမှတ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဗဟိုမှချုပ်ကိုင်သောစနစ်မဟုတ်သကဲ့သို့ စီမံကိန်းစီးပွားရေးစနစ်မဟုတ်သောကြောင့် အစိုးရအနေဖြင့် မူဝါဒပိုင်းကို ကြပ်မတ်ထိန်းကြောင်းပေးခြင်းဖြစ်သဖြင့် လုပ်ငန်းများအောင်မြင်စေရေးအတွက်ကိုမူ လုပ်ငန်းရှင်များကကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့သော် နိုင်ငံ့စီးပွားရေးမပြိုလဲရန်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားမထိခိုက်စေရန် ဝင်ရောက်ထိန်းကျောင်းမှုများကိုလုပ်ဆောင်ပေးရကြောင်း။

**ဒေသထွက်ကုန်ကြမ်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်**

စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာတွင် ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှုဟူ၍ရှိပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများအားကောင်းလာမှသာလျှင် စီးပွားရေးဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ရောင်းဝယ်မှုတွင် ရောင်းလိုအားနှင့် ဝယ်လိုအားမျှတမှုမရှိပါက ကုန်ဈေးနှုန်းများ ကြီးမြင့်လာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသတွင်းမှထွက်ရှိလာသည့် ကုန်ကြမ်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်ခြင်းဖြင့် ဒေသနှင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုကို ပိုမိုခိုင်မာစေမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းထွက်ရှိမှုကို ခိုင်မာအောင်ဆောင်ရွက်ထားနိုင်မှသာလျှင် ကုန်ချောထုတ်လုပ်မှုသည်

လည်း စဉ်ဆက်မပြတ်ရှိမည်ဖြစ်ပြီး ဈေးကွက်ခိုင်မာမည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ်သည် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များနှင့် မြေပေါ်မြေအောက်သယံဇာတကုန်ကြမ်းပစ္စည်းများ ကြွယ်ဝပြီးဖြစ်ကြောင်း၊ တွင်းထွက်ပစ္စည်းများမှ ထုတ်ကုန်များထုတ်လုပ်၍ရပြီး ကရင်ပြည်နယ်အတွင်း ထုံးကျောက်ပေါ်များစွာထွက်ရှိသဖြင့် ဘိလပ်မြေထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း။

ဆန်ဖူလုံမှုနှင့်ပတ်သက်၍ ကရင်ပြည်နယ်သည် ဆန်ဖူလုံမှု ၈၀ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ စပါးကိုအခြေခံသည့် စက်မှုလုပ်ငန်းများကိုလည်း မဖြစ်မနေဆောင်ရွက်သင့်ပြီး ဒေသတွင်း ဆန်ဖူလုံမှုရှိစေရေးအတွက် တစ်ဧကချင်းအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးတွင် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် လေးချက်ကို လိုအပ်ကြောင်း၊ စိုက်ပျိုးမြေများကို စက်ယန္တရားများဖြင့် ထွန်ယက်စိုက်ပျိုးနိုင်သည့် ခေတ်မီစိုက်ပျိုးမြေ ဧကကွက်၊ ဟတ်တာကွက်များအဖြစ်ပြုပြင်ဖော်ဆောင်ရန်လိုကြောင်း၊ မျိုးအရေအတွက် မျိုးစုံကို အများအပြားစိုက်ပျိုးခြင်းထက် ဒေသတွင်း မျိုးကောင်းစပါးမျိုးများကို များများစိုက်ပျိုးနိုင်ရန်လိုကြောင်း၊ အထွက်နှုန်းများ တိုးတက်ရေးအတွက် စိုက်နည်းစနစ်များ ကောင်းမွန်ရန်လိုအပ်သကဲ့သို့ စိုက်ပျိုးရေနှင့်အောင်ရေများလည်း လုံလောက်စွာရရှိရန်လိုကြောင်း၊ စိုက်ပျိုးတောင်သူများ လိုအပ်လျက်ရှိသည့်ဓာတ်မြေသြဇာများရရှိစေရေး နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ဒေသတွင်းရှိ မွေးမြူရေး လုပ်ငန်းများကို စနစ်တကျဆောင်ရွက်၍ မွေးမြူရေးလုပ်ငန်းများမှထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကိုလည်း ဇီဝမြေသြဇာများအဖြစ်အသုံးပြု၍ရကြောင်း၊ သစ်စိမ်းမြေသြဇာနှင့် အီးအမ်ဘိုကာရှီများကိုလည်း သဘာဝမြေသြဇာများအဖြစ် အသုံးပြု၍ရကြောင်း၊ စပါးကြိတ်ခွဲထုတ်လုပ်ရာမှ ထွက်ရှိလာသည့် ဆန်ကွဲ၊ ဖွဲများကို အသုံးပြု၍လည်း တိရစ္ဆာန်အစာများထုတ်လုပ်၍ရနိုင်ကြောင်း၊ ကရင်ပြည်နယ်အတွင်း အရည်အသွေးကောင်းမွန်သည့် ဆန်စက်ရှိရန်လိုအပ်နေသည်ကိုတွေ့ရှိရပြီး တန်ဖိုးမြင့်ဆန်ထုတ်ကုန်များရရှိစေရေးအတွက် ဒေသတွင်းအရည်အသွေးကောင်းမွန်သည့် ဆန်စက်များရှိရန်လိုကြောင်း၊ ဆန်မှအခြား အစားသောက်ကုန်များစွာကိုလည်း ထုတ်လုပ်၍ရသဖြင့် နည်းပညာရယူ၍ ဆန်နှင့်ပတ်သက်သည့် ကုန်ထုတ်လုပ်မှုများကိုဆောင်ရွက်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ဒေသတွင်းမှထွက်ရှိလာသည့် ပြောင်းထွက်ကုန်များကိုလည်း ကုန်ကြမ်းအဖြစ် ပြည်ပသို့တင်ပို့ခြင်းထက် ကုန်ချောအဖြစ်ပြောင်းလဲထုတ်လုပ်ပြီး တင်ပို့မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ်သည် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး စက်မှုလုပ်ငန်းများအတွက် အခြေခံကောင်းများရှိပြီးဖြစ်သည့် ဒေသတစ်ခုဖြစ်ပြီး ဒေသတွင်း အုန်းစိုက်ပျိုးမှုများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်၍လည်း အုန်းထွက်ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်၍ရနိုင်မည်ဖြစ်ကြောင်း။

ရာဘာစိုက်ပျိုးမှုနှင့်ပတ်သက်၍ ကရင်ပြည်နယ်အတွင်း စိုက်ပျိုးဧက ၂ သိန်းကျော်ခန့်ရှိသည်ကို တွေ့ရှိရကြောင်း၊ ရာဘာကိုအခြေခံသည့် ကုန်ချောပစ္စည်းများကို ဒေသတွင်း ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် တိရစ္ဆာန်သားရေများကိုလည်း အကျိုးရှိစွာအသုံးချရန်လိုကြောင်း၊ ကရင်ပြည်နယ်အတွင်း ရော်ဘာနှင့် တိရစ္ဆာန်သားရေများကိုအသုံးပြု၍ လူသုံးဖိနပ်အပါအဝင် အခြားတန်ဖိုးမြင့်ကုန်ချောပစ္စည်းများထုတ်လုပ်နိုင်မည်ဆိုပါက ဒေသတွင်းစီးပွားရေးအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထို့ပြင် ကရင်ပြည်နယ်အတွင်း ဝါးများ ပေါ်များစွာထွက်ရှိသည့်အတွက် ဝါးကိုအသုံးပြု၍ ပျော့ဖတ်၊ စက္ကူများအပါအဝင် အခြားလူသုံးကုန်ပစ္စည်းများစွာကိုထုတ်လုပ်၍ ရနိုင်မည်ဖြစ်ပြီး ဝါးကိုအခြေခံသည့် ထုတ်ကုန်များကိုဆောင်ရွက်နိုင်မည်ဆိုပါကလည်း ဒေသအတွက် များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ဘဲမွေးမြူခြင်းလုပ်ငန်းများကို တွင်တွင်ကျယ်ကျယ်ဆောင်ရွက်ကြကြောင်း၊ ဘဲကိုစနစ်တကျမွေးမြူမည်ဆိုပါက ဘဲကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း၊ အလားတူ ငါးမွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျမွေးမြူကြစေလိုကြောင်း၊ မွေးမြူရေးငါးများကို လုံလောက်စွာထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းစားသုံးမှုဖူလုံစေသည့် အပြင်ပြည်ပသို့ပါ တင်ပို့ရောင်းချ၍ရကြောင်း၊ အသားစားနွားနှင့် ဝက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့်မြေလွတ်

မြေရိုင်းများစွာရှိပြီး စနစ်တကျမွေးမြူမည်ဆိုပါက ကရင်ပြည်နယ်၏ မွေးမြူရေးထုတ်ကုန်တစ်ခုကို ထုတ်လုပ်နိုင်မည်ဖြစ်ကာ ပြည်ပသို့လည်းတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကို အသုံးပြု၍ MSME လုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်း စီးပွားရေးလုပ်ငန်းများ များစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

သွင်းအားစုနှင့်ပတ်သက်၍ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ စက်မောင်းဆီနှင့် လျှပ်စစ်ဓာတ်အားများလိုအပ်ကြောင်း၊ စက်မောင်းဆီများ လုံလောက်စွာရရှိရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စက်မောင်းဆီများ ချွေတာနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားကိုအသုံးပြု၍ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်ကို အသုံးပြုနိုင်ရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အားများ လုံလောက်စွာထုတ်လုပ်နိုင်ပါက သယ်ယူပို့ဆောင်ရေးတွင်သာမက စက်မှုလုပ်ငန်းများလည်း များစွာတိုးတက်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်စိုက်ပျိုးရေများရရှိရေးဆောင်ရွက်ရာတွင် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများဖြင့်ဆောင်ရွက်၍ရကြောင်း၊ အလားတူ ဒေသတွင်း ရှိပြီးဖြစ်သည့်ရေအရင်းအမြစ်များကို အသုံးချ၍ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်လိုကြောင်း။

ရင်းနှီးမြှုပ်နှံငွေနှင့်ပတ်သက်၍ ခေတ်အဆက်ဆက်တွင် နိုင်ငံတော်မှ ချေးငွေများထုတ်ပေးခဲ့ပြီး အချို့သောလုပ်ငန်းရှင်များမှာ ပြန်လည်ပေးဆပ်ခြင်းမရှိခဲ့ကြောင်း၊ စိုက်ပျိုးရေးချေးငွေများနှင့် MSME လုပ်ငန်းများအတွက် ချေးငွေများကိုထုတ်ပေးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ချေးယူထားသည့် ငွေများကို သတ်မှတ်ကာလများအတွင်း နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရန် လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စား၊ ရေ၊ ရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံငွေများ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း။

**လူသားအရင်းအမြစ်ပေါ်ကြွယ်ဝရေးအလေးပေးဆောင်ရွက်**

လုပ်ငန်းများဆောင်ရွက်ရာတွင် အောင်မြင်မှုရရှိစေရေးအတွက် အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်များလိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာရေးအားနည်းမှုများရှိသဖြင့် ကျွမ်းကျင်လုပ်သားများ နည်းပါးသည်ကိုတွေ့ရှိရနိုင်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် နည်းပညာဆိုင်ရာများနှင့်ပတ်သက်၍ အထက်တန်းကျောင်းများတွင် သင်ကြားပေးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ဘားအံမြို့၌ စိုက်ပျိုးရေးသိပ္ပံနှင့် မွေးမြူရေးသိပ္ပံတို့ကိုလည်း ဖွင့်လှစ်နိုင်ရေးစီမံဆောင်ရွက်လျက် ရှိကြောင်း၊ ပညာတတ်များ ပေါ်ကြွယ်ဝမှသာလျှင် လူသားအရင်းအမြစ်များပေါ်များလာမည်ဖြစ်သဖြင့် ကရင်ပြည်နယ်အတွင်း၌လည်း ပညာတတ်များပေါ်များစေရေး ပညာရည်မြင့်မားရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျောင်းသား၊ ကျောင်းသူများ ပညာရည်မြင့်မားစေရေးအတွက် အားပေးဆောင်ရွက်လျက်ရှိပြီး မိမိတို့ဒေသအတွင်း လူသားအရင်းအမြစ်များ ပေါ်များလာစေရေးအတွက်လည်း ဒေသခံများက ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း။

**အိမ်သာလျှင် ဒည့်လာမည်**

ခရီးသွားလုပ်ငန်းများနှင့်ပတ်သက်၍ ကရင်ပြည်နယ်သည် သဘာဝအလှအပများ များစွာရှိသည့် ပြည်နယ်တစ်ခုဖြစ်ပြီး အဆိုပါအခြေခံကောင်းများကိုအသုံးချ၍ ပြည်တွင်း၊ပြည်ပခရီးသွားလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်၍ရကြောင်း၊ အိမ်သာလျှင် ဧည့်လာမည်ဖြစ်သဖြင့် ဒေသအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများကို စွဲဆောင်နိုင်သည့် သာယာလှပသောပတ်ဝန်းကျင်ကောင်းများရှိစေရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လုံခြုံစိတ်ချရသည့် ပြည်နယ်တစ်ခုဖြစ်စေရေးကို ဒေသခံများ၊ ဒေသတွင် လာရောက်အမှုထမ်းနေကြသည့် နိုင်ငံ့ဝန်ထမ်းများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသမှထွက်ရှိသည့် ရိုးရာအစားအစာများကိုလည်း သန့်ရှင်းသပ်ရပ်စွာဖြင့် ဖွယ်ဖွယ်ရာရာပြုလုပ်၍ ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ်အတွင်း ခရီးသွားကဏ္ဍတိုးတက်စေရေးအတွက် နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိပြီး အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း။

လုပ်ငန်းများအားလုံး မိမိတို့၏ လုပ်ငန်းတစ်ခုချင်းစီအလိုက် စည်းကမ်းစနစ်တကျဖြင့် အားထည့်၍ဆောင်

ရှက်မည်ဆိုပါက လုပ်ငန်းများအောင်မြင်မည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ်အတွင်း ရှိပြီးဖြစ်သည့် အခြေခံကောင်းများကိုအသုံးချ၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်မည်ဆိုပါက ကရင်ပြည်နယ်အတွင်း စီးပွားရေးလုပ်ငန်းများတိုးတက်လာပြီး ဒေသခံများ၏ လူမှုစီးပွားဘဝသည်လည်း ပြောင်းလဲလာမည်ဖြစ်ကာ ဒေသသည်လည်း အချိန်တိုအတွင်း တိုးတက်ပြောင်းလဲလာမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

■ ■ ■

# မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ တွေ့ဆုံ၍ ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည့်အမှာစကား

( ၁၈ - ၁၀ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အောက်တိုဘာလ ၁၈ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌တွေ့ဆုံ၍ ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဦးအောင်နိုင်ဦးနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ မွန်ပြည်နယ်ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များတက်ရောက်ကြသည်။

**ပြည်နယ်အတွင်း MSME လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား တစ်ဦးချင်းတင်ပြဆွေးနွေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

သည့်အခြေအနေများ၊ ပြည်နယ်အတွင်းရှိ စက်မှုဇုန်များနှင့် စက်မှုဇုန်အတွင်းရှိ စက်မှုလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မွန်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းထိန်၊ ပြည်နယ်ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခိုင်ဦး၊ ပြည်နယ်ရော်ဘာစိုက်ပျိုးထုတ် လုပ်သူများအသင်းကိုယ်စား ဦးဟန်ထွန်းဇော်၊ ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြင့်စိုး၊ မော်လမြိုင်ဇုန်ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးချန်ထွန်းနှင့် တက်ရောက်လာကြသူများက ရော်ဘာလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးပေးစေလိုမှု၊ ဆားလုပ်ငန်းဆောင်ရွက်ရာတွင် စက်မောင်းဆီသုံးစွဲမှုများလျှော့ချနိုင်ရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဖြင့်အစားထိုးသုံးစွဲနိုင်ရေး၊ ပြည်နယ်မှထွက်ရှိသည့်ဆားကို ပြည်ပသို့တင်ပို့နိုင်ရေးနှင့် ပြည်တွင်း၌ အဆင့်မြင့်ဆားများထုတ်လုပ်နိုင်ရေး နိုင်ငံတော်မှ လိုအပ်သည်များကူညီပံ့ပိုးပေးစေလိုမှု၊ စိုက်ပျိုးရေးလုပ်ငန်းအတွက်လိုအပ်သည့် ရေလုံလောက်စွာရရှိရေးမြစ်ရေတင်စီမံကိန်းဆောင်ရွက်ပေးစေလိုမှု၊ ရော်ဘာထွက်ဒေသများနှင့် မွန်ပြည်နယ်မှထွက်ရှိသည့် ရော်ဘာထုတ်ကုန်များကို ပြည်ပနိုင်ငံများသို့တင်ပို့နိုင်ရန်အတွက် အရည်အသွေးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နေမှု၊ ငါးမွေးမြူရေးလုပ်ငန်းများအတွက် အရင်းမပျောက်မတည်ချေးငွေများလိုအပ်မှု၊ ဒေသတွင်းခရီးသွားလုပ်ငန်းများတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ ဈေးနှုန်းသက်သာစွာဖြင့်ရရှိရန်လိုအပ်မှု၊ မော်လမြိုင်စက်မှုဇုန်ရှိ လုပ်ငန်းရှင်များအတွက် အတိုးနှုန်းသက်သာသည့် ချေးငွေများရရှိလိုမှု၊ သံရည်ကျိုလုပ်ငန်းများအတွက် လိုအပ်သည့်ကုန်ကြမ်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရရှိလိုမှု၊ ယက်ကန်းလုပ်ငန်းများအတွက် မတည်ချေးငွေများလိုအပ်လျက်ရှိမှု၊ သတ္တုထုတ်လုပ်မှုလုပ်ငန်းများအတွက် ကုန်ကြမ်းသတ္တုများလိုအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး**

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်းရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက ဝန်ကြီးဌာနအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးပေးကြပြီးဝန်ကြီးဌာနအလိုက်လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ မွန်ပြည်နယ်အနေဖြင့် စက်မှုလက်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းတို့တွင် အောင်မြင်စွာလုပ်ဆောင်နိုင်မည့်အခြေအနေများစွာရှိသည့်အတွက် ယခုထက် ဒေသတွင်းစီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်စေလိုမှုနှင့် လိုအပ်သည်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ အကူအညီရယူဆောင်ရွက်နိုင်မှု၊ စီးပွားရေးလုပ်ငန်းများအတွက် နိုင်ငံတော်မှချေးငွေများကို ကာလအပိုင်းအခြားအလိုက် အတိုးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး တင်ပြချက်များတွင်ပါဝင်သည့် ချေးငွေရယူလိုမှုအပေါ် သတ်မှတ်ချက်နှင့်အညီခွင့်ပြုပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်သည့် အခြေအနေများ၊ ချေးငွေများပြန်လည်ရရှိမှသာလျှင် နိုင်ငံတော်၏ လည်ပတ်သုံးစွဲငွေများ ပြန်လည်ရရှိမည်ဖြစ်ပြီး စီးပွားရေးကဏ္ဍသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ရယူထားသည့် ချေးငွေများကိုသတ်မှတ်ကာလအတွင်း အချိန်မီပြန်လည်ပေးဆပ်ရန်လိုအပ်မှု၊ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားရေးနှင့် ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမအစုအဖွဲ့များဖွဲ့စည်း၍ လိုအပ်သည်များကူညီပံ့ပိုးပေးလျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် သမဝါယမအသင်းအဖွဲ့များဖွဲ့စည်း၍ Contract Farming စနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်ပေးကာ စိုက်ပျိုးရေးတောင်သူများ၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ စက်မှုနည်းပညာများနှင့်ပတ်သက်၍ နည်းပညာလိုအပ်ချက်များရရှိစေရေးဆောင်ရွက်ပေးလျက်ရှိမှု၊ ပို့ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု စသည်တို့နှင့်ပတ်သက်၍ အသီးသီးပြန်လည်ဆွေးနွေးပြောကြားကြသည်။

**စီးပွားရေးမောင်းနှင်အားကောင်းမွန်ပါက နိုင်ငံရေးနှင့် ကာကွယ်ရေးစွမ်းအားများသည်လည်း ကောင်းမွန်လာမည်ဖြစ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတစ်ခုသည် စီးပွားရေးမောင်းနှင်အား၊ နိုင်ငံရေးအား

နှင့် ကာကွယ်ရေးစွမ်းအားကောင်းရန်လိုကြောင်း၊ စီးပွားရေးမောင်းနှင်အားကောင်းမွန်ပါက နိုင်ငံရေးနှင့် ကာကွယ်ရေးစွမ်းအားများသည်လည်း ကောင်းမွန်လာမည်ဖြစ်ပြီး အင်အားကောင်းသည့် နိုင်ငံတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးပြီး စီးပွားရေးအားကောင်းသည့်နိုင်ငံများရှိသကဲ့သို့ အခြားနိုင်ငံရေးစနစ်များကိုကျင့်သုံး၍ စီးပွားရေးအားကောင်းလျက်ရှိသည့် နိုင်ငံများလည်းရှိကြောင်း၊ နိုင်ငံအတွင်းရှိသယံဇာတပစ္စည်းများနှင့် အရံငွေများရှိခြင်းကြောင့် ကာကွယ်ရေးစွမ်းပကားများကိုမြှင့်တင်ဆောင်ရွက်ကြသည်များလည်းရှိကြကြောင်း၊ စီးပွားရေးအားကောင်းသည့် နိုင်ငံများတွင်ပင် နိုင်ငံရေးပြဿနာများကြောင့် ဆူပူမှုများဖြစ်ပေါ်နိုင်ပြီး အစိုးရအပေါ်တွင် မကျေနပ်မှုများဖြစ်ပေါ်ကြကြောင်း၊ ပြည်သူများတွင် လိုအပ်ချက်များဖြစ်ပေါ်လာသည့်အချိန်တွင် တိုင်းပြည်ဆူပူမှုများဖြစ်ပေါ်တတ်ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ယခင်က စီးပွားရေးကျဆင်းမှုများကြောင့် ဆန်၊ ဆီ၊ စပါးအရေးအခင်းများဖြစ်ပေါ်၍ ဆူပူမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်တွင်လည်း စီးပွားရေးကျဆင်းမှုနှင့် နိုင်ငံရေးဆိုင်ရာသဘောထားကွဲလွဲမှုများကြောင့် ဆူပူမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးအရတည်ငြိမ်ရန်အတွက် စီးပွားရေးကောင်းမွန်ရန်အရေးကြီးကြောင်း။

**စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို ဦးစားပေးဆောင်ရွက်**

မိမိတို့နိုင်ငံသည် အခြေခံကောင်းများရှိပြီးဖြစ်သဖြင့် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ကြောင်း၊ တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိသည်ဖြစ်သည့်အတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို ဦးစားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် ပြည်တွင်းစီးပွားရေးတိုးတက်အောင်ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပြီး မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အများဆုံးဆောင်ရွက်ကြသည်ဖြစ်သဖြင့် ယင်းကိုအခြေခံ၍ စီးပွားရေးကိုဆောင်ရွက်ပါက မလွဲမသွေအောင်မြင်မည်ဖြစ်သည်ဟုယုံကြည်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကုန်ဈေးနှုန်းများမြင့်တက်ခဲ့သော်လည်း မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးနိုင်ငံဖြစ်သဖြင့် စားသောက်ကုန်များပြတ်လတ်မှုမရှိခဲ့ကြောင်း။

စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ၌ပင် MSME လုပ်ငန်းများသည် စက်မှုကဏ္ဍ၏ဝင်ငွေတွင် ၉၀ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းတွင်လည်း MSME လုပ်ငန်းများသည် အရေးပါဆုံးအခန်းကဏ္ဍတွင်ပါဝင်သဖြင့် အားပေးဆောင်ရွက်ခြင်းသည် နိုင်ငံအတွက်များစွာအကျိုးဖြစ်ထွန်းစေကြောင်း၊ ပြည်တွင်း၌လိုအပ်သည်များကို ပြည်တွင်း၌ထုတ်လုပ်နိုင်ခြင်းဖြင့် ပစ္စည်းဈေးနှုန်းကြီးမြင့်မှုများကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းတွင် ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ဝန်ဆောင်မှုနှင့် အခြားလုပ်ငန်းဟူ၍ လေးမျိုးရှိပြီး မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုကို အဓိကအားပေးကြောင်း၊ ဝယ်လိုအားနှင့်ရောင်းလိုအားမမျှတမှု၊ ပစ္စည်းရှားပါးမှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုများကို ဖြစ်စေနိုင်ကြောင်း၊ပြည်တွင်းကုန်ထုတ်လုပ်မှုကိုလုံလောက်စွာဆောင်ရွက်နိုင်မည်ဆိုပါက ဝယ်လိုအားနှင့် ရောင်းလိုအားမျှတလာမည်ဖြစ်သဖြင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျော့ကျလာစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းလိုအပ်သည့် ကုန်ပစ္စည်းများ ထိုက်သင့်သည့်ဈေးနှုန်းများဖြင့် ဝယ်ယူရရှိနိုင်ရန်လိုကြောင်း၊ ပြည်ပအစားထိုး

**MSME လုပ်ငန်းတွင် ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ဝန်ဆောင်မှုနှင့် အခြားလုပ်ငန်း ဟူ၍ လေးမျိုးရှိပြီး မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုကို အဓိကအားပေးကြောင်း၊ ဝယ်လိုအားနှင့်ရောင်းလိုအားမမျှတမှု၊ ပစ္စည်းရှားပါးမှုများကြောင့် ကုန်ဈေးနှုန်း ကြီးမြင့်မှုများကို ဖြစ်စေနိုင်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို လုံလောက်စွာ ဆောင်ရွက်နိုင်မည်ဆိုပါက ဝယ်လိုအားနှင့် ရောင်းလိုအားမျှတလာမည်ဖြစ်သဖြင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျော့ကျလာစေမည်ဖြစ်။**

သွင်းကုန်များကို မိမိနိုင်ငံအတွင်း၌ အရည်အသွေးမီထုတ်လုပ်ခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းပြည်ပစီးပွားရေးလုပ်ငန်းများ ကောင်းမွန်လာမည်ဖြစ်ကြောင်း။

**စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၊ သယံဇာတကုန်ကြမ်းများကို အကျိုးရှိရှိအသုံးချနိုင်ရမည်**

ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် ပြည်နယ်အတွင်းနှင့် ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကို အဓိကအသုံးပြုနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှထွက်ရှိလာသည့် ကုန်ကြမ်းများ၊ မြေပေါ်မြေအောက်သယံဇာတပစ္စည်းကုန်ကြမ်းများကို အသုံးပြုနိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မွန်ပြည်နယ်အတွင်း စပါးစိုက်ပျိုးခြင်း၊ ဥယျာဉ်ခြံမြေများစိုက်ပျိုးခြင်းနှင့် အခြားဆီထွက်သီးနှံနှင့် ရော်ဘာစသည့် စက်မှုထွက်ကုန်များရှိကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များကိုအခြေခံသည့်ထုတ်ကုန်များကို များစွာထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် အရည်အသွေးနှင့်အထွက်နှုန်းကောင်းမွန်သည့် စပါးမျိုးများ စိုက်ပျိုးနိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနှံ့အပြားတွင် စပါးမျိုးကွဲများများစွာစိုက်ပျိုးကြပြီး မျိုးမှန်မျိုးသန့်ရရန်နှင့် မျိုးကွဲနည်းအောင် စိုက်ပျိုးကြရန်လိုကြောင်း၊ မွန်ပြည်နယ်အတွင်း စပါးအထွက်နှုန်းမှာ ပန်းတိုင်ရည်မှန်းချက်ထက် နည်းပါးသဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အထွက်နှုန်းများ တိုးတက်ကောင်းမွန်လာမည်ဆိုပါက ဒေသစားသုံးမှုဖူလုံသည့်အပြင် အခြားဒေသများနှင့် ပြည်ပသို့တင်ပို့နိုင်မည်ဖြစ်ကြောင်း။

မော်လမြိုင်ဒေသတွင်း စိုက်ပျိုးရေးထုတ်ကုန်များကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ယခုထက်ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ရော်ဘာစိုက်ပျိုးမှုများတွင်လည်း ရာဘာအထွက်နှုန်းများ ယခုထက်တိုးတက်အောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ မွန်ပြည်နယ်အတွင်း ကျွဲနှင့် နွားမွေးမြူမှုများလည်းရှိသဖြင့် အဆိုပါလုပ်ငန်းများမှတစ်ဆင့် သားရေထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း၊ ယင်းမှ ဖိနပ်ထုတ်လုပ်ခြင်းလုပ်ငန်းများကိုဆောင်ရွက်၍ တစ်နိုင်ငံလုံးဈေးကွက်ကို ဖြန့်ဖြူးနိုင်သည်အထိ ရည်မှန်းလုပ်ဆောင်ရန်လိုကြောင်း၊ ရော်ဘာလုပ်ငန်းများမှ ပြည်တွင်းလိုအပ်ချက်ရှိသည့် မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်များအတွက် တာယာများထုတ်လုပ်နိုင်မည်ဆိုပါက အကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှလည်း လိုအပ်သည့်ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မော်လမြိုင်တွင် ယခင်က ပင်လယ်ဆိပ်ကမ်းရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ယခုအသုံးပြုမှုမရှိကြောင်း၊ မော်လမြိုင်ဒေသတွင် ပင်လယ်ဆိပ်ကမ်းတစ်ခုတည်ဆောက်နိုင်ရေးအတွက် မိမိတို့အနေဖြင့် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မော်လမြိုင်ဒေသတွင် အပြည်ပြည်ဆိုင်ရာလေဆိပ်တည်ဆောက်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ နောင်တစ်ချိန်တွင် မော်လမြိုင်ဒေသသို့ ခရီးသွားများဝင်ရောက်မှု ပိုမိုအားကောင်းလာစေရန်နှင့် လေကြောင်းမှကုန်စည်စီးဆင်းမှုများကို မြှင့်တင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မွန်ပြည်နယ်သည် သစ်၊ ဝါးပေါများသည့် ဒေသဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စက္ကူများလိုအပ်ချက်ရှိသဖြင့် ပြည်ပမှတင်သွင်းနေရကြောင်း၊ သစ်နှင့်ဝါးများကိုစိုက်ပျိုး၍ ပျော့ဖတ်စက္ကူထုတ်လုပ်ခြင်းနှင့် ဝါးကိုအခြေခံသည့် ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်၍ရကြောင်း၊ မြေလွတ်မြေရိုင်းများပေါ်တွင် သစ်နှင့်ဝါးစိုက်ပျိုးခြင်းများကို အမှန်တကယ်ဆောင်ရွက်မည်ဆိုပါက နိုင်ငံတော်အနေဖြင့် သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ အလားတူ လယ်ယာစိုက်ပျိုးမြေများကိုလည်း ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ ဥယျာဉ်ခြံမြေများကိုလည်း မိရိုးဖလာစိုက်ပျိုးခြင်းထက် ခေတ်မီသည့်နည်းပညာများကိုအသုံးပြု၍ အသီးအနှံများအထွက်နှုန်းတိုးတက်ကောင်းမွန်သည့်မျိုးများကို စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ထုတ်လုပ်မှုများဆောင်ရွက်ရာတွင်လည်း အရည်အသွေးကောင်းမွန်ရန်နှင့် ထုပ်ပိုးမှုစနစ်များကောင်းမွန်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက လူများစိတ်ဝင်စားမှုရှိလာပြီး ထုတ်ကုန်များဈေးနှုန်းရရှိ၍ ရောင်းအားများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ဥယျာဉ်ခြံမြေသီးနှံများမှ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း။

**လောင်စာဆီသုံးစွဲမှုလျှော့ချရေးနှင့် လျှပ်စစ်ဓာတ်အားဖူလုံစွာရရှိရေး**

ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင်

ကုန်ကြမ်း၊ လောင်စာဆီ၊ လျှပ်စစ်စွမ်းအားတို့ကိုလိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လျှပ်စစ်စီမံကိန်းများ များစွာစီမံဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ခဲ့ရကြောင်း၊ ထို့ကြောင့် ပြည်တွင်းလျှပ်စစ်ဓာတ်အားလိုအပ်ချက်များရှိသလို တစ်ဖက်မှ လောင်စာဆီနှင့်ဂတ်စ်များဈေးနှုန်းမြင့်တက်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မွန်ပြည်နယ်တွင်လည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို ကာလတစ်ခုဆောင်ရွက်၍ရကြောင်း၊ စက်ရုံအလုပ်ရုံ များအနေဖြင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားများကို အသုံးပြုဆောင်ရွက်မည်ဆိုပါက ကုန်ကျစရိတ်ကို သက်သာစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားများထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အချို့နိုင်ငံများတွင် စက်သုံးဆီများချွေတာရေးအတွက် Electric vehicle လျှပ်စစ်စွမ်းအင်သုံးယာဉ်များကိုအသုံးပြု၍ အများပြည်သူ သယ်ယူပို့ဆောင်ရေးများကို အသုံးပြုလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားအသုံးပြုသည့် သယ်ယူပို့ဆောင်ရေးစနစ်ကို အသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နေ့စဉ်အသုံးပြုလျက်ရှိသည့် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များအတွက် လိုအပ်သည့်လောင်စာဆီများကို ပြည်ပမှ တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေသုံးစွဲကုန်ကျမှုများရှိကြောင်း၊ ထို့ကြောင့် လောင်စာဆီကိုချွေတာနိုင်သည့် လျှပ်စစ်ဓာတ်အားအသုံးပြုသည့် သယ်ယူပို့ဆောင်ရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက လောင်စာဆီများအတွက် ကုန်ကျစရိတ်များ များစွာလျှော့နည်းသွားမည်ဆိုပါက နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

**ပြည်တွင်းကုန်ထုတ်လုပ်မှုကိုအားပေးဆောင်ရွက်**

ယခင်က ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးမှုမရှိခဲ့ဘဲ ပြည်ပမှသာ တင်သွင်းသုံးစွဲခဲ့မှုများကြောင့် ပြည်တွင်း၌ လိုအပ်ချက်များဖြစ်ပေါ်ခဲ့ကြောင်း၊ ပြည်တွင်း၌ ထုတ်လုပ်၍ရသည့် အခြေခံသုံးကုန်၊ စားကုန်ပစ္စည်းများကို ပြည်ပမှတင်သွင်းမှုများ လျှော့ချနိုင်ရန်အတွက် မိမိတို့အနေဖြင့်ဆောင်ရွက်လျက်ရှိပြီး ထိုသို့ဆောင်ရွက်ခြင်းမှာ ပြည်ပမှတင်သွင်းမှုများကြောင့် နိုင်ငံခြားလိုငွေများ များစွာဖြစ်ပေါ်လျက်ရှိခြင်းကြောင့်ဖြစ်ကြောင်း၊ အလားတူ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်၍ စားကုန်၊ သောက်ကုန်နှင့် သုံးကုန်များအတွက် လုံလောက်စွာထုတ်လုပ်နိုင်ရန် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပမှသွင်းကုန်များ ထိန်းချုပ်ပေးမှုကြောင့် ပြည်တွင်းစက်မှုလုပ်ငန်းများ အားကောင်းလာပြီး အလုပ်အကိုင်များလည်းပေါ်များလာကြောင်း၊ ယခင်က ဘိလပ်မြေများထုတ်လုပ်ရာတွင် ကုန်ထုတ်လုပ်မှုစရိတ်များ ကြီးမြင့်ခြင်းများဖြစ်ပေါ်ခြင်း၊ ကုန်ကြမ်းများမရရှိခြင်း၊ လောင်စာနှင့် စွမ်းအင်များ လုံလောက်စွာမရရှိခြင်း၊ နည်းပညာလိုအပ်ချက်များရှိခြင်းကြောင့်အခက်အခဲများဖြစ်ပေါ်ခဲ့သော်လည်း ယခုအခါ လုပ်ငန်းများပြန်လည်လည်ပတ်နိုင်ရေး မိမိတို့အနေဖြင့်ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၁၈/၂၀၁၉ ခုနှစ်ခန့်မှစ၍ နိုင်ငံ၏စီးပွားရေးကျဆင်းခဲ့သော်လည်း ယခုအခါ မိမိတို့နိုင်ငံ၏စီးပွားရေးမှာ ပြန်လည်တည်ငြိမ်ကောင်းမွန်လာပြီဖြစ်ကြောင်း။

> **စက်ရုံအလုပ်ရုံများအနေဖြင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားများကို အသုံးပြုဆောင်ရွက်မည်ဆိုပါက ကုန်ကျစရိတ်ကို သက်သာစေမည်ဖြစ်၊ ထို့ကြောင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလို၊ အချို့နိုင်ငံများတွင် စက်သုံးဆီများချွေတာရေးအတွက် Electric vehicle လျှပ်စစ်စွမ်းအင်သုံးယာဉ်များကိုအသုံးပြု၍ အများပြည်သူသယ်ယူပို့ဆောင်ရေးများကို အသုံးပြုလျက်ရှိ၊ မိမိတို့အနေဖြင့် နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားအသုံးပြုသည့် သယ်ယူပို့ဆောင်ရေးစနစ်ကို အသုံးပြုနိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိ။**

**လူသားအရင်းအမြစ်ကောင်းများမွေးထုတ်၍ ဒေသနှင့် တိုင်းပြည်အတွက် အကျိုးပြုနိုင်ရမည်**

လုပ်ငန်းများဆောင်ရွက်ရန်အတွက် အရည်အချင်းပြည့်ဝသည့်လူသားအရင်းအမြစ်များလည်းလိုအပ်ကြောင်း၊ ပညာရည်မြင့်မားရေးအတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မွန်ပြည်နယ်သည် ပညာရေးအားပေးသည့်ပြည်နယ်တစ်ခုဖြစ်ပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်မှုတွင် ပထမရခဲ့ကြောင်း၊ ယင်းအတွက် ချီးကျူးပါကြောင်း၊ KG + 9 အောင်မြင်ပြီးချိန် တွင် တက်ရောက်နိုင်ရေး စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းများကို ခရိုင်များ၌ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း၊ အဆိုပါ အထက်တန်းကျောင်းများမှ အောင်မြင်ပါက သိပ္ပံကျောင်းများ၊ တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် သက်ဆိုင်ရာနယ်ပယ်အလိုက် နည်းပညာကျွမ်းကျင်သည့် လူသားအရင်းအမြစ်ကောင်းများပေါ်များစွာထွက်ပေါ်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရေးကိုအားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ မိဘများအနေဖြင့်လည်း မိမိတို့သားသမီးများ၏ပညာရေးကို အားပေးရန်လိုကြောင်း။

နိုင်ငံတော်မှ ပညာသင်ကြားပေးလိုက်သူများအနေဖြင့်လည်း နိုင်ငံတော်အပေါ် ပြန်လည်အကျိုးပြုရန်လိုကြောင်း၊ တိုင်းပြည်နှင့်ပြည်သူအတွက် တာဝန်ထမ်းဆောင်ကြရန်လိုကြောင်း၊ ထို့ကြောင့် ပညာရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိပြီး စာသင်ကျောင်းများအားလုံးဖွင့်လှစ်ပေးထားကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း လူသားအရင်းအမြစ်များတိုးပွားလာစေရေး သက်ဆိုင်ရာပညာရပ်များအလိုက် သင်တန်းများဖွင့်လှစ်၍ ဆင့်ပွားသင်တန်းများ သင်ကြားပေးရန်လိုကြောင်း။

**ခရီးသွားလုပ်ငန်းကဏ္ဍ**

ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ နိုင်ငံတကာတွင်လည်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကိုအားပေးကြကြောင်း၊ မွန်ပြည်နယ်သည် သာယာလှပသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ရေစီးရေလာများကောင်းမွန်စေရေးနှင့် မြို့များသန့်ရှင်းသာယာလှပရေး၊ ပတ်ဝန်းကျင်သပ်ရပ်လှပရေးအားလုံးဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ လမ်းညွှန်အမှတ်အသားများ စနစ်တကျရှိစေရေးနှင့် သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရေးထိန်းသိမ်းကြပ်မတ်ရန်လိုကြောင်း၊ သာယာလှပသည့် ပတ်ဝန်းကျင်တစ်ခုကိုဖန်တီးဆောင်ရွက်နိုင်မှသာ ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ အလားတူ ဒေသအစားအစာများကိုလည်း ကောင်းမွန်သန့်ရှင်းသပ်ရပ်အောင်ဆောင်ရွက်ခြင်း၊ အများသိအောင်ကြော်ငြာပေးခြင်းများ ဆောင်ရွက်ပေးခြင်းဖြင့်လည်း ခရီးသွားများကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း။

**စည်းကမ်းစနစ်တကျ ထိန်းသိမ်းနေထိုင်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်ပေါ်စေမည်**

အခွန်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အချို့သော EAO အဖွဲ့များက တရားမဝင်ကုန်သွယ်မှုများတွင် ပါဝင်လျက်ရှိသည်ကို သိရှိရကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်အတွက် နစ်နာမှုများရှိကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုစာရင်းဇယားများကို တိုက်ဆိုင်စစ်ဆေးကြည့်ပါက ၅၀ ရာခိုင်နှုန်းနီးပါးခန့် ကွာဟနေသည်ကိုတွေ့ရှိရပြီး တရားမဝင်ကုန်သွယ်မှုများရှိနေခြင်းကြောင့်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တရားမဝင်ကုန်သွယ်မှုများမရှိစေရေး တတ်နိုင်သမျှ ထိန်းချုပ်ဆောင်ရွက်လျက်ရှိပြီး လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များမရှိစေရေးအတွက်လည်း တာဝန်ရှိသူများအနေဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ တရားမဝင်ပစ္စည်းများ၊ မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများ သယ်ဆောင်မှုမရှိစေရေးအတွက် စစ်ဆေးမှုများရှိသော်လည်း ခရီးသွားလာမှုများ နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် တတ်နိုင်သမျှဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ တစ်ဦးတစ်ယောက်ချင်းမှအစပြု၍ စည်းမဲ့ကမ်းမဲ့ဆောင်ရွက်မည်ဆိုပါက နိုင်ငံအနေဖြင့် တိုးတက်မှုများဖြစ်ပေါ်လာနိုင်မည်မဟုတ်သဖြင့် ပြည်သူများပါပါဝင်၍ စည်းကမ်းစနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

■ ■ ■

# (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား

## ( ၁၈ - ၁၀ - ၂၀၂၂ )






(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို အောက်တိုဘာလ ၁၈ ရက်နေ့နေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှတာဝန်ရှိသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အထောက်အကူပြုအဖွဲ့ များ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အနုပညာရှင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏တာဝန်များကို စတင်ထမ်းဆောင်ချိန်မှစ၍ နိုင်ငံတော်၏လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အပြင် ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုရေးရာကိစ္စရပ်များအပါအဝင် အဘက်ဘက်တွင် လစ်ဟာမှုမရှိစေရေးကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ဆက်လက်၍လည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတို့ကို ဦးတည်ချက်ချမှတ်ပြီး နိုင်ငံတော်ကို အေးချမ်းသာယာခေတ်မီဖွံ့ဖြိုးတိုးတက်အောင် အကောင်

အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် နှစ်စဉ်ကျင်းပခဲ့ရာမှ မကျင်းပခဲ့သည်မှာကြာပြီဖြစ်သည့် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများဖော်ထုတ်ထိန်းသိမ်းဖော်ဆောင်နိုင်ရန်နှင့် နိုင်ငံချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်များနိုးကြားတက်ကြွစေပြီး ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပေးနိုင်ရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံအေးချမ်းသာယာရန်၊ ဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံ၏သဘာဝသယံဇာတများကို အကျိုးရှိစွာ အသုံးချနိုင်ရန်၊ တိုင်းပြည်၏ သမိုင်းကြောင်းရှည်လျားသည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးစရိုက်လက္ခဏာများ အရှည်တည်တံ့စေရန်အတွက်ဆိုရာတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးဖြစ်သည့် နိုင်ငံသားအားလုံးက တက်ညီလက်ညီဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည့်ကိစ္စဖြစ်ပါကြောင်း။

နိုင်ငံသားကြီးငယ်မဟူ ကျား/မ မရွေး အသိပညာရှင်၊ အတတ်ပညာရှင်များ၏ သိမြင်နှံ့စပ်မှု၊ ကျွမ်းကျင်တတ်မြောက်မှု၊ အတွေ့အကြုံရင့်ကျက်မှုများနှင့် စိတ်ရင်းစေတနာများသည် အခြေခံကျသည့်အရင်းအမြစ်များပင်ဖြစ်ပါကြောင်း၊ နိုင်ငံ၏သမိုင်းအဆက်ဆက်တွင် **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"** ဟူသည့် ဓမ္မဓိဋ္ဌာန်ကျသည့်အမြင် အသိကသာလက်တွေ့ကျပြီး အမှန်ကန်ဆုံးဖြစ်သည့်အတွက် နိုင်ငံနှင့်လူမျိုးအကျိုးကို တိုးတက်မြင့်မားအောင် အားလုံးကကြိုးပမ်းစွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း။

မိမိတို့တိုင်းပြည်တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်ကြသကဲ့သို့ တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ ရိုးရာဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုအနုသုခုမများကလည်း ကွဲပြားခြားနား များပြားလှပါကြောင်း၊ အထောက်အထားများအရ မိမိတို့နိုင်ငံ၏သမိုင်းဖြစ်စဉ်များတွင် လူသားမျိုးနွယ်စတင်ခဲ့မှုနှင့်အတူ ရေမြေဒေသသဘာဝကိုလိုက်ပြီး မတူကွဲပြားခြားနားသည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ အနုသုခုမဆိုင်ရာ အထောက်အထားများ၊ လက်မှုအဆင်တန်ဆာအသုံးအဆောင်ပစ္စည်းများ၊ အနုသုခုမ အဆို၊ အတီး၊ အကများသည်လည်း တစ်ပါတည်း ဆင့်ကဲပေါ်ထွန်းလာခဲ့ပြီးဖြစ်ပါကြောင်း။

တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် တိုင်းရင်းသား အသီးသီး၏ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင် အနုသုခုမပညာရပ်များသည် သမိုင်းနှင့်ချီပြီး ကြီးကျယ်ခမ်းနားစွာတည်ရှိခဲ့ပါကြောင်း၊ အဆိုပါရှိခဲ့သည့် စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနှင့် အစဉ်အလာများကို လျော့နည်းပပျောက်ခြင်းမရှိအောင် အားလုံးကဝိုင်းဝန်းထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရန်လိုအပ်ပါကြောင်း။

ကွယ်လွန်သူ ဂီတပညာရှင်ကြီး စန္ဒရားဦးလှထွန်း ရေးသားပြုစုခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် အမျိုးသားစာပေဆု ချီးမြှင့်ခြင်းခံခဲ့ရသည့် **"မြန်မာ့ဂီတ ရေစီးကြောင်း"** စာအုပ်၌ ကမ္ဘာမှာရော မြန်မာမှာပါ Classic ဟုခေါ်သည့် ဂန္ထဝင်ဂီတပေါ်ထွန်းခဲ့သည့် ခေတ်တစ်ခေတ်ရှိသည်ဟု ဖော်ပြထားပါကြောင်း၊ အဆိုပါခေတ်မှာ ၁၈ ရာစုနှစ် အစောပိုင်းကာလ၊ ဒုတိယအင်းဝဟုသတ်မှတ်သည့် ညောင်ရမ်းခေတ် ၁၇၁၀ ပြည့်နှစ်ပတ်ဝန်းကျင်တွင် စာဆိုတော်ဝန်ကြီး ပဒေသရာဇာက **"ထံတျာတေရှင်"** အစချီကြိုးသီချင်းများ၊ တျာခြင်းများရေးသားပြုစုနေချိန်၌ ဂျာမနီက ဂီတပညာရှင်ကြီးဘာ့(ခ်) (၁၆၈၅-၁၇၅၉) က God is My King အမည်ရှိ တေးဘွဲ့ကြီးကို သီကုံးနေချိန်ဖြစ်ပါကြောင်း။

၁၇၂၅ ခုနှစ်ဝန်းကျင်တွင် ဆီသည်ရွာစားဦးအောင်ကြီးက "အင်းဝမြို့ဘွဲ့ ၁၂ ရာသီ လူးတား" စပ်ဆိုနေချိန်၌ အင်္ဂလန်က ဂီတပညာရှင်ကြီးဟင်ဒယ်လ်က သိမ်းမြစ်တွင် ဘုရင်ရေဆင်းပွဲသဘင်ကျင်းပသည့် "ရေဇလာဂီတ" Water Music ကို သီကုံးနေပါကြောင်း။

၁၇၈၀ ပြည့်နှစ်ခန့်တွင် ဂျာမန်ဂီတပညာရှင် မိုးဇက်က Magic Flute "မှော်ပလွေ" အော်ပရာကို ရေးသားချိန်၌ လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံက "မဲဇာတောင်ခြေ" ရတုကြီးကို ရေးသားနေခဲ့ပါကြောင်း၊ ၁၉ ရာစု အစောပိုင်းဖြစ်သည့် ၁၈၀၀ ပြည့်နှစ်လွန်အချိန်များတွင် ဂျာမန်ဂီတပညာရှင် ဘေသိုဗင်ကနပိုလီယန် စစ်ချီတက်ပုံကိုရေးဖွဲ့သည့် "ရဲစိတ်ရဲမာန်" တေးဘွဲ့ကြီးကိုရေးနေချိန်တွင် မြဝတီမင်းကြီးဦးစက "သာဆန်းရဂုံဘွဲ့" ပတ်ပျိုးကြီးကို ရေးဖွဲ့နေပါကြောင်း။

၁၈၄၀ ပြည့်နှစ်ကာလများက ပိုလန်စန္ဒရားပညာရှင် "ရှိုပင်" က "ညဥ့်ယံတေးများ" ဆိုသည့် တေးဘွဲ့ကိုရေးစပ်နေချိန်တွင် အနောက်နန်းမိဖုရားမမြလေးက "ချစ်

**နှစ်စဉ်ကျင်းပခဲ့ရာမှ မကျင်းပခဲ့သည်မှာ ကြာပြီဖြစ်သည့် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများဖော်ထုတ်ထိန်းသိမ်းဖော်ဆောင်နိုင်ရန်နှင့် နိုင်ငံချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်များနိုးကြားတက်ကြွစေပြီး ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပေးနိုင်ရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်။**

သမ္မျကို” ဂန္ထဝင်ပတ်ပျိုးကြီးကို ရေးသားနေချိန်ဖြစ်သည်ဟု မှတ်တမ်းများအရ သိရှိထားပါကြောင်း။

ဆိုလိုရင်းမှာ ကမ္ဘာတွင် ဂန္ထဝင်အနုပညာ၊ ဂန္ထဝင်ဂီတဟူ၍ပေါ်ပေါက်ပြီး ယနေ့ထိတိုင်ခိုင်မြဲနေသကဲ့သို့ မိမိတို့နိုင်ငံတွင်လည်း ၎င်းတို့နှင့်ခေတ်ပြိုင် ဂန္ထဝင်အနုပညာ၊ ဂန္ထဝင်စာပေ၊ ဂန္ထဝင်ဂီတဆိုသည်များ ပေါ်ပေါက်ခဲ့ကာ ရှေးနှစ်ပေါင်းများစွာမှ ယနေ့ထက်တိုင် ခိုင်မြဲစွာတည်ရှိနေဆဲဖြစ်သည်ကို တင်ပြလိုခြင်းဖြစ်ပါကြောင်း။

အထက်တွင်တင်ပြခဲ့သည့် ဂန္ထဝင်အနုပညာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် ၅ နှစ်ကျော်နီးပါး ရပ်တန့်ခဲ့ရသည့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ပြန်လည်ကျင်းပနိုင်ရေးအတွက် ရှုထောင့်ပေါင်းစုံကစဉ်းစားခဲ့ကြရပါကြောင်း။

အထူးသဖြင့် တစ်ဖက်တွင် နိုင်ငံနှင့်တစ်ဝန်း၊ ကမ္ဘာနှင့်တစ်ဝန်းရင်ဆိုင်ကြုံတွေ့နေကြရသည့် ကိုဗစ်-၁၉ ရောဂါ၏ ပိုးတွေ့ရှိမှုနှုန်းသည် သတိထားနေရဆဲအခြေအနေတစ်ရပ်တွင်ရှိနေသေးသော်လည်း အခြေအနေအချိန်အခါအရ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို လုပ်သင့်သည့်အတွက် ကိုဗစ်-၁၉ ဆိုင်ရာကျန်းမာရေးစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ သတိထားပြီး ကြိုတင်ကာကွယ်မှုများနှင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်ခဲ့သည့်ကာလအတွင်း၌ ယင်းပညာရပ်များကို မြတ်နိုးဖက်တွယ်ခဲ့ကြသည့် အနုပညာရှင်အချို့ကို လက်လွှတ်ဆုံးရှုံးခဲ့ရပါကြောင်း၊ ကျန်ရှိနေသေးသည့် ပညာရှင်အများအပြားသည်လည်း အသက်အရွယ်နှင့် ကျန်းမာရေးကို အလေးထားဂရုပြုရမည့် အရွယ်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ သို့သော် အနုပညာမြတ်နိုးသူများ၏ သဘာဝအရ “စိတ်ပျိုရင် ကိုယ်နုတယ်” ဟူသည့် ဆိုစကားရှိသကဲ့သို့ မိမိတို့နှစ်သက်မြတ်နိုးသည့် အနုပညာအလုပ်များနှင့် ထိတွေ့နေရလျှင်၊ မိမိတို့သိရှိတတ်မြောက်ထားသည့် ပညာများဖြန့်ဝေနေရလျှင် အသက်ရှည်ဆေးတစ်ခုသဖွယ်ဖြစ်သည်ဟု နားလည်ထားမိကြသည့်အတွက် ဘက်ပေါင်းစုံမှပိုင်းဝန်းဆွေးနွေးစဉ်းစားပြီး ကြိုတင်ပြင်ဆင်မှုများပြုလုပ်၍ ယခုပြိုင်ပွဲကြီးကို ကျင်းပနိုင်ခဲ့ခြင်းပင်ဖြစ်ပါကြောင်း။

ရှည်လျားသည့် သမိုင်းကြောင်းတစ်လျှောက် အစွန့်ရှည်တည်တံ့ခဲ့သည့် မိမိတို့၏ အနုသုခုမပညာရပ်များကို “မဟာ” ဟူသည့် ကြီးကျယ်မြင့်မြတ်သော ဂုဏ်ထူးဝိသေသနှင့် မဟာဂီတဟု ခေတ်အဆက်ဆက်တွင် တန်ဖိုးထားခဲ့ကြပါကြောင်း၊ ထိုသို့ တန်ဖိုးထားခဲ့ကြသည့် စာသားတေးသွားများကို ၁၉၅၃ ခုနှစ်တွင် ဝိဝါဒကွဲပြားမှုမရှိစေရန် “နိုင်ငံတော်မူ” အဖြစ် သတ်မှတ်နိုင်ရေးအတွက် ပညာရှင်ကြီးများပါဝင်သည့်အဖွဲ့ကိုဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့သည်ဟု လေ့လာသိရှိရပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် “စာသား၊ သံကျ၊ စည်းဝါး၊ အတော၊ အပိုဒ်ပြန်၊ အဆို” ဟု အပိုင်း ၆ ပိုင်းခွဲခြားပြီး စနစ်တကျမှတ်တမ်းပြုဆောင်ရွက်ခဲ့ကြကြောင်းကိုလည်း လေ့လာသိရှိရပါကြောင်း၊ သံကျ၊ စည်းဝါး၊ အတော၊ အပိုဒ်ပြန် အစရှိသည်တို့သည် အတီးပိုင်းနှင့် ပို၍အဆက်အစပ်ရှိနေသည်ကို သိရှိရပါကြောင်း။

သီချင်းတစ်ပုဒ်ကို သီဆိုတီးမှုတ်ကြရာတွင် အဆိုနယ်၊ အတီးနယ်ကို စနစ်တကျသတ်မှတ်ပိုင်းခြားထားပြီးဖြစ်ပါကြောင်း၊ ထို့အတွက် မဟာဂီတဝင်တေးသီချင်း ၁၆၉ ပုဒ်ကို နိုင်ငံတော်မူအဖြစ် တိကျစွာသတ်မှတ်နိုင်ခဲ့ပြီးဖြစ်သည်ဟု သိရသည့်အတွက် မွန်မြတ်သည့်ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမှုတစ်ခုအဖြစ် ဝမ်းသာကြည်နူးဖြစ်ရပါကြောင်း။

“အဆို” နှင့်ပတ်သက်၍ အသံ၏ ပေါ်ထွန်းရာဖြစ်သည့်

"လည်၊ လျှာ၊ နှာ၊ အာ၊ သွား" ဆိုတဲ့ "ဌာန်" ငါးပါးကို ပေါင်းစည်းကာအသံတို၊ အသံရှည်များနှင့် ဖွဲ့သီထားသည့် မဟာဂီတဆိုဟန်၊ ခေတ်ဟောင်းတေးဆိုဟန်၊ ကာလပေါ် တေးသီချင်း ဆိုဟန်များဟုလည်း ကွဲကွဲပြားပြားရှိထားပြီးဖြစ်ပါကြောင်း။

အလားတူ "အက" တွင်လည်း "ခေါင်း၊ ခါး၊ ခြေ၊ လက်" ဟူသည့်ခန္ဓာကိုယ်၏ အစိတ်အပိုင်းငါးခုကို ပိုင်းခြားသတ်မှတ်ပြီး နရီ၊ စည်းဝါး၊ တေးသွားများနှင့်အတူ ကပြကြရခြင်းဖြစ်ပါကြောင်း၊ မြန်မာအကတွင် "တစ်ပင်တိုင်" အကသည် နူးညံ့သိမ်မွေ့မှု၊ ငြိမ့်ညောင်းသာယာမှု၏ စံတစ်ခုဖြစ်ပါကြောင်း၊ ပန်းချီ၏ မျဉ်းကွေး၊ မျဉ်းပျော့ပုံသဏ္ဌာန် အဝန်း၊ အဝိုင်း၊ အကွေး၊ အညွှတ်များနှင့် ကဟန်ပင်ဖြစ်ပါကြောင်း၊ မြန်မာတို့၏ ဂါရဝတရားကိုအခြေခံသည့် ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်ကို ထင်ဟပ်ထားခြင်းပင်ဖြစ်ပါကြောင်း၊ ယခုနှောင်းပိုင်းတွင် ပျို့ရွယ်သူများ၏အကာသဘောမှာ သွက်လက်ဖြတ်လတ်မှုကိုအားပြုသည့် မျဉ်းအမာ သဏ္ဌာန်၊ ထောင့်ချိုးသဏ္ဌာန်၊ အမာအဆတ်၊ အလိမ်အကောက်များ လွှမ်းမိုးလာခြင်းကိုလည်း ပညာရှင်ကြီးများ သတိထားမိကြမည်ဖြစ်ပါကြောင်း။

ထို့ပြင် တေးသီချင်းများရေးသားရာတွင်လည်း မြန်မာတို့၏ပေါကြွယ်ဝလှသည့် ဝေါဟာရများ၊ စာသားအဆင်တန်ဆာများ၊ အသံကာရန်သဘောညီသည့် ရေးနည်းစပ်ထုံးများကို ဂုဏ်၊ အလင်္ကာ၊ ရသမြောက်စွာ ပေါ်လွင်စေလိုသည့်အတွက် ယခုပြိုင်ပွဲကြီးတွင် "အရေး" ပြိုင်ပွဲကဏ္ဍကိုလည်း ထည့်သွင်းထားခြင်းဖြစ်ပါကြောင်း၊ ယနေ့တွင် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ရှေးယခင် ၁၉၉၃ ခုနှစ်၌ စတင်ခဲ့စဉ်ကတည်းကပါဝင်ခဲ့သည့် ပြိုင်ပွဲဝင်ဘာသာရပ်များ၊ ပြိုင်ပွဲဝင်စည်းကမ်းသတ်မှတ်ချက်များ၊ ပြိုင်ပွဲအမှတ်ပေးဇယားများအတိုင်း အားလုံး၏ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှုများဖြင့် အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်ပါကြောင်း။

အကပြိုင်ပွဲ၏ အထူးပြုဘာသာရပ်များ ဖြစ်ကြသည့် "ရာမာယဏ" ဇာတ်တော်ကြီးပြိုင်ပွဲ၊ ကွက်စိပ်ပြိုင်ပွဲ၊ ငါးပါဒအကခွရာ ရုပ်စုံသဘင်ပြိုင်ပွဲ၊ ရုပ်သေးကြိုးဆွဲပြိုင်ပွဲ၊ တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာ အကပြိုင်ပွဲ၊ မွန်တိုင်းရင်းသားရိုးရာအကပြိုင်ပွဲ၊ မြန်မာအကအခြေခံ ကဗျာလွတ်အက ပြိုင်ပွဲများအပြင်၊ အဆိုပြိုင်ပွဲ၏ အထူးပြုဘာသာရပ်ဖြစ်သည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး ပြိုင်ပွဲများကိုလည်း အောင်အောင်မြင်မြင်ထည့်သွင်းကျင်းပနိုင်ခဲ့ခြင်းဖြစ်သည့်အတွက် အသွင်သဏ္ဌာန်ရော အနှစ်သာရပါပြည့်စုံသည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် အရေးပါသည့် အောင်မြင်မှုတစ်ရပ်အဖြစ် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း၊ လာမည့်နှစ်များတွင် ယခုထက်ပိုမိုပြည့်စုံသည့် ပြိုင်ပွဲများဖြစ်စေရေး ကြိုတင်စဉ်းစားကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

မျိုးဆက်သစ်များအနေဖြင့် ယခုပြိုင်ပွဲကြီးမှရရှိသည့် အောင်မြင်မှုများနှင့်အတူ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင်ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြရန်၊ အတူတကွပြိုင်ပွဲဝင်ခဲ့ကြသည့် တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကိုပိုမိုခိုင်မြဲစေရေး ဆက်လက်ကြိုးစားတည်ဆောက်သွားကြရန်၊ မိမိတို့ယဉ်ကျေးမှု၊ မိမိတို့ဓလေ့ထုံးစံမှသည် မိမိတို့နိုင်ငံနှင့် မိမိတို့နိုင်ငံသားများအပေါ် မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာရှင်သန်ရေးကို ဆက်လက်သယ်ဆောင်လက်ဆင့်ကမ်းသွားကြရန်၊ ဝါရင့်အနုပညာရှင်၊ သက်ကြီးအကဲဖြတ်ပညာရှင်များအနေဖြင့် မိမိတို့နှစ်ပေါင်းများစွာက လေ့လာသင်ယူခဲ့ရသည့် အနုသုခုမပညာရပ်များကို မျိုးဆက်သစ်သားငယ်၊ သမီးငယ်များထံ စဉ်ဆက်မပြတ်လက်ဆင့်ကမ်းအမွေပေးဝေနိုင်ကြစေရေးတို့အတွက် မိမိတို့၏ တစ်ကိုယ်ရည်ကျန်းမာရေးမှအစ အထူးဂရုပြုစောင့်ရှောက်နေထိုင်ကြပါရန် အလေးအနက်ထားပန်ကြားလိုပါကြောင်းနှင့် ပြိုင်ပွဲကြီးအောင်မြင်အောင် ဝိုင်းဝန်းကူညီပါဝင်ဆောင်ရွက်ခဲ့ကြသူအားလုံးကိုလည်း ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

■ ■ ■

# ၂၀၂၂ ခုနှစ်၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၁၉ - ၁၀ - ၂၀၂၂ )




၂၀၂၂ ခုနှစ်၊ နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၁၉ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**ကြည့်ရှုစစ်ဆေး**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဦးစိုင်းလုံးဆိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် ရုရှားစီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ရတနာပစ္စည်းများထုတ်လုပ်မှု အဆင့်ဆင့်နှင့် ၂၀၂၂ ခုနှစ်၊ နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၂ ခုနှစ်၊ နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ရောင်းချရန် မဏိရတနာကျောက်စိမ်းခန်းမအတွင်းပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်အတွဲ

များနှင့် ပုလဲအတွဲများ၊ ခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်းအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်အတွက် တူးဖော်ထုတ်လုပ်ထားသည့် ကျောက်မျက်ရတနာများကိုရောင်းချနိုင်မည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှစတင်ကျင်းပခဲ့ပြီး၊ ယခုပြပွဲတွင် ပုလဲအတွဲများအတွက် ကြမ်းခင်းဈေးကို အမေရိကန်ဒေါ်လာဖြင့်သတ်မှတ်ထားရှိကာ ငွေပေးချေမှုကို ပြည်ပရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များက ကျပ်ငွေဖြင့်လည်းကောင်း ပေးချေရမည်ဖြစ်ကြောင်း၊ ကျောက်မျက်၊ ကျောက်စိမ်းအတွဲများအတွက် ကြမ်းခင်းဈေးကို ယူရိုငွေဖြင့် သတ်မှတ်ထားရှိပြီး ပြည်ပရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များက ကျပ်ငွေဖြင့်လည်းကောင်း ပေးချေသွားရမည်ဖြစ်သည်။ ပုလဲအတွဲများအတွက် အနိမ့်ဆုံးအခြေခံဈေးမှာ အမေရိကန်ဒေါ်လာ ၁၀၀၀ ဖြစ်ပြီး ကျောက် မျက်အတွဲများအတွက် အနိမ့်ဆုံးအခြေခံဈေးမှာ ယူရို ၅၀၀ ဖြစ်၍ ကျောက်စိမ်းအချောထည်အတွဲများအတွက် အနိမ့်ဆုံးအခြေခံဈေးမှာ ယူရို ၁၀၀၀ နှင့် ကျောက်စိမ်းအရိုင်းအတွဲများအတွက် အနိမ့်ဆုံးအခြေခံဈေးမှာ ယူရိုငွေ ၅၀၀၀ ဖြစ်သည်။

**အောက်တိုဘာ ၁၉ ရက်မှ ၂၅ ရက်အထိ**

ယနေ့ပြုလုပ်သည့် ၂၀၂၂ ခုနှစ်၊ နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၁၉ ရက်မှ ၂၅ ရက်အထိ ခင်းကျင်းပြသရောင်းချပေးသွားမည်ဖြစ်ပြီး၊ ပြပွဲတွင် ပုလဲအတွဲပေါင်း ၄၀၀၊ ကျောက်မျက်အတွဲပေါင်း ၁၂၀ နှင့် ကျောက်စိမ်း အတွဲပေါင်း ၂၁၅၀ တို့ကို ပြည်တွင်းပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရောင်းချပေးသွားမည်ဖြစ်သည်။ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပုဂ္ဂလိကကျောက်မျက်ရတနာအချောထည်အရောင်းပြခန်းများလည်း ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။

■ ■ ■

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအားတွေ့ဆုံ၍ ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည့်အမှာစကား

( ၂၂ - ၁၀ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အောက်တိုဘာလ ၂၂ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား နေပြည်တော်ကောင်စီရုံးဝင်းရှိ ဇမ္ဗူသီရိခန်းမ၌တွေ့ဆုံ၍ ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆွေးနွေးပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များ၊ ကောင်စီအတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ နေပြည်တော်ကောင်စီဝင် များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များတက်

ရောက်ကြသည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား ဆွေးနွေးတင်ပြ**

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က နေပြည်တော်ကောင်စီနယ်မြေဒေသဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများဆောင်ရွက်လျက်ရှိမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ စက်မှုဇုန်များနှင့် စက်မှုဇုန်အတွင်းရှိစက်မှုလုပ်ငန်းများမှ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နေမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေနှင့် နည်းပညာထောက်ပံ့ပေးမှု၊ လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ စပါးခွံသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေးအတွက် အားပေးဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးကျော်စွာဝင်းနှင့် MSME ကုန်ထုတ်လုပ်ငန်းရှင်များက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးရေး ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများအတွက် အသိပညာ၊ အတတ်ပညာနှင့် နည်းပညာများရရှိရေး၊ ဥပဒေအရ အကာအကွယ်ရရှိရေးနှင့် အရင်းအနှီးများရရှိစေရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ နေပြည်တော် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအသင်းအတွက် မြေနေရာနှင့် အဆောက်အဦလိုအပ်လျက်ရှိမှု၊ မျှစ်ခြောက်ထုတ်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်၍ ပြည်ပသို့တင်ပို့လျက်ရှိမှုနှင့် ပိုမိုတင်ပို့နိုင်ရေးအတွက် ဝါးစိုက်ခင်းများ စိုက်ပျိုးနိုင်ရေး မြေလိုအပ်ချက်ရှိမှု၊ ရဲယိုထွက်တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းများ ပြည်ပနိုင်ငံသို့တင်ပို့လျက်ရှိမှုနှင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်မှကူညီမှုများ လိုအပ်လျက်ရှိမှု၊ လုပ်ငန်းများလည်ပတ်ရန်အတွက် လိုအပ်သည့်ရင်းနှီးမြှုပ်နှံငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးစေလိုမှု၊ MSME လုပ်ငန်းများမှ တန်ဖိုးမြင့်ထုတ်ကုန်များဈေးကွက်သို့ဖြန့်ဖြူးရာတွင် အခက်အခဲများဖြစ်ပေါ်လျက်ရှိမှု၊ ကုန်ကြမ်းဈေးနှုန်းများမြင့်တက်မှုနှင့် သယ်ယူပို့ဆောင်မှုစရိတ်များ မြင့်တက်လာမှုကြောင့် ကုန်ထုတ်လုပ်မှုများတွင် အခက်အခဲများဖြစ်ပေါ်လျက်ရှိမှု၊ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် လိုအပ်သည့်စက်ပစ္စည်းများကို အရစ်ကျစနစ်ဖြင့် ဝယ်ယူလိုမှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေနေရာ၊ ရင်းနှီးမတည်ငွေ၊ နည်းပညာနှင့် စက်ယန္တရားများနှင့် လူသားအရင်းအမြစ်များ လိုအပ်လျက်ရှိမှု၊ ကိုဗစ်ကာလအတွင်း ချေးငွေရယူထားသည့် MSME လုပ်ငန်းရှင်များအနေဖြင့် အခက်အခဲများဖြစ်ပေါ်လျက်ရှိသဖြင့် နိုင်ငံတော်သို့ ပြန်လည်ပေးဆပ်ရမည့်ကာလအား တိုးမြှင့်သတ်မှတ်ပေးစေလိုမှု၊ နေပြည်တော်ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းဖွဲ့စည်းခွင့်နှင့် ရုံးအဆောက်အဦဆောက်လုပ်ရန် မြေနေရာလိုအပ်မှု၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် စက်ကိရိယာများလိုအပ်လျက်ရှိမှုအခြေအနေများကို အသီးသီးတင်ပြကြသည်။

**တင်ပြချက်များအပေါ် ပြန်လည်ဖြည့်စွက်ဆွေးနွေး**

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြန်လည်ဖြည့်စွက်ဆွေးနွေးပြောကြားရာတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမတည်ငွေများကို သက်သာသောအတိုးနှုန်းများဖြင့် ထုတ်ချေးပေးနိုင်ရေး စီမံလျက်ရှိကြောင်း၊ MSME အသင်းနှင့် နေပြည်တော်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအတွက် ရုံးအဆောက်အဦမြေနေရာရရှိရေး သင့်လျော်သည့်နေရာတွင် ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ မြေအသုံးပြုမှုနှင့်ပတ်သက်၍ နိုင်ငံတော်၏ စိုက်ပျိုးမြေများလျော့ကျမှု မရှိစေရေးအတွက် လယ်ယာမြေများပေါ်တွင် အခြားနည်းဖြင့် သုံးစွဲခြင်းများကို ခွင့်ပြုပေးခြင်းမရှိကြောင်း၊ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသည့်မြေများကိုသာ အခြားနည်းဖြင့် စိစစ်၍အသုံးပြုခွင့်ပေးခြင်းဖြစ်ကြောင်း၊ ပျဉ်းမနားဒေသသည် ဝါးများပေါများသည့်ဒေသတစ်ခုဖြစ်ပြီး ဝါးထွက်ကုန်ထုတ်လုပ်ခြင်း များကိုဆောင်ရွက်ကြကြောင်း၊ သို့သော် ယခုနောက်ပိုင်းတွင် ထုတ်ယူသုံးစွဲမှုများပြားခြင်းကြောင့် ဝါးတောများပြုန်းတီးလာသဖြင့် ဝါးတောများပြန်လည် စိုက်ပျိုးထိန်းသိမ်းကြ

**အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမတည်ငွေများကို သက်သာသောအတိုးနှုန်းများဖြင့် ထုတ်ချေးပေးနိုင်ရေး စီမံလျက်ရှိ၊ ပျဉ်းမနားဒေသသည် ဝါးများပေါများသည့် ဒေသတစ်ခုဖြစ်ပြီး ဝါးထွက်ကုန်ထုတ်လုပ်ခြင်းများကိုဆောင်ရွက်၊ သို့သော် ယခုနောက်ပိုင်းတွင် ထုတ်ယူသုံးစွဲမှုများပြားခြင်းကြောင့် ဝါးတောများပြုန်းတီးလာသဖြင့် ဝါးတောများ ပြန်လည် စိုက်ပျိုးထိန်းသိမ်းကြရန်လို။**

ရန်လိုကြောင်း၊ ဝါးကိုစားသောက်ကုန်များအတွက်သာ သုံးစွဲခြင်းထက် ပျော့ဖတ်စက္ကူများထုတ်လုပ်ခြင်းနှင့် အခြား လူသုံးကုန်ပစ္စည်းများကို အဆင့်မီစွာဖြင့် ထုတ်လုပ်နိုင်မည်ဆိုပါက ဒေသအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ အခွန်ကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်မှကောက်ခံသောအခွန်နှုန်းထားသည် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက သင့်လျော်သည့်နှုန်းထားဖြစ်၍ လုပ်ငန်းရှင်များအနေဖြင့် အခွန်ဝန်ကို ကျေပွန်စွာထမ်းဆောင်ပေးရန်လိုကြောင်း ပြောကြားသည်။

**ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး**

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်းရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက ဝန်ကြီးဌာနအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးပေးကြပြီး ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများကိုသာမက စက်မှုဇုံများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိမှု၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး ဆောင်ရွက်ပေးလျက်ရှိသဖြင့် အခြားဒေသများထက် ကုန်စည်စီးဆင်းမှုများကို ပိုမိုလျှင်မြန် စွာဆောင်ရွက်နိုင်မှု၊ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိ၊ MSME လုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အတိုးနှုန်းသက်သာစွာဖြင့်ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးလျက်ရှိမှု၊ ကိုဗစ်-၁၉ ချေးငွေများကိုလည်း ပြန်ဆပ်ကာလသက်တမ်းတိုးမြှင့်ပေးခဲ့မှု၊ ဝါးစိုက်ခင်းများပြုလုပ်ရန်နှင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သည့် နည်းပညာနှင့် မြေနေရာရရှိရေး ဆောင်ရွက်ပေးနိုင်မည့်အခြေအနေ၊ ဒေသနှင့်ကိုက်ညီသည့်သီးနှံများ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်၍ ကုန်ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်မှု၊ ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကို အသုံးပြု၍ တန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို ဆောင်ရွက်ပါက ပိုမိုအကျိုးဖြစ်ထွန်းနိုင်မှုနှင့် လိုအပ်သည့်အကူအညီများ ဆောင်ရွက်ပေးသွားမည့်အခြေအနေ၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လိုအပ်သည့် နည်းပညာနှင့် အခြားအခက်အခဲများကို ဖြည့်ဆည်းပေးလျက်ရှိမှု၊ ကျေးရွာနေ ပြည်သူလူထုဝင်ငွေတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမအသင်းများ အစုအဖွဲ့များဖွဲ့၍ လိုအပ်သည်များကို ကူညီပံ့ပိုးပေးလျက်ရှိမှုနှင့် စိုက်ပျိုးမွေးမြူရေးအတွက် လိုအပ်သည့် သွင်းအားစုများကိုလည်း ဖြည့်ဆည်းပေးလျက်ရှိမှု၊ နိုင်ငံတကာတွင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်၍ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ကူညီအားပေးဆောင်ရွက်နေမှု၊ မြန်မာ့ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်း၊ ပြည်ပ ကုန်စည်ပြပွဲများ၌ ပြသနိုင်ရေး၊ ကုန်ကြမ်းရရှိရေးနှင့် ဈေးကွက်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေ စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးပြန်လည်ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌက MSME လုပ်ငန်းများအပါအဝင် အခြားကဏ္ဍများအလိုက် ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးထားမှုပြန်လည်ပေးဆပ်မှုနှင့် ပေးဆပ်ရန်ကျန်ရှိသည့်အခြေအနေများ၊

ချေးငွေပြန်ဆပ်ကာလများ တိုးမြှင့်ပေးရန်နှင့် ဆက်လက်ထုတ်ချေးပေးရန်အတွက် စည်းမျဉ်းစည်းကမ်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးသွားမည့်အခြေအနေများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် နေပြည်တော်ကောင်စီမှ ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများနှင့်ပတ်သက်၍လည်းကောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

**နိုင်ငံ၏လိုအပ်ချက်အရ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရပြီး အခက်အခဲများကြားမှ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်လျက်ရှိ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံ၏လိုအပ်ချက်အရ မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ကိုထမ်းဆောင်ခဲ့ရပြီး ထိုသို့တာဝန်များကိုထမ်းဆောင်ခဲ့ရချိန်တွင် ကိုဗစ်ရောဂါဖြစ်ပွားမှုနှင့်ကြုံတွေ့ခဲ့ရသကဲ့သို့ နိုင်ငံရေးသဘောထားမတိုက်ဆိုင်မှုများကြောင့် နိုင်ငံရေးဆူပူမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ အထူးသဖြင့် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှုကြောင့် နိုင်ငံ၏စီးပွားရေးကျဆင်းမှုများရှိခဲ့ပြီး မိမိတို့နိုင်ငံတွင်သာမက အခြားကမ္ဘာ့နိုင်ငံများတွင်လည်း စီးပွားရေးကျဆင်းမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးကျဆင်းမှုမှာ အချက်အလက်များအရ ၂၀၁၈/၂၀၁၉ ခုနှစ်ခန့်မှစတင်၍ စီးပွားရေးကျဆင်းမှုများ စတင်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထိုသို့စီးပွားရေးကျဆင်းခဲ့ခြင်းမှာ ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်းကုန်ထုတ်လုပ်ခြင်းများကို အားပေးခြင်းများမရှိခဲ့ခြင်းကြောင့် ဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ ပြည်ပမှတင်သွင်းမှုများ များပြားခဲ့ခြင်းကြောင့် နိုင်ငံ၏ကုန်သွယ်မှုလိုငွေများဖြစ်ပေါ်ခဲ့သည်ကို မှတ်တမ်းများအရ သိရှိရကြောင်း၊ ပထမဒီမိုကရေစီအစိုးရသက်တမ်းနှင့် ဒုတိယဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုတွင် အမေရိကန်ဒေါ်လာ ၂၄ ဘီလီယံကျော်ခန့် ကုန်သွယ်မှုလိုငွေများပြခဲ့ကြောင်း၊ အဆိုပါလိုငွေများကိုပြည်ပချေးငွေများ၊ ထောက်ပံ့ငွေများ၊ အခြားရငွေများဖြင့်ဖြေရှင်းဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း၊ ကုန်သွယ်မှုလိုငွေများ နည်းပါးအောင်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏စီးပွားရေးတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း။

မိမိတို့ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအနေဖြင့် ကုန်သွယ်မှုကိုသာမက ရင်းနှီးမြှုပ်နှံမှုများကိုပါ ဆောင်ရွက်ရကြောင်း၊ ဖွံ့ဖြိုးရေးနှင့်ဆိုင်သောချေးငွေများသာမက ပြည်ပချေးငွေများအားလုံးကို နိုင်ငံတော်မှပြန်လည်ပေးဆပ်ရပြီး မိမိတို့အနေဖြင့် ယခင်ကာလများကရှိခဲ့သည့် ပြည်ပကြွေးမြီများကို တတ်နိုင်သမျှပြန်လည်ပေးဆပ်လျက်ရှိကြောင်း၊ ထိုကဲ့သို့သော ပြည်ပချေးငွေများရယူပြီး နိုင်ငံစီးပွားရေးတိုးတက်အောင်ဆောင်ရွက်နိုင်မှုများမရှိခြင်းကြောင့် အချို့နိုင်ငံများအနေဖြင့်လည်း စီးပွားရေးကျဆင်းမှုများဖြစ်ပေါ်လျက်ရှိကြောင်း။

မိမိတို့အနေဖြင့်တာဝန်ယူဆောင်ရွက်နေချိန်ကာလအတွင်း ပြည်ပကြွေးမြီများနည်းပါးအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအတွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် မြေပေါ်မြေအောက်သယံဇာတပစ္စည်းများကို ထုတ်ကုန်များအဖြစ်ထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိမည်ဖြစ်ကြောင်း၊ မြေပေါ်မြေအောက်သယံဇာတများကို ထုတ်ယူရောင်းချရာတွင် အချို့သောနေရာများ၌ တရားမဝင်ရောင်းဝယ်မှုများကြောင့် နိုင်ငံတော်အတွက်များစွာထိခိုက်နစ်နာစေကြောင်း၊ သဘာဝပစ္စည်းများကို ထုတ်ယူရောင်းချမှုမှာ နောင်တစ်ချိန်တွင် အခက်အခဲများဖြစ်ပေါ်စေနိုင်ကြောင်း၊ မိမိတို့နိုင်ငံသည် ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းကျော်ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် မိမိတို့နိုင်ငံ၏ စီးပွားရေးအတွက် အခြေခံအကျဆုံးစီးပွားရေးလုပ်ငန်းဖြစ်သဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများထုတ်လုပ်နိုင်ရေး အလေးထားအားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

**နေပြည်တော်ကောင်စီနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေး**

နေပြည်တော်သည် နိုင်ငံတော်၏မြို့တော်ဖြစ်ပြီး ရန်ကုန်မြို့သည် စီးပွားရေးမြို့တော်နှင့် မြို့တော်ဟောင်းအဖြစ်ပြောနိုင်ကြောင်း၊ နေပြည်တော်ကို စတင်ဖွင့်လှစ်ခဲ့သည်မှာ ၁၆ နှစ်ခန့် ရှိပြီဖြစ်ကာ မြို့တော်အားစတင်အကောင်အထည်ဖော် တည်ဆောက်ချိန်တွင် အခက်အခဲများရှိခဲ့ကြောင်း၊ စတင်တည်ဆောက်ချိန်မှစ၍ အနာဂတ်ကာလတွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ပြီးစိုက်ပျိုးမွေးမြူရေးဇုန်များ၊

စက်မှုဇုန်နေရာများ သတ်မှတ်ဆောင်ရွက် ပေးခဲ့ကြောင်း၊ အချို့မြို့များရှိ စက်မှုဇုန်များနှင့် စိုက်ပျိုးမွေးမြူရေး ဇုန်များတွင် သတ်မှတ်ထားသော စည်းကမ်းများနှင့်မကိုက်ညီသည့် လူနေအိမ်များတည်ဆောက်ထားသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့သောဆောင်ရွက်မှုများကြောင့် စီးပွားရေးတိုးတက်မှုအတွက် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ခြင်းကို အခက်အခဲဖြစ်ပေါ်စေကြောင်း၊ မိမိတို့အနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ နေပြည်တော်ဒေသမှထွက်ရှိသည့် ကုန်ကြမ်းများကို အသုံးပြု၍ ကုန်ထုတ်လုပ်မှုများဆောင်ရွက်ခြင်းဖြင့်များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေသည် စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကိုစိုက်ပျိုးပြီး မွေးမြူရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်သည့် ဒေသတစ်ခုဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို အောင်မြင်အောင်ဆောင်ရွက်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ကြောင်း။

**စိုက်ပျိုးမွေးမြူရေးထုတ်ကုန်နှင့် သဘာဝသယံဇာတများကို အကျိုးရှိစွာအသုံးချ၍ ကုန်ထုတ်လုပ်မှုတိုးမြှင့်အောင်ဆောင်ရွက်**

MSME လုပ်ငန်းတွင် ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ဝန်ဆောင်မှုနှင့် အခြားလုပ်ငန်းများရှိကြောင်း၊ ကုန်ထုတ်လုပ်မှုများကိုအားပေးဆောင်ရွက်၍ ရောင်းဝယ်မှုကိုဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ကုန်ဈေးနှုန်းကြီးမြှင့်ရခြင်းမှာ ထုတ်လုပ်မှုကုန်ကျစရိတ်များခြင်း၊ ရောင်းလိုအားနှင့် ဝယ်လိုအားမမျှတခြင်းများကြောင့်ဖြစ်ကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းကြောင့် နိုင်ငံ၏လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကိုပါ ထိခိုက်စေနိုင်ကြောင်း၊ မိမိတို့နိုင်ငံတွင် ယခင်က ဆန်စပါးရှားပါးမှုနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှုများကြောင့် နိုင်ငံရေးဆူပူမှုများဖြစ်ပေါ်ခဲ့သည်ကို သမိုင်းတွင် တွေ့မြင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်း ထုတ်ကုန်ပစ္စည်းများလုံလောက်စွာရှိရန်လိုအပ်သဖြင့် ကုန်ထုတ်လုပ်မှုကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှ ဆန်၊ စပါးများပြည်ပသို့ နှစ်စဉ်တင်ပို့လျက်ရှိကြောင်း၊ မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကို စိုက်ပျိုးကြပြီး သီးထပ်သီးညှပ်များ စိုက်ပျိုးလျက်ရှိသကဲ့သို့ အချို့သော စိုက်ပျိုးမြေများတွင် စိုက်ပျိုးမှုများမရှိသည်ကို တွေ့ရှိရကြောင်း၊ သီးနှံများစိုက်ပျိုးရာတွင် သီးထပ်များစိုက်ပျိုးနိုင်မည်ဆိုပါက စိုက်ပျိုးရေးထွက်ကုန်များ ယခုထက်ပိုမိုတိုးတက်လာမည်ဖြစ်ပြီး ပြည်တွင်းစားသုံးမှုကိုသာမက ပြည်ပနိုင်ငံများသို့ပါ ပိုမိုတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့်စိုက်ပျိုးမြေများကို အကျိုးရှိရှိအသုံးချ၍ မျိုးကောင်းမျိုးသန့်များဖြင့် စိုက်ပျိုးရန်လိုကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက MSME လုပ်ငန်းများအတွက်လိုအပ်သည့် စိုက်ပျိုးရေးထွက်ကုန်ကုန်ကြမ်းများကိုရရှိနိုင်မည်ဖြစ်ကြောင်း။

ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေးအတွက် အရည်အသွေးပြည့်မီသည့်ထုတ်ကုန်များကို ထုတ်လုပ်ရန်နှင့် ထုပ်ပိုးမှုများကို အဆင့်မီစွာဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်သို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်းနှင့်ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကိုအသုံးချ၍ ထုတ်ကုန်များကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ပြည်တွင်းလိုအပ်ချက်

> **မိမိတို့နိုင်ငံအတွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် မြေပေါ်မြေအောက်သယံဇာတပစ္စည်းများကို ထုတ်ကုန်များအဖြစ်ထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိမည်ဖြစ်၊ မိမိတို့နိုင်ငံသည် ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းကျော်ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ကြခြင်းဖြစ်၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် မိမိတို့နိုင်ငံ၏ စီးပွားရေးအတွက် အခြေခံအကျဆုံးစီးပွားရေးလုပ်ငန်းဖြစ်သဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများထုတ်လုပ်နိုင်ရေး အလေးထားအားပေးဆောင်ရွက်နေခြင်းဖြစ်။**

ရှိသည့် လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်မည်ဆိုပါက ပြည်ပမှတင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းများကိုသာမက မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တိရစ္ဆာန်အစာများလည်း လုံလောက်စွာရှိပြီးဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့်မွေးမြူ၍ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့ရောင်းချနိုင်ပါက ပြည်ပဝင်ငွေများ ရရှိမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများမှ အသားထုတ်လုပ်မှုလုပ်ငန်းနှင့် ထွက်ရှိသည့်သားရေများဖြင့် သားရေထည်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း၊ နေပြည်တော်နယ်မြေအတွင်း မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ကြစေလိုကြောင်း။

မြေပေါ်သယံဇာတဖြစ်သည့် သစ်တောထွက်ပစ္စည်းများကိုလည်း အကျိုးရှိစွာအသုံးချရန်လိုကြောင်း၊ အဆိုပါသယံဇာတပစ္စည်းများမှ ဝင်ငွေများစွာရရှိနိုင်ကြောင်း၊ ဝါးနှင့်ပတ်သက်၍လည်း အချို့နိုင်ငံများတွင် ဝါးကိုနည်းပညာများအသုံးပြု၍ တန်ဖိုးမြှင့်လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ပြီး ကုန်ထုတ်လုပ်မှုများကိုဆောင်ရွက်ကြကြောင်း၊ ရှိပြီးသားဖြစ်သည့် ဝါးတောများကို ထိန်းသိမ်းကြရန်လိုပြီး ထပ်မံတိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း၊ ဝါးနှင့်သစ်များ စိုက်ပျိုးရန်အတွက်လည်း မြေများကိုလည်း သတ်မှတ်ချက်များနှင့်အညီခွင့်ပြုပေးသွားမည်ဖြစ်ပြီး လုပ်ငန်းများအမှန်တကယ်ဆောင်ရွက်ရန်လိုကြောင်း။

**အဓိကသွင်းအားစုများ လုံလောက်မှုရှိစေရေး ဝိုင်းဝန်းကြိုးပမ်း**

စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရန်အတွက် သွင်းအားစုများဖြစ်သည့် ကုန်ကြမ်း၊ ရေ၊ လျှပ်စစ်ဓာတ်အား၊ စက်မောင်းဆီ၊ ပိုးသတ်ဆေးများနှင့် မြေသြဇာများလိုအပ်ကြောင်း၊ အချို့သောသွင်းအားစုများကို ပြည်ပမှဝယ်ယူရခြင်းဖြစ်ကြောင်း၊ ပြည်တွင်း၌ ဓာတ်မြေသြဇာများ လုံလောက်စွာရရှိရေးအတွက် နိုင်ငံတော်မှကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ သဘာဝမြေသြဇာများကိုလည်း သုံးစွဲကြရန်လိုကြောင်း၊ စက်ရုံအလုပ်ရုံများလည်ပတ်ရန်အတွက် လျှပ်စစ်ဓာတ်အားများ ရရှိရေးအတွက် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်မှလည်း လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးအတွက် ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ရေအသုံးပြုရာတွင် အဟောသိကံမဖြစ်စေဘဲ အကျိုးရှိစွာဖြင့် အသုံးပြုကြစေလိုကြောင်း၊ တစ်ကိုယ်ရည်အသုံးပြုမှုကိုသာမက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၌ အသုံးပြုရာတွင်လည်း အကျိုးရှိစွာအသုံးပြုရန်လိုကြောင်း၊ ရေနှင့်မြေကို အကျိုးရှိစွာအသုံးပြုမည်ဆိုပါက အောင်မြင်မှုများမလွဲမသွေရရှိစေမည်ဖြစ်ကြောင်း။

ရင်းနှီးမြှုပ်နှံငွေနှင့်ပတ်သက်၍ ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခဲ့သည့် နိုင်ငံ့စီးပွားပြန်လည်မြှင့်တင်ရေးအတွက် ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးခဲ့သကဲ့သို့ လုပ်ငန်းရှင်များကိုယ်တိုင်အနေဖြင့်လည်း လုပ်ငန်းများအောင်မြင်မှုရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ နိုင်ငံတော်သို့ပြန်လည်ပေးဆပ်ရန်ရှိသည့် ချေးငွေများကိုလည်း ပြန်လည်ပေးဆပ်ကြရန်လိုကြောင်း၊ ကိုဗစ်-၁၉ ချေးငွေများကိုလည်း ပြန်လည်ပေးဆပ်ရမည့်ကာလကို သတ်မှတ်ကာလတစ်ခုအထိ တိုးမြှင့်သတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံငွေများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးကဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုပြီး နိုင်ငံအတွင်း ငွေကြေးလည်ပတ်မှုအားကောင်းရန်လိုကြောင်း။

**နိုင်ငံ့အနာဂတ်ဖြစ်သည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေး အစိုးရနှင့် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းအားပေးရမည်**

လူသားအရင်းအမြစ်လိုအပ်ချက်နှင့်ပတ်သက်၍ အခြေခံလူသားအရင်းအမြစ်များလိုအပ်သကဲ့သို့နည်းပညာကျွမ်းကျင်သည့် လူသားအရင်းအမြစ်များလည်း လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာရေးအားနည်းသည်ကို သန်းခေါင်စာရင်းများအရသိရှိရကြောင်း၊ ထို့ကြောင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးရှိ ခရိုင်များအားလုံးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများ ဖွင့်လှစ်ပေးသွားရန်ဆောင်ရွက်လျက်ရှိကြောင်း၊

နေပြည်တော်တွင်လည်း Naypyitaw State Academy ကို မကြာမီဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ သားသမီးများအပါအဝင် နေပြည်တော်ရှိ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်နိုင်ရန်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ယခင်နှစ်က စာသင်ကျောင်းများကို ဖွင့်လှစ်ခဲ့သော်လည်း ကျောင်းတက်ရောက်မှုရာခိုင်နှုန်းနည်းပါးခဲ့ကြောင်း၊ ပညာသင်ကြားရေးနှင့်ပတ်သက်၍ အားလုံးကဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေရေးအတွက် သက်ဆိုင်ရာလုပ်ငန်းရပ်များအလိုက် လုပ်ငန်းခွင်သင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးကြစေလိုကြောင်း၊ နေပြည်တော်နယ်မြေအတွင်း ပုဂ္ဂလိကပညာရေးကျောင်းများကိုလည်းဖွင့်လှစ်ရန်အတွက် ခွင့်ပြုပေးထားပြီး ပညာရေးမြို့တော်ဖြစ်စေရေး အားလုံးဝိုင်းဝန်းအားပေးဆောင်ရွက်ကြရန်လိုကြောင်း။

နေပြည်တော်နယ်မြေအတွင်း ခရီးသွားလုပ်ငန်းများနှင့်ပတ်သက်၍ လည်ပတ်ရန်နေရာများစွာရှိကြောင်း၊ နောင်တွင်ဟိုတယ်လုပ်ငန်းများ များစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ခရီးသွားများကိုသယ်ယူပို့ဆောင်ရေးနှင့် ဒေသထွက်လက်ဆောင်များ ရောင်းချခြင်းများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုကြောင်း၊ အီလက်ထရောနစ်ပစ္စည်းထုတ်လုပ်မှုနှင့်ပတ်သက်၍လည်း အားပေးဆောင်ရွက်ကြရန်နှင့်လိုအပ်သည်များကိုလည်း နိုင်ငံတော်အနေဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအမံများရှိပြီးဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများအရေအတွက်ပမာဏများစွာထုတ်လုပ်နိုင်မှသာ ကုန်သွယ်မှုလုပ်ငန်းများကိုဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဒေသမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့်စက်မှုကုန်ထုတ်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

■ ■ ■